အခန်း(၁,၀၀၉) - ဆင်ပေါက်လေး၏ နှာမောင်း တစ်ချက် အတွေ့

ငြိမ်သက်သမုဒ္ဒရာ၏ အထက် ကောင်းကင်ယံတွင် ကျီးကန်းနတ်ဘုရား ပုံရိပ်နှင့် နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်တို့သည် အကြိမ်ကြိမ် အခါခါ တိုက်ခိုက်နေကြသည်။

ငြိမ်သက် သမုဒ္ဒရာ တစ်ခုလုံးတွင် မိုးခြိမ်းသံများ ဆူညံပွက်လော ရိုက်နေကြ၏။

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

ကျီးကန်းနတ်ဘုရား ပုံရိပ်က ရှောင်မို၏ အသွင်ပြောင်းလဲမှု ဖြစ်စဉ်ကို မရပ်တန့်သေးပေ။ ထို့ကြောင့် ရှောင်မို၏ တိုက်ခိုက်ရေး အဆင့်က အင်ပါယာ ရွှေဖြူရောင်အဆင့်သို့ ဝင်ရောက်လာခဲ့ပြီး ဆက်လက် မြင့်တက်နေဆဲ ပင် ။

သို့သော်လည်း ယဇ်ပလ္လင် အထက်ရှိ စုံထောက်မျက်လုံး၏ (၉၅) ရာခိုင်နှုန်းကို အနက်ရောင် အညိုများက ဖုံးအုပ်လာသည်။ မကြာခင် အပြည့်အဝ ညစ်ညမ်း သွားတော့မည်။

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

ထုံးစံအတိုင်း ကျီးကန်းနတ်ဘုရားကလည်း ဒါကို သတိထားမိသည့်အတွက် ထိတ်လန့်နေ၏။

ထိုနေရာနှင့် ကီလိုမီတာ အနည်းငယ်ဝေးသော နေရာတွင် လင်းဟွမ်နှင့် ရန်လင်းတို့က တိုက်ပွဲကို ကြည့်ရင်း စကားစမြည် ပြောဆိုနေကြစဉ် စစ်မြေပြင်၌ တစ်ခုခု ဖြစ်ပျက်လာသည်ကို ခံစားလိုက်ရသည် ။

အမှောင်ထဲတွင် အနီရောင် လေဆာရောင်ခြည် ထိုးလိုက်သကဲ့သို့ ကျီးကန်းနတ်ဘုရား ပုံရိပ်၏

မျက်လုံး (၁၀၈) လုံးက ကြောက်စရာ ကောင်းလောက်အောင် နီရဲ တောက်ပလာသည်။

ထိုအချိန်၌ နတ်ဘုရားတစ်ပိုင်း ဆယ်ယောက် လုံးသည် သူတို့အပေါ် ကျိန်စာမိသွားသကဲ့သို့ ရပ်တန့် သွားကြသည်။

အနက်ရောင် အမျှင်ကို လေထဲသို့ ပစ်လွှတ်လိုက်လျှင် ရှည်လျားသော ကြာပွတ်အဖြစ် ပြောင်းလဲသွားသည်။ မျက်စိ တစ်မှိတ်အတွင်းမှာပင် နတ်ဘုရားတစ်ပိုင်း တစ်ယောက်၏ ညာဘက် လက်မောင်းကို ထိမှန်ကာ ကြွက်သားများ

ပြတ်တောက် သွားပြီး ဒဏ်ရာမှ သွေးများ စီးကျလာ၏။

နောက်ထပ် အခိုက်အတန့်တွင် အနက်ရောင် အမျှင်က ပြတ်ကျသွားသော လေးကိုင်ထားသည့် လက်မောင်းကို တိုက်ပွဲထဲမှ ဆွဲယူသွားသည်။ ထို့နောက် လေးကို အပြည့်အဝ ညစ်ညမ်းလုနီးပါး ဖြစ်နေသော မျက်လုံးပေါ်သို့ ဖိချလိုက်သည်။

လေးက အနက်ရောင် အညှိုကို ထိလိုက်သည်နှင့် စေးကပ်နေသော အညှိုများသည် အသက်ရှိနေ သကဲ့သို့ လေးထံ ပြေးဝင်သွားကြသည်။

မျက်လုံးကို ဖုံးအုပ်ထားသော အနက်ရောင် အညိုများက ဖြည်းဖြည်းခြင်း မှေးမှိန်သွားသည်။

နောက်ပိုင်းတွင် ရာနှင့်ချီသော အနက်ရောင် အမျှင်များက ကျီးကန်း နတ်ဘုရားပုံရိပ် အဖြစ် ဖွဲ့စည်းထားသော အနက်ရောင် မြူခိုးများထဲမှ အရူးအမူး ထိုးထွက်လာသည်။ ထို့နောက် မလှုပ်ရှားနိုင်သည့် နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်ထံ တိုးဝင်သွား၏။

အမျှင်များက နတ်ဘုရား တစ်ပိုင်းများ၏ ခန္ဓာကိုယ်ထဲ ထိုးဖောက် ဝင်ရောက်တော့မည်ကို

သတိထားမိလျှင် ရန်လင်းက သူ့လက်နှစ်ဖက်ကို ရုတ်တရက် မြှောက်တင်ပြီး လက်ဆယ်ချောင်းလုံးကို လှုပ်ရှားလိုက်သည်။

မလှုပ်ရှားနိုင်သော နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်သည် ရုတ်တရက် ပြန်လည် ကောင်းမွန်သွားသည်။ နတ်ဘုရား စွမ်းအားများကို သူတို့၏ နတ်ဘုရား ဓါတ်ကြွင်းထဲ ထည့်သွင်းပြီး အနက်ရောင် အမျှင်များကို ရိုက်ထုတ်လိုက်ကြသည်။

လေထဲတွင် ရွှေရောင် အလင်းတစ်ခု ဖြတ်ခနဲ လက်သွား၏။ ဖြတ်ခနဲ လက်သွားသော ရွှေရောင်

အလင်းရောင်က လေကို ရစ်ပတ်ထားသော အနက်အမျှင်အား ထိုးဖောက်သွားကြသည်။

ထိုတိုက်ခိုက်မှုကြောင့် အနက်ရောင် အမျှင်သည် အပိုင်းအစ အနည်းငယ် ကွဲထွက်သွား၏။

ပုံရိပ်တစ်ခုက ကောင်းကင်ကို ဖြတ်သန်း၍ လျှင်မြန်စွာ ပျံသန်းသွားသည်။ သူက လက်ကိုဆန့်ထုတ်ပြီး မီတာ တစ်ရာခန့်ဝေးသော နေရာမှ လေးကို ဖမ်းယူလိုက်သည်။

သူ၏ လက်ကိုဆန့်ကာ မီတာရာနှင့်ချီအကွာမှ လေးကိုကောက်ကိုင်လိုက်သည်။ သူသည်

အစောပိုင်းက လက်မောင်း ပြတ်ကျသွားသော နတ်ဘုရားတစ်ပိုင်း ဖြစ်သည်။

ထိုအချိန်၌ (၉၅) ရာခိုင်နှုန်း ညစ်ညမ်းနေသော မျက်လုံးက (၈၀) ရာခိုင်နှုန်းသာ ညစ်ညမ်းတော့သည်။

အစောပိုင်းက လှုပ်ရှားခဲ့သော ကျီးကန်းနတ်ဘုရားပုံရိပ်၏ လုပ်ဆောင်ချက်သည် မျက်လုံး၏ ညစ်ညမ်းမှုကို လုံးဝ မဖယ်ရှား နိုင်သော်လည်း အချိန်အတန်ကြာ ဆွဲဆန့်နိုင်ခဲ့ပေသည်။

စက္ကန့် အနည်းငယ် ကြာပြီး နောက်ဆုံး၌ ရှောင်မိုး၏ တိုက်ခိုက်ရေး အဆင့်သည် အင်ပါယာ

ရွှေခရမ်းရောင် အဆင့်သို့ ရောက်ရှိလာသည်။ ကျီးကန်းနတ်ဘုရား၏ အခွံအဖြစ် အရည်အချင်း ပြည့်မီသည့် ပဏာမအဆင့်သို့ ရောက်ရှိသွားခဲ့ပြီ။

ကျီးကန်း နတ်ဘုရားပုံရိပ်က ရှောင်မို၏ ခန္ဓာကိုယ်ထဲသို့ နတ်ဘုရားစွမ်းအားများ စတင် ထည့်သွင်းလိုက်သည်။ ထို့ကြောင့် သူ၏ တိုက်ခိုက်ရေး အစွမ်း၊ ခန္ဓာကိုယ် ဖွဲ့စည်းပုံနှင့် စိတ်ဝိညာဉ်စွမ်းအားတို့က မြင့်တက်လာခဲ့သည်။

ကျီးကန်း နတ်ဘုရားအတွက် အရည်အချင်း ပြည့်မီသော အခွံတစ်ခုသည် ဖြစ်လာစေရန်

ထို့အခွံ၏ တိုက်ခိုက်ရေးအဆင့်က အနိမ့်ဆုံး အင်ပါယာ ရွှေခရမ်းရောင် အဆင့်တွင် ရှိနေရမည်။

ထိုအခွံကို နတ်ဘုရား စွမ်းအားနှင့် ခန္ဓာကိုယ် ဖွဲ့စည်းပုံ၊ စိတ်ဝိညာဉ်တို့ကို စေ့စေ့စပ်စပ် သေသေချာချာ အသွင် ပြောင်းသည်နှင့်အမျှ ထိုအခွံက အချိန်ကြာကြာ အသုံးပြု၍ ရနိုင်လေ ဖြစ်သည်။

နတ်ဘုရား စွမ်းအားနှင့် ပြီးပြည့်စုံအောင် အသွင် ပြောင်းထားသော အခွံတစ်ခုသည် အနည်းဆုံး အနှစ် (၁၀၀) ကျော်ကြာအောင် တည်တံ့နေနိုင်၏။

ကျီးကန်းနတ်ဘုရား၏ နတ်ဘုရား စွမ်းအားသည် ရှောင်မိုး၏ ခန္ဓာကိုယ်ထဲသို့ အကြိမ်ကြိမ် အခါခါ ထိုးဖောက် ဝင်ရောက်နေသည်။ ဒါသည် ခန္ဓာကိုယ် အသွင်ပြောင်းလဲခြင်း၏ အစ ပင် ။ သူ၏ ခန္ဓာကိုယ်ရှိ ဆဲလ်တိုင်းသည် နတ်ဘုရားစွမ်းအား ဖြတ်သန်းသွားရာ နေရာ တစ်လျှောက်တွင် လျင်မြန်စွာ ဖျက်ဆီးခြင်း ခံနေရသည်။

နတ်ဘုရားစွမ်းအားက ပြန်လည် ပြုပြင်ခြင်းကို လုပ်ဆောင်ပေးသည်။ ဤကဲ့သို့ အဖြစ်အပျက်က အကြိမ်ကြိမ်အခါခါ သံသရာ လည်နေပြီး သူ၏

ခန္ဓာကိုယ်ထဲရှိ ဆဲလ်တိုင်းကို အကြိမ်ကြိမ် အခါခါ သန့်စင်ကာ ပိုမို သန်မာလာစေသည်။

သို့သော်လည်း အသွင် ပြောင်းလဲခြင်း ဖြစ်စဉ်အတွင်းတွင် ရှောင်မိုသည် ယခင်ကထက် အဆပေါင်း ဆယ်ဆခန့် ပိုမိုပြင်းထန်သော နာကျင်မှုကို ခံစားနေရသည်။

ငြိမ်သက် သမုဒ္ဒရာထဲတွင် ဆူနာမီ လှိုင်းလုံးများကဲ့သို့ လှိုင်းလုံးများက တဝုန်းဝုန်း မြည်အောင် တိုက်ခတ်သော်လည်း လင်းဟွမ်က

ရှောင်မိုး၏ တုန်လှုပ်ခြောက်ခြားစရာ အော်သံကို အတိုင်းသား ကြားနေရ၏။

ထို့နောက် လင်းဟွမ်သည် အနည်းငယ် မျက်မှောင်ကြုတ်သွားပြီး ရှောင်မိုးကို လှမ်းကြည့်ကာ ကူညီရမလား ဆိုသည်ကို တွေဝေနေသည်။

လက်ရှိ အခြေအနေအရ ကျီးကန်းနတ်ဘုရား ပုံရိပ်သည် ရှောင်မိုး၏ အသွင်ပြောင်းလဲမှုကို အဆုံးသတ်နိုင်ရန် ကြိုးစားနေချိန် ဖြစ်သည်။ အသွင်ကူးပြောင်းခြင်း ဖြစ်စဉ် ပြီးဆုံးသွားနှင့်

တပြိုင်နက် ရှောင်မိုက ကျီးကန်းနတ်ဘုရား၏ အခွံအဖြစ် ပြောင်းလဲသွားမည်။

ထိုအချိန်၌ ကျီးကန်းနတ်ဘုရား ပုံရိပ်သည် သူ၏တည်ရှိမှုကို ထိန်းသိမ်းရန် စုံထောက်မျက်လုံးကို အသုံးပြုရန် မလိုအပ်တော့ချေ။ မျက်လုံးညစ်ညမ်းသွားလျှင်ပင် သူ့အတွက် ဘာမှ မဖြစ်တော့ပေ။

ထို့ကြောင့် လင်းဟွမ်က ရှောင်မိုကို ကူညီလိုက်ပါက ကျီးကန်းဘုရား နတ်ဘုရားက

သူ့အား ကျိန်းသေပေါက် တိုက်ခိုက်လာမည်ကို ကောင်းကောင်း သိနေသည်။

လင်းဟွမ်သည် သူ၏ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်များကို အလွန်ယုံကြည်မှု ရှိသော်လည်း အတုယောင် နတ်ဘုရားနှင့် ယှဉ်နိုင်သော အစစ်အမှန် နတ်ဘုရား စိတ်ဆန္ဒကို တွန်းလှန်နိုင်မည်ဟု ယုံကြည်ချက် မရှိပေ။

လင်းဟွမ် တုံ့ဆိုင်းနေသော စက္ကန့်အနည်းငယ် အတွင်းမှာပင် ယဇ်ပလ္လင် အထက်ရှိ စုံထောက် မျက်လုံး၏ ညစ်ညမ်းမှုက (၉၀) ရာခိုင်နှုန်း

ကျော်သွားခဲ့ပြီ ။ လုံးဝ ပျ က်စီးသွားရန် ဆယ်စက္ကန့်သာ ကြာမြင့်တော့မည်။

ထိုအချိန်၌ တိုက်ပွဲက နောက်တစ်ကြိမ် ပြန်ဖြစ်လာသည် ။

ကောင်းကင်ပေါ်တွင် ဥက္ကာခဲ ကြွေကျလာသကဲ့သို့ ရွှေရောင် အလင်းတန်းတစ်ခု ကျဆင်းလာ၏။ ထိုအရာက လေးကိုင်ထားသော နတ်ဘုရားတစ်ပိုင်း ရုပ်သေးနောက်သို့ လိုက်ပါသွားသည်။

ကျီးကန်း နတ်ဘုရားသည် သူ့ဘက်မှ အကူအညီရပြီဟု သိလိုက်သည်။ ယခုအခါ

နတ်ဘုရား တစ်ပိုင်းဆယ်ယောက်ကို ပိုများသော အနက်ရောင် အမျှင်များနှင့် တိုက်ခိုက်နေပြီး နတ်ဘုရား တစ်ပိုင်းများက သူ့အား ပြန်လည် တိုက်ခိုက်နိုင်ခြင်း မရှိတော့ချေ။

မကြာခင် ရွှေရောင် အလင်းတန်းသည် မီးတန်း တစ်ခုအလား ရောက်ရှိလာပြီး လက်ထဲတွင် တိုက်ပွဲလေးကို ကိုင်ဆောင်ထားသော နတ်ဘုရားတစ်ပိုင်းထံ တိုးဝင်သွား၏။

ထိပ်တိုက် တွေ့ဆုံပြီးနောက် ရွှေရောင်အလင်းတန်းက ရပ်တန့်သွားသောအခါ

လင်းဟွမ်သည် တိုက်ပွဲထဲ ပါဝင်လာသူကို မြင်လိုက်ရသည်။ ခရမ်းရောင် ကျီးကန်း ခေါင်းဆောင် ရန်ပိုင် ဖြစ်နေသည်။

သူက သူ၏ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် တိုက်ခိုက်ရေး အစွမ်းနှင့် လေးကိုင်ဆောင်ထားသော နတ်ဘုရား တစ်ပိုင်းကို တိုက်ခိုက်လိုက်ခြင်းပင်။

နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်ကလေး ခြမ်းပုံသဏ္ဌာန် လေးနှင့် သူ့မျက်ခုံး

နှစ်ဖက်ကြားထဲ ချိန်ရွယ်ပြီး ခါးကို ပိတ်ဆို့လိုက်သည်။

နတ်ဘုရား ခါတ်ကြွင်း အချင်းချင်း ထိပ်တိုက် တွေ့ဆုံသွားသောအခါ လေထဲတွင် ရွှေရောင်အလင်းများ ပေါက်ကွဲလာသည်။

အစပိုင်းတွင် ရွှေရောင် အလင်းက လက်မအရွယ်မျှသာ ဖြစ်သော်လည်း နောက်ပိုင်းတွင် သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် လျင်မြန်စွာ ကြီးထွားလာခဲ့သည်။ သွေးရောင် အနည်းငယ် သမ်းနေသော ရွှေရောင်အလင်းများက နေလုံးကြီး

ပေါက်ကွဲသကဲ့သို့ အရပ်မျက်နှာ အသီးသီးကို အသက်ရှူချိန် အနည်းငယ် အတွင်းမှာ ဖြာထွက်လာသည်။

ထိုအရာက လူတိုင်း၏ အာရုံကို ဖမ်းစားသွားပြန်သည် ။

အခြား နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်များက သူ့တို့လူကို ကူညီချင်သော်လည်း အနက်ရောင် အမျှင်များက တားဆီးထား၏။

ကောင်းကင်ပေါ်တွင် ပေါက်ဖွားလာသော ရွှေရောင်နေကဲ့သို့ အလုံးကြီးက ပေါက်ကွဲသွားသည်။

ရွှေရောင် အလင်းတန်းများကြားတွင် ပုံရိပ် တစ်ခု လွင့်ထွက်လာသည်။ သို့သော်လည်း အခြားပုံရိပ်တစ်ခုက ဖြာထွက်လာသော ရွှေရောင်အလင်းများကို ဖြတ်ကျော်ပြီး လွင့်ထွက်သွားသော ပုံရိပ်နောက်သို့ လိုက်ပါသွား၏။

ရန်လင်းကို ကြည့်ရသည်မှာ အလွန် အလေးအနက်ထား နေပုံရသည်။ သူ၏ ရုပ်သေးရုပ်သည် ရန်ပိုင်ထက် အဖက်ဖက်မှ အားနည်းခြင်း မရှိပေ။

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

သို့သော်လည်း ရန်ပိုင်သည် ဓါးသမားဖြစ်ပြီး ဓါးသမား ဆိုသည်မှာ အနီးကပ် တိုက်ပွဲတွင် အကောင်းဆုံး ဖြစ်သည် ။ ထိုအချိန်တွင် တိုက်ခိုက် ခံနေရသော နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်မှာ အသက်ရှင်စဉ် အချိန်က မြားသမား ဖြစ်ခဲ့ဟန်တူသည်။ သူသည် အဝေးရောက် တိုက်ခိုက်မှုတွင် အကောင်းဆုံး ဖြစ်နေသည်။ အနီးကပ် တိုက်ပွဲတွင် သူ၏စွမ်းရည်ကို အပြည့်အဝ ထုတ် မသုံးနိုင်ချေ။

ထိုအတောအတွင်း အခြားသော နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်များက ကျီးကန်းနတ်ဘုရား၏ ဟန့်တားမှုကြောင့် မကူညီနိုင်ဖြစ်နေကြသည် ။

လင်းဟွမ်သည် ခါးချက်များကို အသည်းအသန် ရှောင်တိမ်း နေရသည့် နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်ကို ကြည့်ရင်း အနည်းငယ် မျက်မှောင် ကြုတ်သွားသည်။

ရန်ပိုင်က ခါးကို လွှဲ၍ခုတ်ချရန် လုပ်လိုက်စဉ် သူတို့ နှစ်ယောက်ကြား၌ ပုံရိပ်တစ်ခု ရုတ်တရက်

ပေါ်လာသည်။ အရှည် နှစ်မီတာပင် မပြည့်သော ဆင်ပေါက်လေး တစ်ကောင် ဖြစ်သည်။

တိုက်ပွဲထဲသို့ မည်သည့်နေရာမှ ကျူးကျော်ဝင်ရောက်လာမှန်းမသိ ဝင်ရောက်လာသော မွန်းစတား တစ်ကောင်ကို မြင်လိုက်ရလျှင် လူတိုင်း အံ့ဩသွားကြသည်။ ရန်ပိုင်၏ လှုပ်ရှားနေမှုများပင် ရပ်တန့်သွား၏။ သို့သော်လည်း မကြာခင် သူ့အမူအရာက အေးစက်သွားပြီး သူ့ရှေ့မှ ဆင်ပေါက်လေးကို ခုတ်သတ်ရန် ခါးကို လွှဲလိုက်သည်။

ဆင်ပေါက်လေးက ၎င်း၏ နှာမောင်းကို ကြာပွတ်ကဲ့သို့ မွေ့ရမ်းကာ ရွှေရောင်ခါးသွားနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

နောက်ဆက်တွဲ အဖြစ်အပျက်ကြောင့် လူတိုင်း အံ့အော တုန်လှုပ်သွားကြသည်။

ရန်ပိုင် လက်ထဲရှိ နတ်ဘုရားတစ်ပိုင်း ခါးဓာတ်ကြွင်းထဲကို မဖျက်ဆီးနိုင်သော အင်အားတစ်ခုက ထိုးဖောက် ဝင်ရောက်လာသည်။ ခါးကိုင်ထားသော သူ့ ညာလက်မောင်းက အရိုးများ ကျိုးသွားသည်။ သိပ်မကြာခင် ပြင်းထန်သော

စွမ်းအား၏ ရိုက်ခတ်မှုကြောင့် ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ အဝေးသို့ လွင့်ထွက်သွား၏။ အသက်ရှူချိန် တစ်ကြိမ် အတွင်းမှာပင် ကီလိုမီတာ ထောင်ပေါင်းများစွာသို့ လွင့်ထွက်သွားပြီး ငြိမ်သက် သမုဒ္ဒရာထဲ ပြုတ်ကျသွားသည်။

ဆင်ပေါက်လေးက နတ်ဘုရား ဓါတ်ကြွင်းကို နှာမောင်းဖြင့် ရစ်ပတ်ပြီး ယူလိုက်ကာ ကီလိုမီတာ အနည်းငယ်ဝေးသော နေရာသို့ ပြန်ဆုတ်သွား၏။ ဆင်ပေါက်လေးက မတ်တပ်ရပ်နေဆဲ ဖြစ်ပြီး

ခေါင်းခါနေသေးသည်။ ဆင်နှာမောင်းပေါ်၌ ပြတ်ရှရာပင် မရှိခဲ့ချေ။

အခန်း(၁,၀၁၀) - ပုံရိပ် ပြိုကွဲခြင်း

ဖျက်ဆီးခြင်း နတ်ဘုရား အမ္မေးရှည်ဆင်၏ ရုတ်တရုတ် ပေါ်ထွက်လာမှုက လူတိုင်း၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့သည် ။ ပို၍ တုန်လှုပ်သွားစေသည့် အချက်မှာ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် တန်ခိုးရှင်ကို လွင့်ထွက်သွားအောင် တိုက်ခိုက်ခဲ့သော ဤ ဆင်ပေါက်လေး၏ တိုက်ခိုက်ရေးအဆင့်က အင်ပါယာ ရွှေခရမ်းရောင် အဆင့်သာ ရှိသေးသောကြောင့် ပင်။

ထို့အပြင် နတ်ဘုရား ဓါတ်ကြွင်းနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့သော်လည်း ဒဏ်ရာရခြင်း လုံးဝ မရှိခဲ့ပေ ။

ရန်လင်းမှ လွဲ၍ ကျန်သည့်လူများက တိုက်ခိုက်ရေး ဝိညာဉ်တစ်ခုသာ ဖြစ်ကြောင်း မပြောနိုင်ကြချေ ။

လူအများ၏ အာရုံက ရန်လင်းထံ ရောက်သွား၏။ ဤဆင့်ခေါ် မွန်းစတားကို ရန်လင်း စေလွှတ်လိုက်သည်ဟု သူတို့က ထင်နေကြခြင်းသာ....။

ခရမ်းရောင် ကျီးကန်းနတ်ဘုရား ပုံရိပ်ပင် ခေတ္တမျှ ကြောင်သွား၏။ ထို့နောက် လင်းဟွမ်ရှိရာသို့ လှည့်ကြည့်လိုက်သည်။ သတ်ဖြတ်ချင်သည့် ဆန္ဒက မျက်လုံးထဲ ပြည့်နှက်လာသည်။ ဤကိစ္စ၏ လက်သည် တရားခံမှာ လင်းဟွမ်ဖြစ်ကြောင်း သူ သိနေသည်။

အကြောင်းမူ ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည်ဆင်ကို အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက အနိမ့်အမြင့် ဒိုင်မေးရှင်းထဲက ထုတ်ပေးလိုက်သောကြောင့် ပင်။ လင်းဟွမ်

ပုန်းနေသော ဒိုင်မေးရှင်းထဲမှ ထွက်လာသောကြောင့် လက်သည်တရားခံမှာ သူသာ ဖြစ်ကြောင်း ထင်ရှားနေသည် ။

သို့သော်လည်း ကျီးကန်းနတ်ဘုရား ပုံရိပ်သည် လင်းဟွမ်ကို ဒေါသတကြီး စိုက်ကြည့်ရုံသာ ကြည့်ခဲ့ပြီး သူ၏အမျှင်များက လေးကိုင်ထားသော နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ် နောက်သို့ လိုက်ပါသွားခဲ့သည် ။

ထိုအချိန်တွင် ယဇ်ပလ္လင် အထက်ရှိ စုံထောက်မျက်လုံးက (၉၀) ရာခိုင်နှုန်း

ညစ်ညမ်းနေပြီး ရှောင်မိုး၏ အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကလည်း မပြီးဆုံးသေးပေ။

ကျီးကန်း နတ်ဘုရားသည် (၁၀) စက္ကန့်သာ ဆက်လက် တည်ရှိနိုင်တော့သည်။ သူ၏ လက်ကျန် အချိန်က လုံးဝ ကျပ်နေသောကြောင့် လင်းဟွမ်ကို ကိုင်တွယ်ရန် အချိန် မရှိခဲ့ပေ။

လင်းဟွမ်ကလည်း ရန်လင်းအတွက် အချိန်ဆွဲပေးပြီး ဤကဲ့သို့ စွန့်စားကာ တိုက်ခိုက်ပေးရဲသည့် အကြောင်းအရင်းမှာ

ကျီးကန်းနတ်ဘုရား ပုံရိပ်က သူ့ဆီလာရန် အချိန်မရှိကြောင်း သိနေသောကြောင့် ပင် ။

သူက အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို တစ်ချက် ကြည့်လိုက်ရာ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက ကျီးကန်းနတ်ဘုရား ပုံရိပ်လိုက်ပါသွားသော လေးကိုင်ထားသည့် နတ်ဘုရား တစ်ပိုင်းနောက်သို့ လိုက်ပါသွားသည်။

နောက်ထပ် တစ်စက္ကန့်၌ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုနှင့် ဖျက်ဆီးခြင်း နတ်ဘုရား

အမ္မေးရှည်ဆင်တို့သည် တစ်ပြိုင်နက် နီးပါး ပျောက်ကွယ်သွား၏။

ဖျက်ဆီးခြင်းနတ်ဘုရား အမ္မေးရှည်ဆင် နောက်တစ်ကြိမ် ပြန်ပေါ်လာသောအခါ နတ်ဘုရားတစ်ပိုင်း အတွက် ချက်ချင်း ပိတ်ဆို့လိုက်ပြီး အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက လင်းဟွမ် ပခုံးပေါ် နောက်တစ်ကြိမ် ပြန်ရောက်လာသည်။

ယခု တစ်ကြိမ်တွင်မူ ကျီးကန်း နတ်ဘုရား ပုံရိပ်က နတ်ဘုရားရုပ်တု၏ ခံစစ်ကို ချိုးဖျက်နိုင်စွမ်း

မရှိကြောင်း သိနေသောကြောင့် တိုက်ခိုက်ရန် သတ္တိရှိခဲ့ခြင်း ပင်....

ထို့အပြင် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်က အတုအယောင် နတ်ဘုရားအဆင့် တန်ခိုးရှင်ကို အမှန်တကယ် ထိပ်တိုက် ရင်ဆိုင်နိုင်စွမ်း ရှိ၊ မရှိကို သူ သိချင်နေသည်။ အစောပိုင်းက နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ကိုင်းထားသော ရန်ပိုင်ကလည်း အတုယောင် နတ်ဘုရားထက် အားမနည်းသော စွမ်းရည် ရှိ၏။

အတုယောင် နတ်ဘုရားများတွင်လည်း အဆင့်များ ကွဲပြားသည်။

ကျီးကန်းနတ်ဘုရား ပုံရိပ်သည် ရန်ပိုင်ထက် ပို၍ အစွမ်းထက်သည်မှာ သေချာသည်။ ထိုကဲ့သို့ မဟုတ်ပါက နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့် ရုပ်သေး (၁၀) ကောင်ကို တစ်ပြိုင်နက်တည်း ဖိနှိပ်ထားနိုင်ရန် မဖြစ်နိုင်ပေ။

ကျီးကန်း နတ်ဘုရား၏ အမျှင်များက ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်ထံ ရောက်လာသောအခါ ဖျက်ဆီးခြင်း နတ်ဘုရား

အမွှေးရှည်ဆင်သည် ရန်သူကို လျှော့တွက်ရဲခြင်း မရှိဘဲ လေထဲသို့ ခြေထောက် မြှောက်ပြီး ဆောင့်နင်းလိုက်၏။

မမြင်ရသော စွမ်းအား နယ်ပယ်တစ်ခု ဖြစ်ပေါ်လာပြီး လှိုင်းလုံးများ ပျံ့နှံ့လာသည်။ ရလဒ်အနေဖြင့် ထိုလှိုင်းလုံး ဖြတ်သန်းသွားရာ နေရာတိုင်းရှိ အရာအားလုံး ပျက်စီးသွားပြီး ဖုန်အတိ ဖြစ်သွားသည်။

ငြိမ်သက် သမုဒ္ဒရာ၏ ကီလိုမီတာ အနည်းငယ် အတွင်းတွင် လှိုင်းတဝုန်းဝုန်း ထန်သွားသည်။

ရောမပန်းကန်လုံး ပုံစံရှိသော လှိုင်းဂယက်ကြီး တစ်ခု ဖြစ်ပေါ်လာပြီး အချင်းဝက်က အဆက်မပြတ် ကြီးထွားလာသည်။

မျက်စိ တစ်မှိတ်အတွင်းမှာပင် မမြင်ရသော စွမ်းအား နယ်ပယ်နှင့် မြားတစ်စင်းကဲ့သို့ ပစ်လွှတ်လိုက်သော အနက်ရောင် အမျှင် (၁၀) ခုကျော်တို့သည် ထိပ်တိုက် တွေ့ဆုံသွားကြ၏။ အမျှင်များက အလွန် လျင်မြန်သော အရှိန်နှင့် ဖြိုခွဲခြင်း ခံလိုက်ရသည်။

တစ်ချိန်တည်းမှာပင် မမြင်ရသော စွမ်းအား နယ်ပယ်တွင်လည်း အနက်ရောင် အက်ကွဲကြောင်းများ ပေါ်လာ၏။

လင်းဟွမ်သည် ထိုမြင်ကွင်းကို ကြည့်ရင်း အံ့အောသင့်နေသည်။

“ မဆိုးဘူး.. နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်က အတုယောင်နတ်ဘုရား အဆင့် (၂) တန်ခိုးရှင်ထက် နည်းနည်းလေး ပို အစွမ်းထက်တာပဲ။ အခုလက်ရှိ အခြေအနေက အတုယောင်နတ်ဘုရား အဆင့်(၃) နီးပါးလောက်

ရှိမယ်၊ ကလေးလေးပဲ ရှိသေးတာတောင် ဒီလိုလုပ်နိုင်တာကိုက တော်တော်လေး အထင်ကြီးစရာကောင်းနေပြီ. ”

လင်းဟွမ်၏ နားထဲတွင် ကျောက်ပြား၏အသံက ရုတ်တရက် ပေါ်လာသည်။

“ အတုယောင် နတ်ဘုရား အဆင့်(၃)နား ကပ်နေပြီ ဟုတ်လား.. ဒါဆိုရင် ကျီးကန်းနတ်ဘုရား ပုံရိပ်ကရော ဘာလဲ.. သူ့အဆင့်က ဘယ်လောက်လဲ.. နတ်ဘုရား ဓါတ်ကြွင်းတွေ

ကိုင်ထားတဲ့ နတ်ဘုရားတစ်ပိုင်း ရုပ်သေးတွေကရော ……”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“ ကျီးကန်းနတ်ဘုရား ပုံရိပ်က အတုယောင်နတ်ဘုရား အဆင့်(၃).. ၊ ဒီနတ်ဘုရားတစ်ပိုင်း ရုပ်သေးတွေနဲ့ယှဉ်ရင် အတုယောင် နတ်ဘုရား အဆင့် (၁) လောက် ကွာတယ်… ”

ကျောက်ပြားက ချက်ချင်း ပြန်ဖြေသည်။

“ ဒါဆိုရင် သူတို့က အဆင့် တစ်ခုစာလောက် ကွာနေတာပေါ့ ။ သဘောတရား အရဆို ကျီးကန်းနတ်ဘုရား ပုံရိပ်က ဒီနတ်ဘုရား တစ်ပိုင်း ရုပ်သေးရုပ် (၁၀) ကောင်ကို အလွယ်တကူ ဖိနှိပ်နိုင်သင့်တာ မဟုတ်ဘူးလား..... ”

လင်းဟွမ်သည် နားမလည်နိုင် ဖြစ်နေ၏။

“ ကျီးကန်း နတ်ဘုရားက သူ့အခွံနဲ့ မပေါင်းစပ်ရသေးရင် သူ့စိတ်ဆန္ဒက ဘုံတွေအများကြီးကို ဖြတ်ကျော်လာရလို့ သူ့ရဲ့စွမ်းရည်ကို အပြည့်အဝ ထုတ် မသုံးနိုင်သေးတာပဲ ။ မျက်လုံးတစ်ရာ

ကျီးကန်းနက်က ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု ကျွမ်းကျင်တဲ့ မွန်းစတား မဟုတ်တာလည်း ပါတာပေါ့။ “

“ အဆင့်တူ ပရိတို့စ်တွေ ထဲမှာတော့ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ရေး နည်းစနစ် နိမ့်ကျတယ်လို့ သတ်မှတ်လို့ ရတယ်။ နတ်ဘုရားတစ်ပိုင်း တွေဆီမှာ သူတို့ကို အကာအကွယ်ပေးနေတဲ့ နတ်ဘုရား ဓါတ်ကြွင်းတွေ ရှိနေတယ်။ ဒါကလည်း ကျီးကန်း နတ်ဘုရားအတွက် ကန့်သတ်ချက်တစ်ခု ပဲ ။

ဒါကြောင့် သူ့စွမ်းရည်ရဲ့ (၂၀) ရာခိုင်နှုန်း၊ (၃၀) ရာခိုင်နှုန်းလောက်ပဲ ထိရောက်မှု ရှိနေတာ”

ကျောက်ပြားက တိတိကျကျ ရှင်းပြလိုက်သည်။

“ ငါ သဘောပေါက်ပြီ..”

လင်းဟွမ်သည် ကျီးကန်းနတ်ဘုရား ပုံရိပ်က အားနည်းနေခြင်း မဟုတ်ဘဲ သူ့စွမ်းရည်က ကန့်သတ်ခြင်း ခံနေရကြောင်း သဘောပေါက်သွား၏။

“ အခုလက်ရှိ အခြေအနေကို သုံးသပ်ကြည့်ရမယ်ဆို ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည်ဆင်က သူ့ အကန့်အသတ်ထိ ရောက်အောင် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတယ်။ ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည်ဆင်ကတော့ အဝေးရောက် တိုက်ခိုက်မှုမှာ အားကောင်းပြီးတော့ ခုခံကာကွယ်နိုင် စွမ်းက ကျီးကန်းနတ်ဘုရား ပုံရိပ်ထက် အားနည်းတာမျိုး မရှိသလို တကယ်လို့ ကျီးကန်းနတ်ဘုရား ပုံရိပ်နဲ့ ထိပ်တိုက် တိုက်ခိုက်မယ်ဆိုရင်လည်း အသာစီး ရနိုင်စရာ မရှိဘူး..”

ကျောက်ပြားက ပြုံးပြီး ပြောလိုက်သည်။

“ ငါ့ရဲ့ တိုက်ခိုက်ရေး ဝိညာဉ်တွေက နတ်ဘုရားတစ်ပိုင်း အထွတ်အဆင့် အဆင့်တွေထက် နည်းနည်းလေး ပို အစွမ်းထက်ပြီး အတုယောင် နတ်ဘုရားတွေနဲ့ လက်ရည်တူ ရုံလောက်ပဲ ယှဉ်နိုင်မယ်လို့ ငါ အမြဲတမ်း ထင်နေခဲ့တာ”

လင်းဟွမ်သည် သူက နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်များ၏ အစွမ်းကို လျှော့တွက်ခဲ့မိကြောင်း သိလိုက်၏။

“ ဘယ်လို ဖြစ်နိုင်မှာလဲ။ မင်းရဲ့ တိုက်ခိုက်ရေး ဝိညာဉ်တွေ အားလုံးက အစစ်အမှန် ဝိညာဉ်အဆင့် မွန်းစတားတွေလေ...။ အဆင့်ချင်း တကယ် ယှဉ်ကြေးဆို သူတို့က ဒဏ္ဍာရီအဆင့်ထက်တောင် သာလွန်နေသေး....။”

“ ဒဏ္ဍာရီအဆင့် မွန်းစတား တစ်ကောင်တောင် သူ့ရဲ့တိုက်ခိုက်ရေး အဆင့်က အင်ပါယာ ရွှေခရမ်းရောင်အဆင့်မှာပဲ ရှိနေရင် သူ့ရဲ့ တိုက်ခိုက်နိုင်စွမ်းက အတုယောင် နတ်ဘုရား

အဆင့်(၁)နဲ့ ယှဉ်နိုင်တယ်၊ ဒီအထက် အဆင့်မြင့်တဲ့ အဆင့်ဆိုရင် ပြောနေစရာတောင် မလိုတော့ဘူး...”

ကျောက်ပြားက နောက်ထပ်အမြင်ကို ထုတ်ပြောလိုက်သည်။

“ ဒါက ဒဏ္ဍာရီမွန်းစတား တစ်ကောင်အတွက် ကြီးမားတဲ့ အပိုင်းအခြားကြီးပဲ.. သူတို့က အဲ့ဒီအဆင့်ကို ရောက်တာနဲ့ အဆုံးစွန်ဆုံး သန္ဓေပြောင်း ဂန္ဓဝင်အဆင့်နဲ့ နှိုင်းယှဉ်နိုင်တယ်.. သူတို့စွမ်းရည်က ဆတိုးကိန်းနဲ့ တိုးလာတာ။

ဒါကြောင့် အဲ့ဒီနှစ်ခုကြားမှာ နှိုင်းယှဉ်စရာကို မလိုတာ.. ”

လင်းဟွမ်နှင့် ကျောက်ပြားတို့ စကားကောင်းနေစဉ် တိုက်ပွဲက ယခင်ကထက် ပိုမိုပြင်းထန် လာ၏။ ကျီးကန်းနတ်ဘုရား ပုံရိပ်သည် ဖျက်ဆီးခြင်း နတ်ဘုရား အမ္မေးရှည်ဆင်၏ တိုက်ခိုက်မှုကို ကျော်လွှားပြီး လေးရှည် ကိုင်ထားသော နတ်ဘုရားတစ်ပိုင်းကို တိုက်ရိုက် တိုက်ခိုက်လိုက်သည်။ သို့သော်လည်း ဖျက်ဆီးခြင်း နတ်ဘုရား အမ္မေးရှည်ဆင်က လုံးဝ

နောက်မဆုတ်ပေ။ အမျှင်များ ဆန့်ထွက်လာသည်နှင့် တစ်ပြိုင်နက် သူကလည်း ကျီးကန်းနတ်ဘုရားကို တားဆီးလိုက်သည်။

ယခုအခါ ကျီးကန်းနတ်ဘုရား ပုံရိပ်သည် တော်တော်လေး ဒေါသ ထွက်နေသည်။

နောက်ဆုံး၌ စုံထောက်မျက်လုံးက အပြည့်အဝ ညစ်ညမ်းတော့မည်ကို မြင်လျှင် မနေနိုင်တော့ဘဲ ဝှက်ဖဲကို နောက်တစ်ကြိမ် ထုတ်သုံးလိုက်ရသည်။

မျက်လုံး (၁၀၈) လုံးက ကြက်သွေးရောင် အလင်းကို ပစ်လွှတ်လိုက်သည်။ ဖျက်ဆီးခြင်း

နတ်ဘုရား အမ္မေးရှည်ဆင်နှင့် နတ်ဘုရားတစ်ပိုင်းတို့သည် ထိုနေရာမှာပင် ချက်ချင်းတောင့်တင်းသွားပြီး လုံးဝ မလှုပ်ရှားနိုင်ကြတော့ပေ။

သက်ရောက်မှု မရှိသည့်လူများမှာ အနိမ့်အမြင့် ဒိုင်မေးရှင်းထဲမှ စောင့်ကြည့်နေသော လင်းဟွမ်နှင့် ဘေးဘက်က ရပ်ကြည့်နေသော ရန်လင်းတို့ ဖြစ်သည်။

“ ဒီတိုက်ခိုက်မှုက သူ့ကို တော်တော်လေး အားကုန်စေမှာပဲ..”

လင်းဟွမ်က မနေနိုင်ဘဲ မှတ်ချက်ပေးလိုက်သည်။

“ ဒါက သူ့ရဲ့ အစွမ်းထက်တဲ့ စွမ်းရည်တစ်ခုပဲလေ.. ပုံရိပ်အနေအထားမှာ သုံးလို့ရတဲ့ ကန့်သတ် စွမ်းရည်တွေထဲက တစ်ခုပေါ့။ ဒါပေမယ့် ပုံရိပ်ပုံစံနဲ့ဆို အများဆုံး သုံးကြိမ်ပဲ အသုံးပြုလို့ရတာ ။ သုံးပြီးတာနဲ့ ပုံရိပ်တစ်ခုလုံး ပြိုကျသွားလိမ့်မယ်”

ကျောက်ပြားက ရှင်းပြလိုက်သည်။

“ သုံးကြိမ်ပဲလား.. အော် သူ ခဏ ခဏ မသုံးတာ မဆန်းတော့ပါဘူး..”

ကျီးကန်း နတ်ဘုရားသည် သူ၏ပြုံးဘက်များ တောင့်တင်းသွားသည်ကို မြင်လျှင် ရန်လင်းနှင့် လင်းဟွမ်တို့ကို လှည့်ကြည့်ဖို့ပင် စိတ်မဝင်စားခဲ့ချေ။ အမျှင်များကို ဆန့်ထုတ်ပြီး လေးရှည်ကိုင်ထားသော နတ်ဘုရားတစ်ပိုင်းထံမှ လေးကို နောက်တစ်ကြိမ် ဆွဲယူလိုက်၏။

အမျှင်များက လေးကို မယူနိုင်ခင် ရန်လင်းက နတ်ဘုရားတစ်ပိုင်း ရုပ်သေးကို လျင်မြန်စွာ

ထိန်းချုပ်လိုက်သည်။ ကျီးကန်းနတ်ဘုရား ပုံရိပ်အချိန်ဆွဲနိုင်ရန် စုံထောက်မျက်လုံးပေါ်မှ နတ်ဆိုးကျိန်စာအား ဖယ်ရှားနိုင်မည့် အခွင့်အရေး မပေးချင်တော့ပေ။

သို့သော်လည်း ထိုအချိန်တွင် လင်းဟွမ်က အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို နောက်တစ်ကြိမ် အချက်ပြလိုက်သည်။

နောက်ထပ် တစ်စက္ကန့်တွင် ကြောင်ဖြူလေး ပျောက်ကွယ်သွားပြီး မျက်လုံး ဘေးနားတွင် ပြန်ပေါ်လာသည်။ ကြောင်ဖြူလေးက

အနက်ရောင်အမျှင် သွားရာ လမ်းကြောင်းကို လှမ်းကြည့်ပြီး လေထဲ ကုတ်ချလိုက်သည်။ နောက်ထပ် အခိုက်အတန့်၌ လေးကို ယူလာသော အမျှင် စုတ်ပြဲသွား၏။

လေထဲတွင် အဖြူရောင် အလင်းတစ်ချက် ဖျတ်ခနဲ လက်သွားပြီး ယခုအခါ၌ လေးသည် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ရှိနေသော လင်းဟွမ် လက်ထဲ ရောက်နေသည်။ ကြောင်ဖြူလေးကလည်း လင်းဟွမ် ပခုံးပေါ် နောက်တစ်ကြိမ် ပြန်ရောက်နေသည်။

ကျီးကန်နတ်ဘုရား ပုံရိပ်သည် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ရှိနေသော လင်းဟွမ်ကို လှမ်းကြည့် လိုက်၏။ ဒေါသထွက်လွန်း၍ သူ့မျက်လုံးများမှ သွေးများ စီးကျနေသည်။

သို့သော်လည်း သူ့မျက်လုံးများက လင်းဟွမ် ရှိသည့်နေရာကို တစ်ချက်သာကြည့်ခဲ့ပြီး နှစ်ခါပြန် တွေးတောခြင်းမရှိဘဲ အကြည့်လွဲ သွားသည်။ သူ့ခန္ဓာကိုယ်က မြူခိုးများအဖြစ် ပြောင်းလဲသွားပြီး အသွင် ကူးပြောင်းနေသော ရှောင်မိုး၏ ပါးစပ်နှင့်နှာခေါင်းထဲ တိုးဝင်သွားသည်။

ထိုစဉ် လက်မ အရွယ်ခန့်ရှိသော စုံထောက် မျက်လုံးက လုံးဝ ညစ်ညမ်းသွား၏။ မျက်လုံးတစ်ခုလုံး ပျက်စီးသွားရန် (၃) စက္ကန့်ပင် မလိုတော့ချေ။

ထိုအချိန်၌ ရှောင်မိုး၏နောက်တွင် နောက်ထပ် ပုံရိပ်တစ်ခု ပေါ်လာသည်။ ထိုပုံရိပ်သည် ရွှေရောင် တံဆိပ်တစ်ခုကို ကိုင်ပြီး ရှောင်မိုး၏ ခေါင်း အနောက်ဘက်ကို ဖိလိုက်သည်။

ဤတစ်ကြိမ် လုပ်ဆောင်သူမှာ နတ်ဘုရားကောင်းချီး အဖွဲ့ခေါင်းဆောင် ဖိန်းလီ ဖြစ်သည်။

ရွှေရောင်တံဆိပ်က ရှောင်မိုး၏ နောက်စေ့ကို ထိလိုက်သည်နှင့် တပြိုင်နက် ရွှေရောင်အလင်း ဖြာထွက်လာပြီး ခေါင်းထဲ ထိုးဖောက်ဝင်ရောက်သွားသည်။

နောက်ထပ် တစ်စက္ကန့်၌ ဒေါသတကြီး အော်ဟစ်လိုက်သော အသံက လေထဲတွင် ပေါ်လာသည်။

အစိတ်အပိုင်းတစ်ခုက ရှောင်မို၏ ခန္ဓာကိုယ်ထဲ ဝင်ရောက် သွားပြီးနောက် နတ်ဘုရားကျီးကန်း ပုံရိပ်၏ လှုပ်ရှားမှုက ရပ်တန့်သွား၏။ မျက်လုံး (၁၀၈)လုံးက သတ်ဖြတ်ချင်သော စိတ်နှင့် ဖိန်းလီကို လှည့်ကြည့်လိုက်သည်။

“ မင်းက သေပန်း ပွင့်နေတာပဲ...”

စကား ပြောပြီးသည်နှင့် တပြိုင်နက် အနက်ရောင် အမျှင် (၁၀) ခုကျော်သည် ဖိန်းလီကို သတ်ဖြတ်ချင်သော ရည်ရွယ်ချက်ဖြင့် ပျံသန်း လာနေသည်။

သို့သော်လည်း ထိုအချိန်တွင် ဖိန်းလီက အကြံများစွာဖြင့် ပြုံးနေသေးသည်။

“ မင်းရဲ့အချိန်တွေ အဆုံးသတ် သွားပြီ ။ မင်းရဲ့ ကျီးကန်း ဝိညာဉ်တော်ကို ငါတို့က ကျေကျေနပ်နပ်ကြီး လက်ခံလိုက်မယ်..”

စကားပြောနေစဉ် သူ့ရှေ့၌ ကြီးမားသော ဒိုင်းကြီးတစ်ခု ပေါ်လာသည်။ ထိုအရာသည် ရွှေရောင်တောက်ပသော ဧရာမသတ္တုကြီးတစ်ခု အဖြစ် ပြောင်းလဲသွားပြီး အမျှင်များ၏ တိုက်ခိုက်မှုကို ကာကွယ်သွား၏။

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

ပထမအကြိမ် တိုက်ခိုက်မှု မအောင်မြင်သောအခါ ကျီးကန်း နတ်ဘုရားသည် ဒေါသတကြီး အော်ဟစ်ကာ နောက်တစ်ကြိမ် တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။ သို့သော်လည်း သူ့ခန္ဓာကိုယ်ကို ထိန်းသိမ်းနိုင်ခြင်း မရှိတော့ဘဲ မြူခိုးအဖြစ် စတင်ပြောင်းလဲလာသည်။

ကြက်သွေးရောင် မျက်လုံးများသည် တစ်လုံးပြီးတစ်လုံး မှိန်ကျသွားသည်။ မကြာခင် ကျိန်စာလုံးဝ ဖုံးလွှမ်းနေသော စုံထောက်မျက်လုံးထဲ ပြန်ဝင်သွားပြီး လုံးဝ ပျောက်ကွယ်သွား၏။

စုံထောက်မျက်လုံး လုံးဝ ညစ်ညမ်းသွားသည်နှင့် တပြိုင်နက် ကျီးကန်းနတ်ဘုရား၏ ကြက်သွေးရောင် မျက်လုံး (၁၀၈) လုံးလည်း လုံးဝ ပျောက်ကွယ်သွားသည်။ သူ့ခန္ဓာကိုယ်က မြူခိုးများအဖြစ် လျင်မြန်စွာ ပြောင်းလဲသွားပြီး သူ့အသံကသာ ပဲ့တင်သံထပ်ရင်း ကျန်နေရစ်ခဲ့သည်။

အခန်း(၁,၀၁၁) - အဆုံးသတ်

ကျီးကန်းနတ် ဘုရား ပုံရိပ် ပျောက်ကွယ်သွားသည့် အချိန်မှာပင် ဖိန်းလီက သူ့လက်ကို ရှောင်မိုး၏ပခုံးပေါ် ဖိချပြီး အဝေးသို့ ဖယ်ရှားပစ်ရန် ကြိုးစားလိုက်သည်။ သို့သော်လည်း ပုံရိပ်တစ်ခုက သူ့ထံ အလွန် လျင်မြန်သောအရှိန်နှင့် တိုးဝင်ရောက်လာသည်ကို ရုတ်တရက် အာရုံခံမိ လိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် သူ့ဘယ်ဘက် လက်မောင်းက ထုံကျဉ်သွားသလို ခံစားလိုက်ရသည်။ ငုံကြည့်လိုက်သောအခါ ဘယ်ဘက် လက်မောင်းသည် တံတောင်ဆစ်မှ ပြတ်ကျသွားပြီး သွေးများ ထွက်နေကြောင်း သိလိုက်ရ၏။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲက ကျီးကန်း ဝိညာဉ်တော်လည်း ပျောက်ကွယ်သွားသည်။ ဖိန်းလီသည် ခေတ္တမျှ အံ့အား သင့်သွားသော်လည်း မကြာခင် အသိစိတ် ပြန်ဝင်လာသည်။ တရားခံ မည်သူ ဆိုသည်ကို ချက်ချင်း သိလိုက်သည်။

“ လင်းရှီ... ”

လင်းရှီကို လိုက်ရှာရန် ကြိုးစားလိုက်စဉ် သူ့နယ်မြေပိုင်နက် အသိထဲတွင် တစ်ခုခုကို အာရုံခံလိုက်မိသည်။ သူ့အနောက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

“ ငါ့ကို ရှာနေတာလား... ”

လင်းဟွမ်သည် ဖိန်းလီ၏ အနောက် မီတာ (၂၀) အတွင်းတွင် ပေါ်လာသည်။

လင်းဟွမ် ပခုံးပေါ်တွင် ထိုင်နေခဲ့သော ကြောင်ဖြူလေးကလည်း ငြိမ်သက် သမုဒ္ဒရာ၏ အပေါ်တွင် ပျံဝဲနေ၏။

အစောပိုင်းက နတ်ဘုရားကျီးကန်း ပုံရိပ်နှင့် ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်ခဲ့သော ဆင်ပေါက်ကလေးကလည်း ဖိန်းလီ လက်ထဲမှ လုယူခဲ့သော ရှောင်မိုနှင့် အတူ ညာဘက်တွင် ပြန်ပေါ်လာသည်။

ထိုအခိုက်အတန့်၌ ရှောင်မိုက လေထဲ လွင့်မျောပြီး သတိမေ့နေသည်။ လင်းဟွမ်က သူ့ပခုံးကိုကိုင်ပြီး ဟန်ချက် ထိန်းလိုက်ရ၏။

“ လင်း ရှီ... ကျီးကန်း ဝိညာဉ်တော် ငါ့ဆီပေး...”

ဖိန်းလီက ချက်ချင်း မတိုက်ခိုက်ပေ။ အစောပိုင်းက သူ့လက်ကို ဖြတ်ခဲ့သော အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို အနည်းငယ် ကြောက်နေသည်။ ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည် ဆင်ကိုမူ မကြောက်ပေ။

အကြောင်းမူ အစောပိုင်းက ကျီးကန်းနတ်ဘုရား ပုံရိပ်နှင့် ထိပ်တိုက် တိုက်ခိုက်ခဲ့သည် တိုက်ပွဲကို သူ မမြင်ခဲ့သောကြောင့် ဤနတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်က အန္တရာယ်ရှိကြောင်း သူ မသိပေ။

“ ဆောရီးပဲ... ဒါ ငါ့အပိုင်... ”

လင်းဟွမ်က သူ့လက်ကို ဝှေ့ယမ်းပြီး ရှောင်မိုကို လင့်ကြောင်မြီးတို့၏ အနိမ့်အမြင့် ဒိုင်မေးရှင်းထဲ ပစ်ထည့်လိုက်၏။

“ ငါ့ဆီ ပေးလို့ ပြောနေတယ်။ ငါ့ကို ယုံလိုက်စမ်းပါ။ မင်း ငါတို့နဲ့ ပြဿနာ မတက်ချင်ပါနဲ့ကွာ... ”

ပြတ်သွားသော ဖိန်းလီ၏ လက်သည် သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် လျင်မြန်စွာ ပြန်လည် ကောင်းမွန်လာ၏။ သို့ရာတွင် ကျီးကန်းနတ်ဘုရား စုံထောက် မျက်လုံးကို ကြည့်ခဲ့၍ ပေါက်ကွဲခဲ့သော သူ့မျက်လုံးက ပြန်ကောင်းလာမည့် အရိပ်အယောင် မရှိပေ။ ရွှေရောင်

မျက်နှာဖုံးအောက်က သူ့မျက်လုံး နေရာတွင် အခေါင်းပေါက်ဖြစ်ပြီး သွေးများ စီးကျနေသည်။

“ ဘာလဲ.... မင်းက မင်းအဖွဲ့အစည်းရဲ့ နာမည်ကိုတောင် မပြောရဲဘူးလား... ”

လင်းဟွမ်သည် သူ၏ ပြန်လည် မွေးဖွားနိုင်သော စွမ်းရည်နှင့် ပတ်သက်၍ လုံးဝ ဂရုမစိုက်ပေ။

“ နတ်ဘုရားကောင်းချီး အဖွဲ့ခွဲ(၃) လက်အောက်က ဌာနခွဲရဲ့ တပ်မှူး... မစ္စတာ ဖိန်းလီ...”

ရွှေရောင် မျက်နှာဖုံးအောက်က ဖိန်းလီသည် မျက်နှာ ချက်ချင်း ပျက်သွား၏။ လင်းဟွမ်က သူ့အထောက်အထားကို ဤမျှ တိကျစွာ ထုတ်ပြောလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ နတ်ဘုရားကောင်းချီးအဖွဲ့ နာမည်ကို ပြောရုံသာမက သူ့ရာထူးနှင့် နာမည်ကိုပင် တိတိကျကျ သိနေခဲ့သည်။

"မင်း သိတာ အရမ်းများသွားပြီ..."

ဖိန်းလီသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီး ပြန်လည် ကောင်းမွန်လာသော သူ့လက်မောင်းကို

တစ်ချက် ကြည့်ပြီးနောက် လင်းဟွမ်ကို မော့ကြည့်လိုက်၏။

နောက်ထပ် အခိုက်အတန့်တွင် အနက်ရောင် နတ်ဘုရားဓါတ်ကြွင်း လက်အိတ် ဝတ်ဆင်ထားသော သူ့လက်ချောင်းနှင့် လင်းဟွမ်ကို ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်သည်။ သူ့လက်ချောင်းထိပ်မှ အနက်ရောင် စွမ်းအားတစ်ခုကို ကျည်ဆံတစ်ခု အလား ပစ်လွှတ်လိုက်၏။ ထိုအရာသည် နတ်ဘုရားစွမ်းအား ပါဝင်သောကြောင့် ကျည်ဆံထက်ပင် (၁၀) ဆ ပို မြန်နေသေးသည်။

အသံထက်ပင် (၁၀) ဆ ပိုမြန်သော ဖျက်ဆီးခြင်းစွမ်းအားသည် လင်းဟွမ်ရှေ့သို့ မျက်စိတစ်မှိတ်အတွင်း ရောက်လာ၏။

ထိုအခိုက်အတန့်၌ လေထဲတွင် ရှိနေသော ဖျက်ဆီးခြင်းနတ်ဘုရား အမှေးရှည်ဆင်က လေထဲသို့ ဆောင့်နင်းလိုက်သည်။

မမြင်နိုင်သော စွမ်းအားတစ်ခု ဖြာထွက်လာပြီး ဖိန်းလီ ပစ်လွှတ်လိုက်သော စွမ်းအားကို ဖျက်ဆီးပစ်လိုက်သည်။ ငြိမ်သက်နေသော ငြိမ်သက်

သမုဒ္ဒရာထဲကို ဥက္ကာခဲတစ်ခု ပြုတ်ကျသွားသကဲ့သို့ လှိုင်းထန်၍ တဝုန်းဝုန်း မြည်သွား၏ ။

ရေထဲသို့ ကျရောက် သွားသောအခါ မိုးခြိမ်းသံထက် အဆပေါင်း ရာနှင့်ချီပြီး ပိုကျယ်သော အသံတစ်ခု ပေါက်ကွဲထွက်လာသည်။

သူ၏ အစမ်း တိုက်ခိုက်မှုက ချက်ချင်း ပျက်စီး သွားသောအခါ မျက်နှာဖုံးအောက်မှ ဖိန်းလီ၏ မျက်နှာ အမှုအရာသည် ပျက်ယွင်းသွား၏။ လင်းဟွမ်၏ စွမ်းရည်က သူ့မျှော်လင့်ချက်ထက် ကျော်လွန်နေခဲ့ပြီ။

ထိုအချိန်တွင် လင်းဟွမ်က တတိယမြောက် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေးဝိညာဉ် အိပ်မက်ဆိုး ကြုံသူတော်ကို ဆင့်ခေါ်ပြီး အမိန့်ပေးလိုက်သည်။

"ဒီကောင့်ကို မသတ်နဲ့ ဒီကောင့်မှတ်ဉာဏ်ကို ထုတ်ယူပြီးမှ ဘာလုပ်ရမလဲဆိုတာ စဉ်းစားမယ်"

ညွှန်ကြားချက် ထုတ်ပြန်လိုက်သည်နှင့် လင်းဟွမ် ပခုံးပေါ်မှ လင့်ကြောင်မြီးတိုသည် ပျောက်ကွယ်သွား၏။ ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည် ဆင်ကလည်း ချက်ချင်း လှုပ်ရှားကာ ဖိန်းလီကို ပြေးပြီး တိုက်ခိုက်လိုက်သည်။

အိပ်မက်ဆိုး ကြုံသူတော်က လင်းဟွမ် ဘေးတွင်ရှိနေပြီး ဖိန်းလီ ချည့်နဲ့သွားသည့်အချိန်တွင် တိုက်ပွဲကို ဆက်လက် တာဝန်ယူလိမ့်မည်။

ဖိန်းလီသည် နတ်ဘုရားတစ်ပိုင်း ဆိုသော်ငြားလည်း နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် ရှိနေ၏။

အိပ်မက်ဆိုး ကြုံသူတော်သည် ဖိန်းလီကို ရိုက်နှက်ပြီး အင်အား ချည့်နဲ့၍ မောပန်းသွားသည့် အခါမှသာ သူ့ဝိညာဉ်ကို ထိုးဖောက်၍ မှတ်ဉာဏ် ဖတ်နိုင်ပေလိမ့်မည်။

နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်နှစ်ခု၏ ပူးပေါင်း တိုက်ခိုက်မှုကြောင့် ဖိန်းလီသည် သူ့လက်ထဲတွင် နတ်ဘုရား ဓာတ်ကြွင်း မည်မျှများများ ရှိနေပါစေ ကိတ်မုန့်တစ်ခု စားသက့ဲသို့ အလွယ်တကူ ရှုံးနိမ့်သွား၏။ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်နှစ်ခု လက်ထဲက အရုပ်လေးတစ်ခု ဖြစ်လာခဲ့သည်။

ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည်ဆင်က နှာမောင်းလေးနှင့် ရိုက်လိုက်၊ အမြီးကိုးချောင်း လင့်စ်ကြောင်မီးတိုက လက်သည်းနှင့် ကုတ်ခြစ်လိုက်

ကစားနေကြပြီး အလွန် အင်မတန် ပျော်ရွှင်နေပုံရသည်။

(၃) မိနစ်ပင် မကြာလိုက်ချေ။ ဖိန်းလီ ခန္ဓာကိုယ်ထဲက ရှိရှိသမျှ နတ်ဘုရားစွမ်းအားများ လုံးဝ ကုန်ဆုံးသွား၏။ နတ်ဘုရားအဆင့် ချပ်ဝတ်တန်ဆာကိုပင် ဆင့်ခေါ်နိုင်စွမ်း မရှိတော့ချေ။

လင်းဟွမ်သည် ထိုအချက်ကို သတိထားမိပြီးနောက် ကစားနေသော နှစ်ကောင်ကို တားလိုက်ကာ အိပ်မက်ဆိုး ကြုံသူတော်ကို စေလွှတ်

လိုက်သည်။ အိပ်မက်ဆိုး ကြုံသူတော်က နှာမောင်းကို ဆန့်ထုတ်ပြီး ဖိန်းလီ၏ခေါင်းကို ဖိချလိုက်၏။

တောင့်ခံရန် ခွန်အားမရှိတော့သည့် ဖိန်းလီသည် အိပ်မက်နယ်မြေထဲ ဆွဲသွင်းခြင်း ခံလိုက်ရသည်။ တစ်မိနစ် မပြည့်သော အချိန်မှာပင် အိပ်မက်ဆိုး ကြုံသူတော်က သူ့ဦးနှောက်ထဲရှိ မှတ်ဉာဏ်များကို ထုတ်ယူလိုက်၏။ ထို့နောက် လင်းဟွမ်ကို ခေါင်းညိတ်ပြလိုက်သည်။

“ သတ်လိုက်... ”

လင်းဟွမ် ပြောလိုက်သည်နှင့် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုနှင့် ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည်ဆင် တို့က ချက်ချင်း လှုပ်ရှားကြသည်။

အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက လက်သည်း ဆန့်ထုတ်ပြီး ဖိန်းလီ၏ခေါင်းကို ရှိုခနဲ မြည်အောင် ဖြတ်ချလိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင် ဖျက်ဆီးခြင်း နတ်ဘုရား အမွှေးရှည်ဆင်က ဖိန်းလီကို ပြားကပ်သွားအောင် ဖိနင်းချလိုက်သည်။

ဖိန်းလီ သန့်စင်ထားသော နတ်ဘုရား ဓါတ်ကြွင်း အချို့ ပေါ်ထွက်လာသည်။ ထိုအရာများမှာ

အနက်ရောင် လက်အိတ်၊ ချပ်ဝတ်တန်ဆာ တစ်ခုနှင့် ဒိုင်းတစ်ခု ဖြစ်သည်။

လင်းဟွမ်က လက်တစ်ချက် ဝှေ့ယမ်းပြီး ပိုင်ရှင်မဲ့သွားသော နတ်ဘုရား ဓါတ်ကြွင်း (၃) ခုကို သိမ်းယူလိုက်၏။ ဖိန်းလီ လက်ချောင်းပေါ်မှ အင်ပါယာနှလုံးသား လက်စွပ်ကိုလည်း ချန်မထားခဲ့ပေ။

အဝေးမှ ရပ်ကြည့်နေသော ရန်လင်းက ဘာမှ မပြောပေ။ လင်းဟွမ် လက်ထဲမှ နတ်ဘုရားလေးကိုလည်း ပြန် မတောင်းခဲ့ပေ။

ထိုအစား ယဇ်ပုလ္လင်အရှေ့က ညစ်ညမ်းနေသော စုံထောက် မျက်လုံးရှေ့တွင် တိုက်ရိုက် ပေါ်လာ၏။

“ မင်း လူကိုယူ... ငါ မျက်လုံးယူမယ်... သဘောတူလား...”

“ ရတယ်လေ... ”

လင်းဟွမ်က ပခုံးတွန့်လိုက်သည်။

ခရမ်းရောင်ကျီးကန်း အဖွဲ့မှ လူများနှင့် နတ်ဘုရားကောင်းချီး အဖွဲ့မှလူများသည် ကီလိုမီတစ်ရာခန့် ဝေးသောနေရာတွင် တိုက်ခိုက်၍

ကောင်းနေဆဲ ပင် ။ အဓိက စစ်မြေပြင်တွင် တိုက်ပွဲက ပြီးဆုံးသွားပြီး လုယက်ပါ ပစ္စည်းများကိုပင် ခွဲဝေနေကြသည့် အကြောင်းကို သူတို့ သတိ မထားမိကြပေ။

ရန်လင်းက စုံထောက်မျက်လုံးကို ယူရန် လက်ကို ဆန့်တန်းလိုက်သောအခါ သမုဒ္ဒရာထဲက ပုံရိပ်တစ်ခု ပြေးထွက်လာသည်။

ထွက်ပေါ်လာသော ပုံရိပ်၏ လက်ထဲတွင် ရွှေရောင် ခါးတစ်ချောင်း ကိုင်ထားပြီး ရန်လင်းထံ ပြေးဝင်လာခြင်းပင်။

တစ်ချိန်တည်းမှာပင် ရန်လင်းရှေ့၌ ပုံရိပ်တစ်ခု ပေါ်လာပြီး ပြေးဝင်လာသော ပုံရိပ်ကို တိုက်ခိုက်လိုက်ကြသည်။ နှစ်မိနစ်၊ သုံးမိနစ် အတွင်းမှာပင် ခရမ်းရောင် ကျီးကန်း အဖွဲ့ခေါင်းဆောင် ရန်ပိုင်သည် နတ်ဘုရားတစ်ပိုင်း (၁၀) ယောက်၏ ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံရကာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

လင်းဟွမ်က နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်ကို လှည့်ကြည့်လိုက်သည့် အချိန်တွင် ရန်လင်းက စုံထောက် မျက်လုံးကို သိမ်းယူလိုက်၏။ ထို့နောက်

လင်းဟွမ်က လေသင်္ဘော စင်မြင့်ပေါ်တွင် ဖျတ်ခနဲ ပေါ်လာသည်။

ရန်လင်းရှေ့ရှိ နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်က လင်းဟွမ်ကို ကြည့်ပြီး ချက်ချင်း လမ်းပိတ်ထားလိုက်သည်။

“ ဖယ်ပေးလိုက်ပါ... ဒါ ငါ့သူငယ်ချင်း... ”

နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်များက ရန်လင်း အမိန့်ပေးသည့်အတိုင်း နာခံကြသည်။

“ အနာဂတ်မှာ ပစ္စည်းတွေ ဖွင့်ဖို့အတွက် ထောက်ခံပေးချင်တဲ့ လူတစ်ယောက်လောက် ရှိလား... ”

လင်းဟွမ်က ပြုံးပြီး မေးလိုက်သည်။

“ ကိုယ်ကျင့် တရားကောင်းပြီး အရည်အချင်းရှိတဲ့ မိန်းကလေး တစ်ယောက်တော့ ငါသိတယ်... သူမ ဖုန်းနံပါတ် မင်းဆီ ပို့ပေးလိုက်မယ်။ ငါ့ဆီကနေ ဖုန်းနံပါတ် ရတယ်လို့သာ ပြောလိုက်... ဒါပေမယ့် တခြားကမ္ဘာက သိုလှောင်ပစ္စည်းတွေ ဖွင့်ဖို့အတွက် ဆိုရင်တော့ သူ့ကိုမရှာနဲ့ ။ သူ မလုပ်နိုင်ဘူး... ”

ရန်လင်းက ပြုံးပြီး ပြောလိုက်သည်။

“ မင်းကို မဟာကမ္ဘာက ဖုန်းနံပါတ်တစ်ခု ပေးခဲ့မယ်... မဟာကမ္ဘာက ဆက်သွယ်ရေး ပစ္စည်းနဲ့ပဲ ငါ့ဆီ ဆက်သွယ်လို့ ရလိမ့်မယ်...”

“ မေးခွန်းတစ်ခု မေးလို့ရမလား”

လင်းဟွမ်က ရန်လင်း စကားကို နားထောင်ပြီးနောက် မနေနိုင်ဘဲ သံသယစကားကို ထုတ်မေးလိုက်၏။

“ မင်း ဟုန်ကျန်းအပေါ်မှာ တကယ် ခံစားချက် ရှိတာလား။ ဒါမှမဟုတ် သရုပ်ဆောင်ရုံပဲ လား... ”

“ တကယ် ရှိတယ်လို့ မင်း ယူဆနိုင်တယ်...”

ရန်လင်းက ခေတ္တမျှ တိတ်ဆိတ် သွားပြီးနောက် အဖြေ ပြန်ပေးလိုက်သည်။

“ သူ့ကို တကယ် ကြိုက်တာ... သူ ငါ့အပေါ်မှာ ခံစားချက် မရှိတာလည်း ငါသိတယ်...”

“ လူတစ်ယောက် မကောင်းကြောင်း နောက်ကွယ်မှာ ပြောနေသလိုတော့ ဖြစ်ပေမယ့်

ဟုန်ကျန်းက မင်း ထင်သလောက် မရိုးရှင်းဘူးနော်... သူနဲ့ အချိန်အကြာကြီး အတူတူနေဖို့ စိတ်ကူးရှိရင် သတိထားသင့်တယ်..."

လင်းဟွမ်သည် ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် မနေနိုင်ဘဲ ရန်လင်းကို သတိပေးလိုက်၏။

သို့သော်လည်း ထိုစကားကို ကြားသောအခါ ရန်လင်းက ပြုံးလိုက်ပြီး...

" သူမက တကယ်ရိုးတဲ့ အမျိုးသမီးပါ... မင်းတို့ ကောင်တွေက သူ့ရဲ့အပေါ်ယံကိုပဲ မြင်နေကြတာကိုး..."

လင်းဟွမ်သည် ရန်လင်း၏ တုံ့ပြန်စကားကို ကြားသောအခါ မျက်ခုံးပင့်သွားသည်။ သို့သော်လည်း ငြင်းခုံချင်စိတ် မရှိပေ။ သူတို့ နှစ်ယောက်သည် နေရာကူးပြောင်းခြင်း ဓာတ်ကြွင်း အသီးသီးကို ဆင့်ခေါ်ပြီး အထဲမဝင်ခင် ခဏတဖြုတ် စကားပြောနေခဲ့ကြသည်။

နောက်ဆုံး၌ ငြိမ်သက်ခြင်း သမုဒ္ဒရာ ပင်လယ်ရေ မျက်နှာပြင်အထက် မီတာတစ်ထောင် မြင့်သော နေရာတွင် ဧရာမ လေသင်္ဘောကြီးတစ်စင်းသာ ထီးထီးကြီး ကျန်ရစ်ခဲ့တော့၏။

အချိန်တော်တော် ကြာပြီးနောက် တည်ငြိမ်နေသော လေသဘော်အောက်က သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်တွင် မွန်းစတားတစ်ကောင်၏ ဦးခေါင်းက ရုတ်တရက် ပေါ်ထွက်လာပြီး လူနှစ်ယောက် ပျောက်ကွယ်သွားသော နေရာကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ဒီမွန်းစတားသည် ပင်လယ်မြေနှင့် တူသော လုသွမ်၏ နတ်ဘုရားတစ်ပိုင်း အဆင့် အင်ပါယာမွန်းစတား ဖြစ်သည် ။ ခန္ဓာကိုယ် တစ်ခုလုံးက ဓါးနှင့် မွန်းထားသကဲ့သို့ စုတ်ပြတ်

နေပြီး မျက်လုံးသူငယ်အိမ် (၄) ခုက သွေးများ စီးကျနေ၏ ။

ထို့နောက် လေသင်္ဘောဆီ ပျံသန်းသွားသည်။

ခဏအကြာ လုသွမ်သည် သူ့အင်ပါယာ မွန်းစတား၏ အသက်ရှင်နေသေးသော အော်ရာကို ခံစားမိပြီး လေသင်္ဘောတံခါးကို ဖွင့်လိုက်သည်။ ထို့နောက် လေထဲ ပျံသန်းသွားသည်။

“ အားလီ... မင်း အသက်ရှင်နေသေးတာလား... အရမ်း ကောင်းတယ်...”

လုသွမ် အလွန် စိတ်လှုပ်ရှားနေသည်။

ပြီးခဲ့သည့်အချိန်က သူ့တွင် အင်ပါယာမွန်းစတားလေးကောင် ရှိသည့်အနက် သုံးကောင်နှင့် အဆက်အသွယ် ပြတ်သွားခဲ့သည်။ အရင်ကတည်းက အဆက်အသွယ် ပြတ်သွားသော ပင်လယ်နတ်ဆိုးက ရုတ်တရက် ပြန်ပေါ်လာလိမ့်မည်ဟု သူ မထင်ထားခဲ့ချေ။

လုသွမ်က ပင်လယ်နတ်ဆိုး၏ ဦးခေါင်းကို စိတ်လှုပ်ရှားစွာ လှမ်းဖက်လိုက်သည်။

ထိုစဉ် ပင်လယ်နတ်ဆိုး၏ မျက်လုံးလေးလုံးက သွေးရောင် နောက်တစ်ကြိမ် လင်းသွားသည်။ သူ့ခန္ဓာကိုယ်ထဲမှ အနက်ရောင် မြူခိုးများ ထွက်လာပြီး လုသွမ်၏ မျက်လုံးနှင့် ပါးစပ်ပေါက်ထဲ တိတ်တဆိတ် ဝင်ရောက်သွား၏။

အသက်ရှူချိန် နှစ်ကြိမ်၊ သုံးကြိမ် အတွင်းမှာပင် လုသွမ်၏ မျက်လုံးများက အနီရောင်အလင်း ဖျတ်ခနဲ လက်သွားသည်။ မျက်နှာ အမူအရာက ကြမ်းတမ်းနေပြီး သူ့အရှေ့က ပင်လယ်နတ်ဆိုး မွန်းစတား၏ အလောင်းကို လွှတ်ချလိုက်သည်။

“ ငါ.... အရှင်က မင်းတို့နှစ်ယောက်ကို မှတ်ထားမယ်။ ငါ့ရဲ့ နတ်ဘုရားစွမ်းအားကို ဖြုန်းတီးပြီး ငါ့အခွံဖြစ်ဖို့ အလားအလာ မရှိတဲ့ အခွံ့ကို အတင်းကျပ် သုံးခိုင်းခဲ့တဲ့ကောင်တွေ မင်းတို့ကို ငါ မှတ်ထားမယ်.....”

အခန်း(၁,၀၁၂) - လုယက်ပါ ပစ္စည်းများကို ရေတွက်ခြင်း

လင်းဟွမ်သည် ဝမ်ပေါင်မြို့သို့ ပြန်ရောက်ပြီးနောက် ဟိုတယ်တစ်ခုတွင် အခန်းယူခဲ့သည်။

အခန်းထဲ ရောက်သောအခါ အမြီးကိုးချောင်း လင့်ကြောင်မြီးတို့၏ အနိမ့်အမြင့် ဒိုင်မေးရှင်းထဲက ရှောင်မိုကို ထုတ်ယူလိုက်၏။ သို့သော်လည်း ရှောင်မိုက သတိလစ်နေဆဲ ပင် ။ သူ့တိုက်ခိုက်ရေး

အဆင့်က အင်ပါယာ ရွှေခရမ်းရောင်အဆင့်နှင့် ဖြစ်သော်လည်း သူ့အော်ရာက နတ်ဘုရားတစ်ပိုင်း အဆင့်နှင့် အလွန် နီးကပ်နေ၏ ။ ကံကောင်းသည်မှာ သူ့အော်ရာ စိမ့်ထွက်မှုနေရာက သိပ်မကျယ်သဖြင့် မီတာ (၁၀၀) အတွင်းရှိ လူများကသာ အာရုံခံမိကြသည်။ ရလဒ်အနေဖြင့် ထိုအချက်ကြောင့် ရုတ်ရုတ်သဲသဲ မဖြစ်ခဲ့ပေ။

လင်းဟွမ်သည် ဆိုဖာပေါ်လဲနေသော ရှောင်မိုကို ကြည့်ရင်း အိပ်မက်ဆိုး ကြုံသူတော်ကို နောက်တစ်ကြိမ်ဆင့်ခေါ်ကာ ဖိန်းလီ၏ ခေါင်းထဲမှ

ရရှိခဲ့သည့် အချက်အလက်များကို သွေးရဲရဲလေးထံ လွှဲပြောင်း ခိုင်းလိုက်သည်။ ခဏအကြာ သွေးရဲရဲလေးက မှတ်ဉာဏ်များကို စီစစ်၍ ပြီးသွားသည့်အချိန်တွင် လင်းဟွမ်က မေးလိုက်သည်။

“ ရှောင်မိုက အသိစိတ် ရှိနေတုန်းပဲလား.. ဒါမှမဟုတ် ကျီးကန်းနတ်ဘုရားက အစားထိုးသွားပြီလား.. ”

“ ဖိန်းလီရဲ့ မှတ်ဉာဏ်ကို ကြည့်ရတာတော့ သူအသုံးပြုတဲ့ တံဆိပ်က ဒီလူငယ်လေးရဲ့ ဝိညာဉ်ကို ခေတ္တခဏ အချိန်တစ်ခုအထိပဲ ပိတ်ထားနိုင်မှာ။

ဝိညာဉ်ပိတ်လှောင်မှု အမျိုးအစား နတ်ဘုရား ဓါတ်ကြွင်းပဲ ။ ဒီဓါတ်ကြွင်းက တစ်ခါသုံးဆိုတော့ သူ့ရဲ့ စိတ်ဝိညာဉ်ကို အပြင်ဘက်ကနေ ပိတ်ဆို့ထားတာ ။ ဒါ့ကြောင့် ကျီးကန်း နတ်ဘုရား ပုံရိပ်က သူ့ခန္ဓာကိုယ်ကို အပြည့်အဝ မလွှမ်းမိုး နိုင်ခဲ့ဘူး။ ပြီးတော့ ကျီးကန်း နတ်ဘုရားရဲ့ အစွမ်းအစနဲ့ အချိန်တိုလေး အတွင်းမှာ မထိုးဖောက်နိုင်အောင် ထိန်းချုပ်ထားလို့ နောက်ဆုံးအချိန်မှာ ကျီးကန်းနတ်ဘုရားက အရမ်း ဒေါသထွက်သွားတာပေါ့.... ”

“ ဒါဆို ဘာလို့ သူ သတိလစ်နေ သေးတာလဲ..”

လင်းဟွမ်သည် တော်တော်လေး ခေါင်းရှုပ်သွားပြီး မေးလိုက်သည်။

“ ဖိန်းလီက ဖမ်းရ ပိုလွယ်အောင်ဆိုပြီး အလွှာကို နှစ်ထပ် အသက်သွင်းခဲ့လို့လေ ။ အပြင်က နတ်ဘုရားကျီးကန်း ပုံရိပ်ကို မဝင်နိုင်အောင် တားဆီးခဲ့တာတောင် မဟုတ်ဘူး ။ ဒီလူငယ်လေးရဲ့ အသိစိတ်ကိုလည်း ဝိညာဉ်နေရာထဲမှာ ပိတ်လှောင်ထားသေးတာ..”

သွေးရဲရဲလေးက ရှင်းပြလိုက်၏။

“ ဒီပိတ်လှောင်ခြင်း နတ်ဘုရား ဓါတ်ကြွင်းက အများဆုံး (၂၄) နာရီပဲ အလုပ် လုပ်တာဆိုတော့ တကယ်လို့သာ နောက်တစ်ကြိမ် အတိုက်ခိုက် မခံရဘူးဆိုရင် (၂၄) နာရီ ပြည့်တာနဲ့ အလိုလို ပွင့်လာလိမ့်မယ်။ ဒီ လူငယ်လေးလည်း အလိုလို ပြန်နိုးလာလိမ့်မယ်..”

ထိုအဖြေကို ကြားမှသာ လင်းဟွမ် စိတ်သက်သာရာ ရသွားသည်။ ကျီးကန်း နတ်ဘုရားက ရှောင်မိုအား တစ်ခုခု လုပ်လိုက်မည်ကို သူ စိုးရိမ်နေခဲ့သေးသည်။

“ ဖိန်းလီရဲ့ မှတ်ဉာဏ်ထဲမှာ အသုံးဝင်တာ တစ်ခုခု ရှိသေးလား.....။ ချန်းသွမ် အကြောင်းနဲ့ ပက်သက်ပြီးတော့ရော ဘာပါသေးလဲ....”

လင်းဟွမ်က နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

“ ချန်းသွမ် အကြောင်းနဲ့ ပတ်သက်ပြီးတော့ ဘာမှမရှိဘူး။ အကျဉ်းသားတွေ ဖမ်းတဲ့ အကြောင်းဆိုရင် ငါတို့က သူ့ထက်တောင် ပိုသိနေသေးတယ်။ အဲ့ဒီကိစ္စကို ဌာနခွဲ (၁) က လူတွေ လုပ်တာလို့ပဲ သူသိထားတာ..”

သွေးရဲရဲလေးက ပြောလိုက်သည်။

“ အသုံးဝင်တဲ့ အချက်အလက်တွေ အများကြီး မရှိဘူး။ အဖွဲ့ (၁)နဲ့ သက်ဆိုင်တဲ့ သတင်းတွေကို တမူထူးခြားတဲ့ အစီအရင်ကို သုံးပြီးတော့ ပိတ်ထားတယ်။ ဒီ နည်းစနစ်ကို ထည့်ခဲ့တဲ့လူက အနည်းဆုံး အတုယောင် နတ်ဘုရားအဆင့် ရှိလိမ့်မယ်.. အိပ်မက်ဆိုး ကြုံသူတော်တောင် မထိုးဖောက်နိုင်ဘူး ”

“ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီတစ်ခေါက် စစ်ဆင်ရေးက တော်တော်လေး ဗဟုသုတ ရလိုက်တာပဲ ”

“ ဖိန်းလီနဲ့ ကျန်တဲ့လူတွေက သူတို့ရဲ့ နတ်ဘုရားသခင်အတွက် ကျီးကန်းနတ်ဘုရားရဲ့ စုံထောက်မျက်လုံးကို လိုချင်နေကြတာ ။ နတ်ဘုရားကျီးကန်းရဲ့ ရွေးချယ်ခံဖြစ်တဲ့ လူကလည်း တမူထူးခြားမယ်လို့ ယူဆပြီး ဒီလူငယ်ကလည်း ဒုတိယပစ်မှတ် ဖြစ်လာနိုင်တယ် ။ သူက နတ်ဘုရားသခင်ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်လောင်း ဆိုတော့ ”

“ မျက်လုံးရဲ့ လုပ်ဆောင်ချက်ကို ငါ လေ့လာ ရသလောက်တော့ ယာယီ နေရာကူးပြောင်းဖို့ ပစ္စည်း

သက်သက် မဟုတ်ဘဲ ဆက်သွယ်ရေးပစ္စည်း တစ်ခုအနေနဲ့လည်း သုံးလို့ရလောက်မယ် ။ ဒီမျက်လုံးက ဘုံနယ်ပယ်တွေကို ကျော်ပြီးတော့ မဟာကမ္ဘာက လူတွေနဲ့ ဆက်သွယ်လို့ရသလို ဒီမျက်လုံးကြောင့် မဟာကမ္ဘာက တန်ခိုးရှင်တွေက သူတို့ရဲ့ စိတ်ဆန္ဒကို ထုတ်ဖော်ပြီး ဒီနေရာမှာ ခဏနေနိုင်တာပေါ့ “

“ သူတို့ စိတ်ဆန္ဒပုံရိပ်ရဲ့ တိုက်ခိုက်ရေး အဆင့်က ပိုမြင့်လေလေ ပိုပြီး စတေးရလေလေ ဆိုတော့ မျက်လုံး ဖွင့်ထားတဲ့အချိန်ကို ကြာကြာ

ထိန်းထားနိုင်ဖို့ လိုအပ်တာ။ ဒါ့ကြောင့်လည်း တန်ခိုးရှင် အများစုက သူတို့ပုံရိပ်ရဲ့ တိုက်ခိုက်ရေး အဆင့်ကို အတုယောင် နတ်ဘုရား အစပျိုးအဆင့် အတုယောင် နတ်ဘုရား အဆင့် (၁) နဲ့ အဆင့် (၂) ကြားမှာပဲ ထားလေ့ရှိတာပေါ့။”

“ အတုယောင် နတ်ဘုရား အဆင့် (၄) ဆိုရင် အတုယောင် နတ်ဘုရား အဆင့် (၃) ထက် အနည်းဆုံးဆယ်ဆ ပိုကုန်တယ်။ အတုယောင် နတ်ဘုရား အဆင့်မြင့်အဆင့် အဆင့် (၇) ကနေ အဆင့်(၉) အထိဆိုရင် အတုယောင်နတ်ဘုရား

အဆင့် (၆) မှာကုန်ဆုံးတဲ့ နှုန်းထက် ဆယ်ဆ ပိုကုန်တော့ စွမ်းအား ပိုလိုတယ် ”

“ သူတို့စိတ်ဆန္ဒရဲ့ ပုံရိပ်က မျက်လုံးထဲ ရောက်သွားတာနဲ့ တိုက်ခိုက်ရေးအဆင့် ပြောင်းလို့ မရတော့ဘူး။ တိုက်ခိုက်ရေးအဆင့် ပြောင်းလဲတာက စွမ်းအင်လှိုင်းတွေကို အနှောက်အယှက် ဖြစ်စေသလို လေဟာနယ် လှိုင်ခေါင်းကိုလည်း ပြိုကျစေနိုင်တယ်။ ဒါကြောင့် တစ်ယောက်ယောက်က သူတို့ရဲ့ စိတ်ဆန္ဒကို ပုံရိပ်အနေနဲ့ မျက်လုံးထဲ မထည့်ခင်

သူတို့ရဲ့ တိုက်ခိုက်ရေး အဆင့်ကို ချိန်ဆဖို့ လိုအပ်တာပေါ့.. ”

“ ငါ သဘောပေါက်ပြီ။ သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်ကနိမ့်တော့ ကျီးကန်း နတ်ဘုရားပုံရိပ်က အတုယောင် နတ်ဘုရား အဆင့်(၃)မှာပဲ ရှိလိမ့်မယ်လို့ ငါ ထင်နေတာ”

လင်းဟွမ်သည် ကျီးကန်းနတ် ဘုရားပုံရိပ်က သူ၏တိုက်ခိုက်ရေး အစွမ်း အစစ်အမှန်ကို ထုတ်ဖော်မပြသနိုင်သောကြောင့် အထပ်ထပ်အခါခါ ရိုက်နှက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိလိုက်ရ၏။

“ မျက်လုံးနဲ့ တည်ဆောက်ထားတဲ့ ယာယီဥ မင်လှိုဏ်ခေါင်းက သက်ရှိတွေကို ဟိုဘက်ဒီဘက် နှစ်ဖက် စလုံး သယ်ဆောင် နိုင်တယ်။ အရာဝတ္ထုပဲဖြစ်ဖြစ်၊ သက်ရှိပဲဖြစ်ဖြစ် စိတ်စွမ်းအင်လှိုင်းက ဒီလေဟာနယ် လှိုဏ်ခေါင်းရဲ့ ဝန် ကန့်သတ်ချက်ကို မကျော်သရွေ့ ပြဿနာ မရှိဘူး … ”

သွေးရဲရဲလေးက ဆက်ပြောလိုက်သည်။

“ တစ်နည်းပြောရရင် ရန်လင်းက တစ်ခြားကမ္ဘာတစ်ခုကို သွားဖို့ မျက်လုံးသုံးပြီး

လေဟာနယ် လှိုဏ်ခေါင်းတစ်ခု တည်ဆောက်ဖို့ လုပ်နေတာပဲ ”

“ ဒါဆိုရင် မျက်လုံးက နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းအနေနဲ့လည်း သုံးလို့ ရတာပေါ့..”

ထိုအကြောင်းကို ကြားသောအခါ လင်းဟွမ်၏ မျက်လုံးများ တောက်ပလာ၏ ။

သွေးရဲရဲလေးက အသုံးဝင်သော အချက်အလက်များကို အမျိုးအစား ခွဲခြား၍ လင်းဟွမ်ထံ တိုက်ရိုက် မျှဝေပေးလိုက်ခြင်းပင် ။

လင်းဟွမ်က သူ့ခေါင်းထဲရှိ မှတ်ဉာဏ်များကို အာရုံစိုက်ပြီး ရှာဖွေလိုက်သည်။

သွေးရဲရဲလေးနှင့် ခေတ္တမျှ ဆွေးနွေးပြီးနောက် နတ်ဘုရားကောင်းချီး အဖွဲ့နှင့် သက်ဆိုင်သည့် ကိစ္စကို ဘေးဖယ်ထားလိုက်သည်။

စိတ်စွမ်းအား အသုံးပြု၍ ရှောင်မိုကို သယ်ဆောင်ကာ အခန်းတစ်ခု ထဲတွင် ထည့်ထားလိုက်သည်။ ထို့နောက် ဧည့်ခန်းထဲ ပြန်လာပြီး ရလာခဲ့သော လုယက်ပါ ပစ္စည်းများကို ထုတ်ကြည့်လိုက်၏။

ပထမဦးဆုံး အနေနှင့် နတ်ဘုရား ခါတ်ကြွင်းဖြစ်သော အနက်ရောင် လက်အိတ်၊ ချပ်ဝတ်တန်ဆာ၊ ဒိုင်းနှင့် လေးတစ်ချောင်း ပေါ်လာသည်။ လေးသည် ရန်လင်းထံမှ အရှက်မဲ့စွာ ရယူခဲ့သော လေး ဖြစ်ပြီး ကျန်သည့်သုံးခုမှာ နတ်ဘုရားကောင်းချီးအဖွဲ့၏ အဖွဲ့ခွဲ(၃) တပ်မှူး ဖြစ်သော ဖိန်းလီထံမှ ရလာသည့် ပစ္စည်များ ပင် ။

သို့သော်လည်း လင်းဟွမ်သည် ရန်လင်း၏ လေးကို ယူရခြင်းက ထိုက်တန်သည်ဟု ထင်သည်။ အကယ်၍ သူသာ နှစ်ကြိမ်တိုင်တိုင် မကူညီခဲ့လျှင်

ရန်လင်းက မျက်လုံးကိုလည်း မရနိုင်သလို ဟုန်ကျန်းလည်း သေဆုံးသွားနိုင်သည်။ သူက အရေးကြီးသော အချိန်တွင် ကစားပွဲကို အလှည့်အပြောင်း လုပ်ပေးခဲ့သည့် လူ ဖြစ်နေသည်။

ရန်လင်းကလည်း သူ့ အကူအညီအတွက် ဆုချသည့် အနေနှင့် ဤနတ်ဘုရား ဓါတ်ကြွင်းကို ပေးခဲ့သည်မှာ အထင်အရှားပင်။ သူလိုချင်သော မျက်လုံးနှင့် နတ်ဘုရား ဓါတ်ကြွင်းကို လဲလှယ်ခဲ့ရသည့်အတွက် ရန်လင်း ဘက်ကလည်း ဆုံးရှုံးသည်ဟု မယူဆနိုင်ပေ။

လင်းဟွမ်သည် နတ်ဘုရား ခါတ်ကြွင်းလေးခုအပြင် ဖိန်းလီ၏ မျက်နှာပေါ်တွင် ဝတ်ဆင်ထားသော နတ်ဘုရားတစ်ပိုင်းအဆင့် ရှေ့ရောင် မျက်နှာဖုံးကိုလည်း ရရှိခဲ့သေးသည်။

မျက်နှာဖုံးကို ဝတ်ကြည့်လိုက်သောအခါ သူ့အော်ရာကို အပြည့်အဝ တားဆီးထားနိုင်ပြီး နတ်ဘုရားတစ်ပိုင်း အဆင့်များပင် မထောက်လှမ်းနိုင်ကြောင်း တွေ့ရှိ လိုက်ရသည်။ အင်မတန် ကောင်းမွန်သော ပစ္စည်းတစ်ခု ပင် ။

ဖိန်းလီ၏ အင်ပါယာနှလုံးသား လက်စွပ်ကို မဖွင့်ရသေးသော်လည်း ဖိန်းလီ၏ မှတ်ဉာဏ်အရ အသုံးဝင်သော ပစ္စည်းများစွာ ပါနေသည်။ အနည်းဆုံး နတ်ဘုရား ခါတ်ကြွင်းနှစ်ခုနှင့် နတ်ဘုရား တစ်ပိုင်းခါတ်ကြွင်း ဆယ်ခုထက်မက ပိုပါနေ၏။

မည်သို့ပင် ဆိုစေကာမူ သူသည် နတ်ဘုရားကောင်းချီးအဖွဲ့ ဌာနခွဲ(၃)၏ တပ်မှူး ဖြစ်ခဲ့သောကြောင့် သာမန် နတ်ဘုရားတစ်ပိုင်းများနှင့် နှိုင်းယှဉ်ပါက ပိုင်ဆိုင်သည့် ပစ္စည်းများ ပိုများလိမ့်မည်။ သူ ပိုင်ဆိုင်သည့်အရာက အထင်ကရ

မိသားစုများ၏ အမွေများနှင့်ပင် နှိုင်းယှဉ်နိုင်ပေလိမ့်မည်။

ဖိန်းလီထံမှ ရရှိခဲ့သော ပစ္စည်းများအပြင် အစောပိုင်းက ရန်လင်းကို ဖွင့်ပေးဖို့ တောင်းဆိုထားသော သိုလှောင် ပစ္စည်းများလည်း ရှိသေး၏။ ဖွင့်ပြီးသောအခါ သိုလှောင်ပစ္စည်းပေါင်း နှစ်သိန်း ရှစ်သောင်းကျော် ရှိသည့်အနက် ငါးသောင်းကျော်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သောကြောင့် သုံးမရတော့ချေ။

လင်းဟွမ်က စစ်ပွဲ အရှင်သခင်၏ စက်မှုစစ်တပ်အတွက် အသုံးပြုရအောင် ကြွင်းကျန်ရစ်ခဲ့သော နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းများ၊ ရှေးဟောင်း ခါတ်ကြွင်းများ၊ အသုံးအဆောင် ပစ္စည်းများနှင့် သတ္ထုပစ္စည်းများကို ပေးအပ်ခဲ့သည်။

သိုလှောင်ပစ္စည်း နှစ်သိန်း နှစ်သောင်းကျော်ထဲမှ အမျိုးအစားပေါင်း မြောက်များစွာသော သတ္ထုများ၊ ဆေးရည်များ၊ ဆေးရည် သတ္ထုများ၊ အသုံးအဆောင်များ၊ ကျင့်စဉ် အမျိုးမျိုး၊

များပြားလှသော အသေးစား ပစ္စည်းများကို တွေ့ရှိခဲ့သည်။ သို့သော်လည်း အချို့ပစ္စည်းများမှာ မဟာကမ္ဘာမှ ငွေကြေးများဖြစ်၍ အသေးစား ကမ္ဘာထဲတွင် အသုံးမဝင်ပေ။

ရန်လင်းက လင်းဟွမ်၏ အချက်အလက်များနှင့် ငွေကြေးများကို မဟာကမ္ဘာမှ သိုလှောင်လက်စွပ်တစ်ခုထဲ ထည့်ပေးရန် ကူညီပေးခဲ့သေးသည်။

လင်းဟွမ်သည် ကမ္ဘာအမျိုးမျိုးမှ အချက်အလက်များ အပြင်

နတ်ဘုရားကျောက်တုံးပေါင်း သန်း(၈၀)ကျော် ရရှိခဲ့သေးသည်။ ဒါသည် ကျောက်စရစ်ခဲ ကမ္ဘာ၏ ငွေကြေးအရ ကံကြမ္မာသလင်းကျောက် ထရီလီယံ (၈၀) ကျော် တန်ဖိုးရှိသည်။

လင်းဟွမ်က အသေးစားကမ္ဘာသုံး ငွေကြေးများကို ပြန်သိမ်းလိုက်၏။ မည်သို့ပင် ဆိုစေကာမူ ဤပစ္စည်းများသည် အထွတ်အထိပ် ပါရမီရှင် ထောင်ပေါင်းများစွာ ထံမှ ဆင်းသက်လာခဲ့ခြင်း ဖြစ်ပြီး အဆင့်မြင့်အဆင့် နတ်ဘုရား ဓါတ်ကြွင်း တစ်ရာကျော် ဝယ်ယူရန် လုံလောက်နေသည်။

လုယက်ပါ ပစ္စည်းများထဲတွင် လင်းဟွမ် စိတ်အဝင်အစားဆုံး အရာမှာ ကျင့်စဉ်များ ဖြစ်သည်။ အဓိက အဖွဲ့အစည်း အားလုံး၏ ထူးချွန်သော ပါရမီရှင်များသည် အကောင်းတက အကောင်းဆုံး ကျင့်စဉ်များကိုသာ ကျင့်ကြံကြမည်သာ.... ။

သိုလှောင် ပစ္စည်းများထဲတွင် သောင်းနှင့်ချီသော ကျင့်စဉ်များနှင့် နည်းလမ်းများကို သိမ်းဆည်းထားသည်။ ဓါးကျင့်စဉ် တစ်မျိုးတည်းကပင် တစ်ထောင်ကျော် ရှိနေပြီး

တစ်ခုချင်းစီကလည်း ဂန္ဓဝင်အဆင့်ထက် ကျော်လွန်နေ၏။

အတုယောင် နတ်ဘုရားအဆင့် ဓါးကျင့်စဉ် တစ်ရာကျော်နှင့် နတ်ဘုရားအဆင့် ဓါးကျင့်စဉ် ခုနှစ်ခုလည်း ပါသေးသည်။

ဒါသည် လင်းဟွမ်၏ ဓါးကျင့်စဉ် သိုလှောင်မှုကို အင်မတန် ကြွယ်ဝလာစေသည်။

အခန်း(၁,၀၁၃) - ရှောင်မို နိုးလာခြင်း

ဝမ်ပေါင်မြို့သည် ညသန်းခေါင်ယံ အချိန်တွင် အေးစိမ့်နေ၏။ ဝမ်ပေါင်မြို့၏ ဇွန်လ အစောပိုင်းသည် နွေရာသီ ဖြစ်သည်။ နေ့ဘက်တွင် (၂၇) ဒီဂရီ စင်တီဂရိတ်နီးပါး ရှိသော်လည်း ညအချိန်တွင် အပူချိန်က (၂၀) ဒီဂရီ စင်တီဂရိတ်သာ ရှိ၏။ မည်သို့ပင် ဆိုစေကာမူ ဒါသည် လူအများစုအတွက် နေလို့ထိုင်လို့ကောင်းသော အပူချိန်တစ်ခုသာ ဖြစ်သည်။

ဟိုတယ် အခန်းတစ်ခုထဲတွင် လေသာဆောင်နှင့် မျက်နှာချင်းဆိုင်ရှိ ညှဉ့်ခန်း တံခါးအားလုံးက ပွင့်နေသောကြောင့် အေးမြသော လေပြည်ညင်းများက ဖြတ်သန်း တိုက်ခတ်နေသည်။

ညှဉ့်ခန်းထဲတွင် မီးက ဖွင့်ထားဆဲ ပင် ။

ဆံပင်တိုတို၊ တီရှပ်အင်ကျီပွပွနှင့် အဝါနုရောင် ပိတ်စဘောင်းဘီတို ဝတ်ထားသော လူငယ်လေး တစ်ယောက်က ဆိုဖာထိုင်ခုံပေါ်တွင် ခြေထောက် ဗလာနှင့် လဲလျောင်းနေသည်။ သူ့ဆံပင်များက စိုစွတ်နေသေးသောကြောင့် ရေချိုးထားသည့်

ပုံရသည်။ စိုစွတ်သော ဆံပင်အောက်မှ စူးရှတောက်ပသော မျက်ဝန်းတစ်စုံက လင်းလက်တောက်ပ နေ၏ ။ ယခုအချိန်တွင် သူ့မျက်လုံးများက ကျောက်တုံးလေးကဲ့သို့ အရောင်တလက်လက် လက်နေသည်။

ထိုလူငယ်လေး၏ ပခုံးပေါ်တွင် ကြောင်ဖြူလေးတစ်ကောင် အိပ်နေသည်။ သူက ကျောကို ဆိုဖာပေါ် မှီချထားပြီး အင်ပါယာ နှလုံးသားလက်စွပ် မျက်နှာပြင်ပေါ်မှ စာများကို ဖတ်နေသည်။

သူ့ဘယ်ဘက်ရှိ ဆိုဖာပေါ်တွင် ချွန်ထက်သော သွားများရှိသည့် ကျားပေါက်နှင့်တူသော မွန်းစတားတစ်ကောင် ရှိ၏။ ထို မွန်းစတားပေါက်လေး၏ နှာမောင်းက လူငယ်၏ ပေါင်ကို ရစ်ပတ်ထားသည်။

ထုံးစံအတိုင်း ထိုလူငယ်မှာ လင်းဟွမ် ပင် ။ သို့သော်လည်း ယခုအချိန်တွင် လင်းရှီအဖြစ် အသွင် မပြောင်းထားပေ။ သူ၏ နဂိုပုံစံအတိုင်းသာ ရှိနေခြင်းပင် ။

ဓါးကျင့်စဉ် လေ့ကျင့်ပြီးနောက် ရေချိုးကာ အခန်းထဲတွင် ခဏလဲနေခြင်း ဖြစ်သည်။ ယခုလက်ရှိတွင် ဆယ့်နှစ်နာရီ ခွဲသည့်တိုင်အောင် မအိပ်သေးဘဲ သတင်းဖတ်နေသည်။ ဤကဲ့သို့ လုပ်နေရသည့် အကြောင်းအရင်းမှာ ရှောင်မိုက အချိန်မရွေး နိုးလာနိုင်သောကြောင့် ဖြစ်သည်။

အကယ်၍ ရှောင်မိုး၏ မှတ်ဉာဏ်ကို ကျီးကန်းနတ်ဘုရားက အစားထိုးထားခဲ့ပါက အချိန်မရွေး ခုခံနိုင်အောင် အိပ်မက်ဆိုး

ကြံ့သူတော်နှင့် အမြီးကိုးချောင်း လင့်ကြောင့်မြှီးတို့ တို့ကို ဆင့်ခေါ်ထားခြင်း ပင် ....

(၁၂) နာရီ (၄၂) မိနစ် ရောင်သောအခါ သတင်း ဖတ်နေသော လင်းဟွမ်တစ်ယောက် ရုတ်တရက် ပြုံးသွား၏ ။

သူ၏ နယ်မြေပိုင်နက် အသိထဲ၌ အိပ်ခန်းထဲတွင် ရှိနေသော ရှောင်မို၏ လက်ချောင်းများက ရုတ်တရက် လှုပ်ရှားသွားသည်ကို အာရုံခံမိလိုက် သောကြောင့်ပင်။

ခဏအကြာ ရှောင်မိုး၏ မျက်လုံးများသည် ဖြည်းဖြည်းချင်း ပွင့်လာပြီး မြင်ကွင်းက ဝေးဝါး နေရာမှ ဖြည်းဖြည်းချင်း ကြည်လင်လာ၏ ။

" ဘယ်နေရာလဲ..... ငါ ကျီးကန်းနတ်ဘုရားဖြစ် အသွင် ပြောင်းနေတာ မဟုတ်ဘူးလား "

မကြာခင် ရှောင်မိုးသည် ဟိုတယ်အခန်းထဲတွင် ရှိနေကြောင်း သတိထားလိုက်မိသည်။ ထို့အပြင် ဒါသည် တန်ဖိုးကြီး ဟိုတယ်ကြီးတစ်ခု၏ မာစတာအခန်းထဲတွင် ရောက်နေကြောင်း သိလိုက်သည် ။

"အသွင်ပြောင်းမှု ပြီးသွားလို့ အခု ငါက တရားဝင် ကျီးကန်းဝိညာဉ်တော် ဖြစ်နေပြီလား "

ရှောင်မိုသည် သူ့ခန္ဓာကိုယ်က ယခင်ကထက် အစပေါင်းများစွာ ပိုမို အားကောင်းလာသည်ဟု ခံစားလိုက်ရသည်။ ထို့အပြင် သူ၏ တိုက်ခိုက်ရေး အဆင့်ကလည်း အင်ပါယာ ရွှေခရမ်းရောင်အဆင့် ရောက်နေပြီး ခန္ဓာကိုယ်ကလည်း ယခင်ကထက် များစွာ တိုးတက်လာ၏။

ထိုစဉ် ခေါင်းထဲတွင် အတွေးတစ်ခု ရုတ်တရက် ပေါ်လာသည်။

သူ့ခန္ဓာကိုယ်ထဲတွင် ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒ မခံစားမိသောကြောင့် ထိုအတွေးကို ချက်ချင်း ပယ်ချလိုက်သည်။ ထို့နောက် ထိတ်လန့်သွားပြီး

" ပေါင်းစည်းမှု မအောင်မြင်ဘူးလား....."

ခြေထောက်ကို ချက်ချင်း လှုပ်ခါလိုက်သည် ။ အဝါနုရောင် ညဝတ် ဝတ်စုံဝတ်ဆင်ထားကြောင်း သတိထားမိပြီး သူ့အရပ်နှင့် ခန္ဓာကိုယ် အရွယ်အစားက သိသိသာသာ ပြောင်းလဲ သွားသည်ကို သိလိုက်ရသည်။ ထို့ကြောင့်

ကိုယ်လုံးပေါ် မှန်ရှေ့သို့ လမ်းလျှောက်သွားပြီး ကွဲပြား ခြားနားနေသော ခန္ဓာကိုယ်ကို စစ်ဆေးလိုက်၏။

မှန်ထဲမှ လူငယ်သည် အရပ် (၁.၈၅) မီတာခန့်ရှိပြီး သွယ်လျသော ခန္ဓာကိုယ် ရှိသည်။ အနည်းငယ် ပိန်သည်ဟု ထင်ရသော်လည်း သူ့လက်မောင်းပေါ်မှ ကြွက်သားများကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

အကြီးမားဆုံး အပြောင်းအလဲမှာ သူ့မျက်နှာပင် ။ ယခင်က သူ့မျက်နှာသည် လူအုပ်ကြားထဲတွင်

မည်သူမှ သတိမထားမိ နိုင်လောက်အောင် သာမန်သာဖြစ်ခဲ့ပြီး ယခုအခါ တစ်ချက် ကြည့်လိုက်ရုံနှင့် ထင်းခနဲ မြင်သာအောင် ထက်မြက်သော အသွင်အပြင် ရှိနေခြင်းပင် ။

ထို့အပြင် အတော်လေး နီရဲနေသော အသားအရေက အားဖြည့် ပေးထားသောကြောင့် ယခုအခါတွင် ကြမ်းတမ်းပြီး ရင့်ကျက်သော အမျိုးသားတစ်ယောက် ကဲ့သို့ ဖြစ်နေ၏။ သူ့ပါးပြင်နှင့် နှုတ်ခမ်းထက်တွင် အမွေး ရေးရေးလေးများပင် ပေါက်နေသေးသည်။

ရှောင်မိုသည် စိတ်လှုပ်ရှားသွားပြီး သူ့မျက်နှာကို ထိကြည့်လိုက်သည်။

"ဒါက ငါလား။ အခု ငါက အရမ်း ချောနေပြီလား... .”

ထို့နောက် ကြွက်သားများကို ကြည့်ရန် ညဝတ်အင်္ကျီကို ဆွဲချွတ်လိုက်သည်။ မကြာခင် မှန်ထဲတွင် ဗလတောင့်တင်းသော ခန္ဓာကိုယ်တစ်ခုကို တွေ့လိုက်ရသည်။

" တကယ်ပဲ ငါလား"

ရှောင်မိုသည် အနည်းငယ် မယုံနိုင် ဖြစ်သွားသည်။ ထို့နောက် တစ်စုံတစ်ခုကို ရုတ်တရုတ် ပြန်သတိရသွားပြီးနောက် သူ့ဘောင်းဘီကို ထပ်ဆွဲချကာ သူ့ပေါင်ကြားကို ငုံ့ကြည့်လိုက်ကာ

" အာ.. အကြီးကြီးပဲ "

ကျီးကန်းနတ်ဘုရားနှင့် ပေါင်းစည်းမှု မအောင်သောကြောင့် အနည်းငယ် စိတ်မကောင်း ဖြစ်နေသော ရှောင်မိုသည် သူ့ခန္ဓာကိုယ် အပြောင်းအလဲကို မြင်ပြီး မကြာခင် ပျော်ရွှင်လာ၏။

" ငါ့ ကောင်ကြီး ဝမ်းသာနေတာလား"

ရှောင်မို ပျော်ရွှင်နေစဉ် သူ့နားထဲသို့ အသံတစ်ခု ရုတ်တရက် ရောက်လာသည်။

ချက်ခြင်း လှည့်ကြည့်လိုက်ရာ လူငယ်တစ်ယောက်က တံခါးဘောင်ကို မှီပြီး သူ့အားကြည့်နေသည်ကို တွေ့လိုက်ရသည်။

ရှောင်မိုသည် ထိုလူကိုမြင်သည်နှင့် ချက်ချင်းသတိထားလိုက်သည်။ နောက်ပိုင်းတွင် သူ့အမူအရာက အံ့ဩစရာ မှင်သက်နေသော အမူအရာ အဖြစ်သို့ ပြောင်းလဲသွားသည်။ သုံးနှစ်

ကြာသွားသော်လည်း လင်းဟွမ်ကို ချက်ချင်း မှတ်မိသေးသည်။

" လင်းဟွမ်လား...."

" မင်း ငါ့ကို မှတ်မိသေးတဲ့ပုံပဲ”

လင်းဟွမ်က ခေါင်းညိတ်ပြပြီး ပြုံးလိုက်သည်။

" မင်း မသေဘူးလား"

မကြာခင် ရှောင်မိုသည် အသိပြန်ဝင်သွားပြီး ကြောက်လန့်တကြား နောက် ခုန်ဆုတ်သွား၏ ။

ထိတ်လန့်နေသော အမူရာနှင့် လင်းဟွမ်ကို ကြည့်နေပြီး

" မင်းက လင်းဟွမ်သရဲ....."

လင်းဟွမ် မနေနိုင်တော့ဘဲ ကျယ်လောင်စွာ အော်ရယ်လိုက်သည်။ ရှောင်မိုထံမှ ဤကဲ့သို့ တုံ့ပြန်မှုမျိုး ပြန်ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

" ငါက သရဲတစ်ယောက် တစ်ယောက်ဆိုရင် ငါ့ဆီမှာ အရိပ်ရှိပါ့မလား.."

ရှောင်မိုက ချက်ချင်း ခေါင်းငုံ့ပြီး ကြမ်းပြင်ကို ကြည့်လိုက်ရာ လင်းဟွမ်၏အရိပ်ကို သူ မြင်လိုက်ရသည်။

" အရိပ် ရှိတယ်။ ဒါဆို မင်းက တကယ့် သရဲ မဟုတ်ဘူးပေါ့"

ရှောင်မိုသည် အရိပ် မြင်ရသော်လည်း မသေချာသေးပေ။

“ အခု မင်း အင်ပါယာအဆင့် ရောက်နေပြီ။ မင်းမှာ ကံကြမ္မာနန်းတော် မရှိသေးဘူး ဆိုပေမယ့် နယ်မြေပိုင်နက်အသိတော့ ရှိနေပြီ ။ မင်းရဲ့

နယ်မြေပိုင်နက်အသိကို ထုတ်လွှတ်လိုက်ရင် ငါက လူလား၊ သရဲလားဆိုတာ မင်း သိလိမ့်မယ် "

လင်းဟွမ်က ဆက်ပြောလိုက်သည်။

ရှောင်မိုသည် သူ့ခန္ဓာကိုယ်နှင့် အသားကျလာပြီ ဖြစ်သောကြောင့် နယ်မြေပိုင်နက်အသိကို ချက်ချင်း ထုတ်ဖော်လိုက်၏။ မကြာခင် လင်းဟွမ်နှင့် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်နှစ်ခုကို အာရုံခံမိလိုက်သည်။

ထို့နောက် ပြုံးထွက်နေသော မျက်လုံးများနှင့် လင်းဟွမ်ကို လှမ်းကြည့်ပြီး

" မင်း တကယ် အသက်ရှင်နေသေးတာလား"

“ ငါ မသေပါဘူး။ ခရမ်းရောင်ကျီးကန်း အဖွဲ့ကို လှည့်စားဖို့အတွက် သေသလို ဟန်ဆောင်ခဲ့တာ”

လင်းဟွမ်က ပြုံးပြီး အတည်ပြုလိုက်သည်။

ရောင်မိုက လင်းဟွမ်ထံ ဖြည်းဖြည်းခြင်း လျှောက်သွားသော်လည်း သူ့ မျက်နှာတစ်ခုလုံးတွင် မယုံနိုင်မှုများက ပြည့်နှက်နေသေးသည်။

လင်းဟွမ်သည် ရှောင်မိုက သူ့အား ရဲရဲ မယုံရဲသေးကြောင်း သိလိုက်လျှင် လက်ကို ဆန့်ထုတ်လိုက်ပြီး....

“ ငါ့လက်ကို ကိုင်ကြည့်လိုက်.... ငါ အသက်ရှင်နေလား၊ သေနေလား ဆိုတာ မင်း သိလိမ့်မယ်"

ရှောင်မိုသည် မဝံ့မရဲ အမူအရာနှင့် လင်းဟွမ်ထံ လျှောက်သွားသည်။ လက်ကို ဖြည်းဖြည်းခြင်း ဆန့်ထုတ်ပြီး အချိန်မရွေး နောက်ပြန်ဆုတ်နိုင်အောင် အသင့်ပြင်ထားသည်။ လင်းဟွမ်၏ လက်ကို

ဆုပ်ကိုင်လိုက်သောအခါ နွေးထွေးမှုကို ခံစားလိုက်ရသည်။ ရှောင်မိုသည် တော်တော်လေး စိတ်သက်သာရာ ရသွားသည်။

" အခု ယုံပြီလား.....”

လင်းဟွမ်က သူ့လက်ကို လွှတ်လိုက်ပြီး အပြုံးကလေးနှင့် မေးလိုက်သည်။ ထို့နောက် ရှောင်မိုကို ခေါင်းညိတ်ပြလိုက်ပြီး.....

“ မင်းဆီမှာ မေးခွန်းတွေ အများကြီးရှိတာ ငါသိတယ်။ လာ... ဧည့်ခန်းထဲမှာ စကား ပြောရအောင် "

လင်းဟွမ်က နောက်ပြန်လှည့်ပြီး ရှောင်မိုကို ဦးခန်းထဲ ခေါ်ဆောင်သွားသည် ။

ဦးခန်းထဲသို့ ရောက်သောအခါ ရှောင်မိုက လှည့်ပတ်လိုက်ပြီး

" ဒါ ဘယ် နေရာလဲ....."

" ငါ တည်းခိုနေတဲ့ ဟိုတယ်ပဲ"

လင်းဟွမ်က အကျဉ်းချုံး ရှင်းပြလိုက်သည်။

“ ကျန်တဲ့လူတွေနဲ့ ခရမ်းရောင် ကျီးကန်းအဖွဲ့က လူတွေ ဘယ်မှာလဲ၊ ကျီးကန်း နတ်ဘုရားကရော ဘယ်မှာလဲ ”

ရှောင်င်မိုသည် ဟိုတယ် အခန်းထဲတွင် သူနှင့်လင်းဟွမ် နှစ်ဦးတည်းသာ ရှိနေကြောင်း သိလိုက်ရသည်။

“ ကျီးကန်းနတ်ဘုရား အခမ်းအနားက မအောင်မြင်ခဲ့ဘူး။ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒ ပုံရိပ်လည်း ပျက်စီးသွားပြီ။ ခရမ်းရောင် ကျီးကန်းအဖွဲ့ခေါင်းဆောင် ရန်ပိုင်လည်း

သေသွားတယ်။ ကျန်တဲ့ လူတွေကတော့ ခရမ်းရောင်ကျီးကန်းအဖွဲ့ ဌာနချုပ်ကို ပြန်သွားကြလောက်ပြီပေါ့”

လင်းဟွမ်က ရှင်းပြလိုက်သည်။

“ နောက်မှ အဖြစ်အပျက် အသေးစိတ်ကို ငါ ထပ်ပြောပြမယ် ”

လင်းဟွမ်စကားကို ကြားသောအခါ ရှောင်မိုသည် စိုးရိမ်ပြီး ဗျာများသွား၏။ ခရမ်းရောင် ကျီးကန်းခေါင်းဆောင် သေသွားလိမ့်မည်ဟု

မထင်ခဲ့သလို ကျီးကန်းနတ်ဘုရား၏ စိတ်ဆန္ဒ ပုံရိပ်လည်း ပျက်စီးသွားမည်ဟု မထင်ခဲ့ချေ။

" မင်း သတိလစ်နေတာ တစ်ရက် ရှိနေပြီ။ အရင် စားရအောင် ပြီးမှ ထပ်ပြောကြတာပေါ့”

လင်းဟွမ်က ရှောင်မိုကို ဆိုဖာထိုင်ခုံပေါ် ခေါ်သွားသည်။

အခန်း(၁,၀၁၄) - လှဲလျောင်းရင်းပြောသောစကား

မနက် (၁) နာရီနီးပါး ရှိနေပြီ ဖြစ်သောကြောင့် ဟိုတယ်၏ အစားအသောက် ဝန်ဆောင်မှု အားလုံးကို ယာယီ ပိတ်ထားသည်။ လင်းဟွမ်သည် ရေခဲသေတ္တာထဲမှ ဟိုတယ်က ပြင်ဆင်ပေးထားသော အသင့်စား အစားအစာများကို ထုတ်ယူပြီး အပူပေးလိုက်သည်။ ရှောင်မိုအတွက် သောက်စရာလည်း ပြင်ဆင်ပေးလိုက်သေးသည်။

ရှောင်မို စားသောက် ပြီးသွားသည့်အချိန်မှသာ လင်းဟွမ်က မေးလိုက်သည်။

“ မင်း ခန္ဓာကိုယ်မှာ တစ်ခုခု လွဲနေတယ်လို့ ခံစားရလား ”

“ ကျီးကန်းနတ်ဘုရား အသွင်ပြောင်းလဲမှုက ငါ့အတွက် တော်တော်လေး အကျိုးရှိခဲ့တာပဲ ။ ငါ့ အရပ်အမောင်းနဲ့ ခန္ဓာကိုယ်က ကြီးကြီးမားမား ပြောင်းလဲသွားတယ်။ ငါ့ခန္ဓာကိုယ် ဖွဲ့စည်းပုံနဲ့ စိတ်ဝိညာဉ်က မယုံနိုင်လောက်အောင် အဆင့်မြင့် လာတယ်။ အခုဆို ငါ့ရဲ့ တိုက်ခိုက်ရေး

အဆင့်ကလည်း အင်ပါယာ ရွှေခရမ်းရောင် အဆင့်ရောက်နေပြီ။ နတ်ဘုရား တစ်ပိုင်းတွေနဲ့တောင် တိုက်ခိုက်ဖို့ အဆင်သင့်ပဲ ”

ရှောင်မိုသည် အစာစားပြီးနောက် စိတ်လှုပ်ရှားစွာ ပြောလိုက်သည် ။

" မင်း ခန္ဓာကိုယ်ထဲမှာ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒ အကြွင်းအကျန် ရှိသေးတယ်လို့ ခံစားရလား"

လင်းဟွမ်က ခွက်တစ်ခွက် ကောက်ကိုင်ပြီး ပေါ့ပေါ့ပါးပါး မော့သောက်ရင်း မေးလိုက်သည်။

“ မခံစားရဘူး၊ ဒါကို ငါလည်း ထူးဆန်းနေတာ။ ခရမ်းရောင်ကျီးကန်း ခေါင်းဆောင် ပြောခဲ့တဲ့ အတိုင်းဆိုရင် ပေါင်းစည်းမှု ပြီးသွားတာနဲ့ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒအကြွင်း အကျန်က ငါ့ရဲ့အသိစိတ်နဲ့ ပေါင်းစပ်နေလောက်ပြီ ။ ခုတော့ ငါ့ခန္ဓာကိုယ်ထဲမှာ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒ အကြွင်းအကျန် နည်းနည်းလေးတောင် မခံစားမိဘူး"

ရှောင်မိုက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

" မင်း ပြောခဲ့သလို ကျီးကန်းနတ်ဘုရား အခမ်းအနား မအောင်မြင်တာ ကျီးကန်းနတ်ဘုရားရဲ့ စိတ်ဆန္ဒက ငါ့ခန္ဓာကိုယ်နဲ့ သဟဇာတ မဖြစ်လို့ ပေါင်းစပ်မှု မအောင်မြင်တာပဲ ဖြစ်လိမ့်မယ် "

(ကြည့်ရတာ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒ အကြွင်းအကျန်က တကယ် သေသွားပုံပဲ)

လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။ ထို့နောက် ဖုံးကွယ်နေသော အမှန်တရားကို ရှင်းပြလိုက်၏ ။

“ရင်ပိုင် လိမ်နေတာ။ မင်းခန္ဓာကိုယ်ထဲ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒဝင်သွားရင် မင်းက သူ့ရဲ့အခွံ ဖြစ်သွားပြီ ။ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒက မင်းခန္ဓာကိုယ်ကို သူယူလို့ရအောင် ပြောင်းလဲ ပေးနေတာ....။ အသွင်ပြောင်းလဲမှု ပြီးတာနဲ့ တခါတည်း ကျီးကန်းနတ်ဘုရားက မင်းခန္ဓာကိုယ်နဲ့ ပေါင်းစည်း သွားတော့မှာ ။ အဲ့အချိန်ဆို မင်းရဲ့အသိစိတ် ပျောက်ကွယ်သွားပြီး ခန္ဓာကိုယ်ကို သိမ်းပိုက် သွားလိမ့်မယ်။ မင်းခန္ဓာကိုယ်ကလည်း သူ့ရဲ့ ယာယီအခွံ

ဖြစ်သွားတာပေါ့ကွာ ။ သူ့အသိဥာဏ်ကို မင်းနဲ့ မျှဝေပေးတာမျိုး မရှိဘူး ”

လင်းဟွမ် ပြောလိုက်သော စကားသည် အစောပိုင်းက ရှောင်မို ပြောခဲ့သည့်စကားနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေ၏ ။ ကျီးကန်းဝိညာဉ်တော် ဖြစ်ရခြင်းက သူ့ခန္ဓာကိုယ်ကို ကျီးကန်းနတ်ဘုရားနှင့် မျှဝေသုံးစွဲခြင်း ဖြစ်ပြီး ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ အမြင့်ဆုံး ဂုဏ်ကျက်သရေ ဖြစ်သည်ဟု ခရမ်းရောင် ကျီးကန် အဖွဲ့အစည်းက သူ့ကို သင်ကြားပေးခဲ့သည်။

သို့သော်လည်း အမှန်တရားက လင်းဟွမ်ပြောသလို ဖြစ်လိမ့်မည်ဟု သူ မည်သည့်အချိန်ကမှ မတွေးခဲ့မိပေ။

“ ကျီးကန်းနတ်ဘုရား အခမ်းအနားကျဆုံးသွားတာက မင်းခန္ဓာကိုယ်နဲ့ မလိုက်ဖက်လို့ မဟုတ်ဘူး ။ သူ့စိတ်ဆန္ဒကို ပုံဖော်ပေးတဲ့ စုံထောက်မျက်လုံး ညစ်ညမ်း သွားလို့ပဲ ။ နေရာကူးပြောင်းခြင်း လေဟာနယ် လိုဏ်ခေါင်းက ပြတ်တောက်သွားတဲ့အတွက် သူ့စိတ်ဆန္ဒက အလိုလို ပြိုကွဲသွားတာ ”

“ သူ့စိတ်ဆန္ဒ အကြွင်းအကျန် တစ်စိတ်တစ်ပိုင်းက မင်းခန္ဓာကိုယ်ထဲမှာ ကျန်ခဲ့ပြီး မင်း ခန္ဓာကိုယ်ကို သိပ်ပိုက်သွားမှာ ငါ စိုးရိမ်နေတာ....။ ကြည့်ရတာတော့ မင်းကို ဘာမှ မလုပ်နိုင်ခင် လုံးဝ ပျောက်ကွယ်သွားတဲ့ပုံပဲ ”

" မင်း အမှန်အတိုင်း ပြောနေတာလား "

လင်းဟွမ်စကားကို ကြားသောအခါ ရှောင်မိုက လေးနက်သော မျက်နှာအမူအရာနှင့် ပြန်ကြည့်ပြီး မေးလိုက်သည်။

" မင်းငါ့ကို မယုံရင် အချိန်ယူပြီး စုံစမ်းကြည့်ပေါ့ ”

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြောလိုက်သည်။

“ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းရဲ့ အထက်ပိုင်းတွေနဲ့ တခြားမြေအောက် အဖွဲ့အစည်းတွေက ကျီးကန်းဝိညာဉ်တော် အကြောင်း တော်တော်များများ သိနေကြတာပဲ ။ ဒါက လျှို့ဝှက်ချက် မဟုတ်ဘူး။ ပြီးတော့ ဒီလိုမျိုး ကိစ္စတွေကို လုပ်နေတာ ခရမ်းရောင် ကျီကန်း

အဖွဲ့တစ်ခုတည်း မဟုတ်ဘူး။ သူတော်စင်တွေလည်း ဒီလိုပုံစံမျိုး လုပ်နေတာပဲ....."

ရှောင်မိုသည် လင်းဟွမ်က အမှန်အတိုင်း ပြောနေခြင်း ဟုတ်၊ မဟုတ်ကို အတည်ပြုနိုင်ရန် လင်းဟွမ် မျက်လုံးများကို စိုက်ကြည့်နေခဲ့သည်။ သို့သော်လည်း မကြာခင် လင်းဟွမ်က အမှန်တိုင်း ပြောနေခြင်းဖြစ်ကြောင်း လက်ခံလိုက်၏ ။

" မေးစရာ ရှိသေးတယ်။ ငါ မင်းရဲ့ ဟိုတယ်အခန်းထဲမှာ ဘာဖြစ်လို့ ရှိနေရတာလဲ"

ရှောင်မိုသည် အစကတည်းက သူ့အား စိတ်အနှောက်အယှက် ပေးနေသည့် အကြောင်းအရင်းကို ထုတ်မေးလိုက်သည်။

“ ကျီးကန်းနတ်ဘုရား စိတ်ဆန္ဒ ပျောက်ကွယ်သွားတဲ့အချိန်မှာ နတ်ဘုရားကောင်းချီး အဖွဲ့က လူတွေက မင်းကို ဖမ်းချင်နေကြတာနဲ့ သူတို့လက်ထဲကနေ ငါ ခေါ်ထုတ်လာတာ...”

လင်းဟွမ်သည် ပြောလက်စ တန်းလန်းနှင့် အစောပိုင်းက ဖြစ်ခဲ့သည့် အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

ထိုစကားများကို ကြားသောအခါ ရှောင်မိုသည် မယုံနိုင်အောင် ဖြစ်သွားသည်။

“ ဒါဆို သူတို့ကလည်း ငါ့ကို သူတို့ရဲ့ အခွံလုပ်ချင်လို့ ခေါ်သွားမှာပေါ့....”

" ဒါ ငါ့ရဲ့ထင်မြင်ချက် သက်သက်ပဲ၊ အဖွဲ့ခွဲ (၁) နတ်ဘုရားကောင်းချီး ဌာနချုပ်က လူတွေကပဲ အတိအကျ သိလိမ့်မယ် "

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

" ဒီ နတ်ဘုရားကောင်းချီးအဖွဲ့ အကြောင်း ထပ်ပြီး ပြောပြလို့ရမလား....”

ရှောင်မိုက မေးလိုက်သည်။

လင်းဟွမ်သည် မည်သည့် အချက်အလက်ကိုမှ မဖုံးကွယ်ထားဘဲ သူသိသမျှ နတ်ဘုရားကောင်းချီးအဖွဲ့ အကြောင်းနှင့် ရှောင်မိုကို ဖမ်းယူမည့် အစီအစဉ် အပါအဝင် ချန်းသွမ်အား ဖမ်းခဲ့သည့် အကြောင်းများကိုပါ ပြန်ပြောပြလိုက်သည်။

ရှောင်မိုသည် နားထောင်ပြီးနောက် ခရမ်းရောင် ကျီးကန်းအဖွဲ့သည့် နတ်ဘုရားကောင်းချီး အဖွဲ့နှင့် ယှဉ်လျှင် ဘာမှမဟုတ်ကြောင်း သိလိုက်ရသည်။

“ ဒီ အဖွဲ့အစည်းက အရမ်း ကြောက်စရာကောင်းသလို ကိစ္စ အားလုံးကို လျှို့ဝှက် ကြံစည်နေတာပဲ။ ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းရဲ့ ထိပ်ပိုင်း အုပ်ချုပ်သူတွေထဲမှာ သူတို့လူ ပါနေမလားလို့တောင် သံသယ ဝင်လာပြီ။ ဒီလိုမှမဟုတ်ရင်၊ ကျီးကန်းနတ်ဘုရား အခမ်းအနား

ကျင်းပမယ့် အချိန်နဲ့နေရာ အတိအကျကို သိဖို့ မဖြစ်နိုင်ဘူး....”

“ခရမ်းရောင် ကျီးကန်း အဖွဲ့အကြောင်း ပြောလက်စနဲ့ ပြောရအုံးမယ်....။ မင်းရဲ့ လက်ရှိ အခြေအနေက နောက်ပြန်လှည့်လို့ မရတော့ဘူး....”

လင်းဟွမ်က သတိပေးလိုက်သည်။

“ မင်းကို ပြန်မသွားဖို့ ငါ အကြံပေးချင်တယ်။ စုံထောက် မျက်လုံးကို ယူသွားပြီဆိုပေမယ့် ခရမ်းရောင် ကျီးကန်းအဖွဲ့ထဲမှာ တခြား ဆက်သွယ်ရေး ပစ္စည်းတွေ ရှိချင်ရှိနေမှာ။

တကယ်လို့ မင်းသာ ပြန်သွားခဲ့ရင် ကျီးကန်းနတ်ဘုရား အခမ်းအနားနဲ့ နောက်တစ်ကြိမ် ရင်ဆိုင်ရမလား ဘာမှ မသေချာနိုင်ဘူး ။ ဒီတစ်ကြိမ်ဆို မင်းအသိစိတ် လုံးဝပျောက်ပြီး ကျီးကန်းဘုရားရဲ့ အခွံ ဖြစ်သွားလိမ့်မယ် ”

ရှောင်မို ငြိမ်ကျသွား၏။ ထို့နောက် ခေါင်းမော့ပြီး လမ်းပျောက်နေသော မျက်လုံးများနှင့် လင်းဟွမ်ကို ကြည့်လိုက်သည်။

“ ငါက ခရမ်းရောင် ကျီးကန်းအဖွဲ့ဆီ မပြန်ရင် ဘယ်သွားရမှာလဲ”

ထိုအခါ လင်းဟွမ်သည် ရှောင်မိုက မိဘမဲ့ ဖြစ်ရုံသာမက အပြစ်သား၏သားစဉ် မြေးဆက်လည်း ဖြစ်နေသည်ကို ပြန်သတိရသွား၏။ အပြစ်သား တစ်ယောက်၏ သားစဉ်မြေးဆက် တစ်ယောက်ကို မည်သည့် အဖွဲ့အစည်းမှ လက်ခံမည် မဟုတ်ပေ။

ရှောင်မိုသည် ခရမ်းရောင် ကျီးကန်းအဖွဲ့ထံ မပြန်ပါက အခြား မြေအောက်အဖွဲ့အစည်း တစ်ခုခုနှင့် ပူးပေါင်းရလိမ့်မည်။ ထို့အပြင် သူက မည်သည့် မြေအောက် အဖွဲ့အစည်းနှင့်မှ မပူးပေါင်းခဲ့လျှင် အိုးမဲ့အိမ်မဲ့ ဖြစ်သွားလိမ့်မည်။

ယခင်က ရှောင်မိုသည် အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးသောကြောင့် သူတစ်ယောက်တည်း ထွက်သွားလျှင်ပင် အခြားသူများက ထိခိုက်လိမ့်မည် မဟုတ်ပေ။

ယခုအခါ၌ နတ်ဘုရား တစ်ပိုင်းအဆင့်နှင့် နီးစပ်သော စွမ်းရည်များ ရှိနေပြီး အတုယောင် နတ်ဘုရားအဆင့်ကို တက်လှမ်းရန် အလားအလာ ရှိနေ၏။ သူကြိုက်သည့် မြေအောက်အဖွဲ့အစည်း တစ်ခုခုနှင့် ပူပေါင်းနိုင်သည်။ ထိုအခါ သူက

ဤကျောက်စရစ်ခဲ ကမ္ဘာအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်သည် ။

လင်းဟွမ်သည် အနည်းငယ် စဉ်းစားပြီးနောက် ဆုံဖြတ်ချက် ချလိုက်သည်။

" ငါနဲ့ နေမလား ။ အခု လောလောဆယ်တော့ ငါ့ရဲ့ သက်တော်စောင့် လုပ်ပေါ့။ နောက်ပိုင်း ငါယုံကြည်ရတဲ့ သူငယ်ချင်းတွေနဲ့ ပေါင်းပြီးတော့ အဖွဲ့အစည်းတစ်ခု တည်ထောင်ဖို့ စိတ်ကူးထားတယ် ”

အဖွဲ့အစည်းတစ်ခု တည်ထောင်မည့် အကြောင်းနှင့် ပက်သက်၍ လင်းဟွမ်သည် ယခင်ကတည်းက သွေးရဲရဲလေးနှင့် ဆွေးနွေးခဲ့ဖူးသည်။ ဒါသည် သွေးရဲရဲလေး၏ စိတ်ကူးပင်။

အထူးသဖြင့် နတ်ဘုရားကောင်းချီး အဖွဲ့ကဲ့သို့ အဖွဲ့အစည်းများနှင့် ရင်ဆိုင်လာရသော တစ်ယောက်တည်း တိုက်ခိုက်ရန် မဖြစ်နိုင်သောကြောင့် ပင် ။ ထို့အပြင် သူက မည်မျှပင် အစွမ်းထက်နေပါစေ သူ့စွမ်းရည်က

အကန့်အသတ် ရှိနေသေး၏။ ထို့ကြောင့် အဖွဲ့တစ်ဖွဲ့ စတင်တည်ထောင်ပြီး အဖွဲ့အစည်း တစ်ခုနှင့် လုပ်ဆောင်ခြင်းက ပိုကောင်းသည်။

ကိုယ်တိုင်က နတ်ဘုရားတစ်ပါး ဖြစ်နေသည့် မစ္စတာဖူးပင် ကြီးမားသော အဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စု အစိုးရကို မတိုက်ခိုက်နိုင်ပေ။ အကယ်၍ သူ့ထံတွင် ကျောထောက်နောက်ခံ အဖွဲ့အစည်းတစ်ခုခု တည်ထောင်ထားမည် ဆိုပါက ယခုလက်ရှိ အနေအထားမျိုးနှင့် ပုန်းနေရမည် မဟုတ်ပေ။ ထို့အတူ နတ်ဘုရားကောင်းချီးအဖွဲ့မှ

လူများကလည်း ပြည်ထောင်စုအစိုးရမှ တဆင့် သူ့အား တိုက်ခိုက်ရဲမည် မဟုတ်ပေ။

မစ္စတာ၏ အခြေအနေက လင်းဟွမ်ကို ကိုယ်ပိုင် အဖွဲ့အစည်းတစ်ခု တည်ထောင်ရန် တွန်းအား ပေးနေသည့် အကြောင်းအရင်းလည်း ဖြစ်နေသည် ။

ရှောင်မိုသည် လင်းဟွမ်က ကိုယ်ပိုင်အဖွဲ့အစည်း တစ်ခု တည်ထောင်ချင်နေပြီး သူ့ကိုပင် ဖိတ်ခေါ်နေသည်ကို ကြားသောအခါ မျက်လုံးများ တောက်ပ လာ၏။ ကျီးကန်း

ဝိညာဉ်တော်အကြောင်း အမှန်တရားကို သိပြီးနောက် ခရမ်းရောင်ကျီးကန်း အဖွဲ့ထဲ မပြန်ချင်တော့ပေ။

အခြားမြေအောက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းမည် ဆိုပါကလည်း သူစိမ်းများနှင့် အတူနေထိုင်ရမည် ဖြစ်သောကြောင့် သူ့အတွက် စိတ်မသက်မသာ ဖြစ်နေသည်။

အခြားတစ်ဖက်တွင်မူ လင်းဟွမ်က သူနှင့်ရင်းနှီးသော လူတစ်ယောက် ဖြစ်သည်။ ယခင်ကလည်း သူ့ကို ကယ်တင်ခဲ့ဖူးသည်။ ထို့ကြောင့် သူ့အတွက်မူ လင်းဟွမ် တည်ထောင်သော

အဖွဲ့အစည်းထဲ ပါဝင်ရခြင်းက အခြားအဖွဲ့အစည်းများထဲတွင် ပါဝင်ခြင်းထက် ပိုမို စိတ်သက်သာရာ ရသော စိတ်ခံစားချက်ကို ပေးစွမ်းနေသည်။

" မင်းအတွက် အခက်အခဲ မဖြစ်ဘူးဆိုရင် ငါနေမယ်.... ”

“ ကျွေးစရာ ပါးစပ်ပေါက်တစ်ခု ပိုလာရုံပါပဲ ”

လင်းဟွမ်က စကားပြောနေရင်း ပြုံးလိုက်သည်။ နောက်တစ်ချက်က သူ့တွင် လူတစ်ယောက်ကို ဝဝလင်လင် ကျွေးနိုင်သည့် ပိုက်ဆံ ရှိနေသည်။

ရှောင်မို ဘယ်သွားရမလဲ ဆိုသည်ကို အတည်ပြုပြီးနောက် သူတို့ နှစ်ယောက်သည် ဤ နှစ်တစ်လျှောက် သူတို့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောဆိုနေခဲ့ကြသည်။

ရှောင်မို၏ ဘဝသည် ခက်ခဲ ကြမ်းတမ်းသည်ဟု လင်းဟွမ် ပြောနိုင်သည်။

လင်းဟွမ်က သေချင်ယောင် ဆောင်ပြီး ထွက်သွားပြီးနောက် ရှောင်မိုသည် ခရမ်းရောင် ကျီးကန်း လေ့ကျင့်ရေးစခန်းတွင် နေ့တိုင်းလိုလို အနိုင်ကျင့်ခံရသည်။ သို့သော်လည်း ထပ်ခါထပ်ခါ

ပြန်လည် တိုက်ခိုက်ပြီး အကြိမ်ကြိမ် လဲကျသော်လည်း အကြိမ်ကြိမ် ပြန်ထခဲ့သည် ။ နှေးကွေးသော်လည်း နောက်ဆုံးအချိန်အထိ ကြံ့ကြံ့ခံနိုင်ခဲ့သည်။

လေ့ကျင့်ရေးစခန်းမှ ဘွဲ့ရပြီးသော်လည်း အဆင်မပြေသော အနေအထားတွင် ရှိနေခဲ့သေးသည်။ သူ့အသင်းဖော်များက သူ့ကို အရန်ခုံမှာသာ ခဏခဏ ထားလေ့ရှိသည်။ သို့သော်လည်း သူ လက်မလျှော့ခဲ့ပေ။ သူ၏ ကျင့်ကြံမှု အရင်းအမြစ်က မလုံလောက်သော်လည်း

ရှိပြီးသား တိုက်ပွဲဝင် စွမ်းရည်များ ပိုမို ကောင်းမွန်လာစေရန် အပြင်းအထန် လေ့ကျင့်ခဲ့၏။ ဤကဲ့သို့ဖြင့် ဖြည်းဖြည်းခြင်း တိုးတက်လာခဲ့ပြီး နောက်ဆုံးတွင် ခရမ်းရောင် ကျီးကန်းအဖွဲ့ထဲတွင် သူ့ကိုယ်သူ သက်သေပြနိုင်ခဲ့သည်။

သာလွန်အဆင့်သို့ တက်လှမ်းလာသောအခါ အပြစ်သားများ၏ သဘော သဘာဝအတိုင်း သူ့စွမ်းရည်များက အသက်ဝင်လာသည်။ သွေးမျိုးဆက်၏ မှတ်ဉာဏ်အမွေကို ရရှိခဲ့သလို

မဟာ လူသားခွန်အားနှင့် အားကောင်းသော ခံစစ်စွမ်းရည်ကိုလည်း ရရှိခဲ့သည်။

အချိန်တိုလေး အတွင်းမှာပင် အထွတ်အထိပ် ပါရမီရှင်တစ်ယောင်အဖြစ် မြင့်တက်လာခဲ့ပြီး ကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရခြင်းပင်။

ထိုအချိန်တွင် လင်းဟွမ်ကမူ အသေးအဖွဲ့ ဖြစ်ရပ်များကိုသာ ပြောပြခဲ့သည်။ သို့တိုင်အောင် ရှောင်မိုက သူ့အတွေ့အကြုံများနှင့်

သူ့ဇာတ်လမ်းများကို အားကျနေပြီး သဘောကျနေသည်။

သူတို့ နှစ်ယောက်သည် နောက်တစ်နေ့ မနက်ရောက်သည့်တိုင်အောင် စကားပြောဆိုနေခဲ့ကြသည်။

အခန်း(၁,၀၁၅) - တာဝန် နှစ်ခု...။

နွေရာသီ အစောပိုင်း ဖြစ်သောကြောင့် ဝမ်ပေါင်မြို့၏ အရှေ့ဘက်အပိုင်းတွင် မနက် (၆) နာရီ မတိုင်ခင် နေထွက်လာသည်။

ပြတင်းပေါက်မှ ဖြာကျလာသော အလင်းရောင်ကို မြင်သောအခါ လင်းဟွမ်နှင့် ရှောင်မိုတို့သည် မိုးလင်းနေပြီ ဖြစ်ကြောင်း သိလိုက်ကြသည်။

“ ကဲ... အပြင် ထွက်ပြီးတော့ မနက်စာ စားရအောင် ...”

လင်းဟွမ်သည် နာရီကိုကြည့်လိုက်ရာ မနက် (၆) နာရီ ထိုးနီးနေသလို သူတို့နှစ်ယောက်ကလည်း အိပ်မပျော်သဖြင့် မနက်စာ ထွက်စားရန် အကြံပေးလိုက်သည်။

“ ဒီနားက လင်းမယား တစ်တွဲရောင်းတဲ့ မနက်စာဆိုင်လေးကို သွားကြတာပေါ့ ။ သူတို့ကြော်တဲ့ ဘန်းမုန့်နဲ့ ဖက်ထုပ်ကြော်က အရမ်း ကောင်းလို့ နာမည်ကြီးနေတာ ကြာပြီ။ မနက် (၇)

နာရီကျော်ရင် တန်းစီးတဲ့လူတွေနဲ့ ပြည့်နေတော့မှာ။ သူတို့က မနက် (၆) နာရီဆို ဆိုင်စဖွင့်ပြီဆိုတော့ လာ မျက်နှာသစ်ပြီး သွားရအောင် ငါတို့ရောက်တာနဲ့ ဆိုင်ဖွင့်တာက ကွက်တိပဲ. ”

ထုံးစံအတိုင်း ရှောင်မိုက ကန့်ကွက်ခြင်းမရှိပေ။ သူသည် အပြင်ထွက်ရန် အခွင့်မသာခဲ့ပေ။ ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် တစ်ယောက်အနေနှင့် စစ်ဆင်ရေး မရှိပါက အထဲမှာသာ နေရသည်။ စစ်ဆင်ရေး ထွက်သည့် အခါတွင်လည်း စစ်ဆင်ရေးကိုသာ အာရုံ စိုက်နေရသောကြောင့်

ပြင်ပရှုခင်းများကို ကြည့်ရှုခံစားရန် အချိန် လုံးဝ မရှိပေ။

ယခုအခါ သူ့အထောက်အထားက လုံးဝ ခြားနားသွားပြီဖြစ်ပြီး ဝမ်ပေါင်မြို့၏ ပြင်ပ ရှုခင်းများကို ပထမဦးဆုံး ကြည့်ရမည် ဖြစ်သောကြောင့် စိတ်လှုပ်ရှားနေသည်မှာ သဘာဝ ကျလှ၏ ။

ခပ်မြန်မြန် မျက်နှာသစ်ပြီးနောက် လင်းဟွမ်က လင့်ကြောင်မြီးတို၊ အိပ်မက်ဆိုး ကြုံသူတော်နှင့် သွေးရဲရဲလေးတို့ကို ခေါ်ပြီး ထွက်လာခဲ့ကြသည်။

ဝမ်ပေါင်မြို့ရှိ ကျင့်ကြံသူ တော်တော်များများကလည်း သူတို့၏ အိမ်မွေး မွန်းစတားများကို ခေါ်ပြီး အပြင် ထွက်တတ်ကြသည်။

သူတို့ထဲမှ အများစုက ထိန်းချုပ်သူများ မဟုတ်ဘဲ ယဉ်ပါးပြီးသား အိမ်မွေး မွန်းစတားများကို ပိုက်ဆံများများ ပေးပြီး ဝယ်မွေးကြခြင်း ဖြစ်သည် ။ ထို့ကြောင့် လင်းဟွမ် ခေါ်ဆောင်လာသော နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်နှစ်ခုအတွက် မည်သူမှ အာရုံ မစိုက်ခဲ့ချေ။ သို့သော်လည်း

အိပ်မက်ဆိုး ကြုံသူတော်၏ အသွင်အပြင်ကရုံဖန်ရုံခါ၌ လူများ၏ အာရုံစိုက်မှုကို ဆွဲဆောင်နေခဲ့သည် ။

လင်းဟွမ် ပြောခဲ့သည့် မနက်စာစားမည့် နေရာကသူတို့ တည်းခိုနေသော ဟိုတယ်နှင့် ဆယ်ကီလိုမီတာပင် မဝေးချေ။

သူတို့နှစ်ယောက် စကားပြောရင်း လမ်းလျှောက်သွားသောအခါ သူတို့ သွားချင်သည့်နေရာသို့ မိနစ်အနည်းငယ် အတွင်းမှာပင် ရောက်ရှိသွားကြ၏။

သူတို့ ရောက်သွားသောအခါ လင်မယားနှစ်ယောက်က ဆိုင်ဖွင့်ခါစသာ ရှိသေးသည်။ အိုးများကလည်း မီးဖိုပေါ်တင်ခါစ ပင် ။ လင်းမယားနှစ်ယောက် သူတို့၏ အလုပ်များကို ခွဲခြားပြီး လုပ်နေကြသည်။ တစ်ယောက်က ဘန်းမုန့်များ လိမ့်ပြီး တစ်ယောက်က ဖက်ထုပ်များ ပေါင်းနေသည်။

လင်းဟွမ်က စတိုးဆိုင်အပြင်ဘက် လူသွားပလက်ဖောင်းပေါ်တွင် ခင်းကျင်းထားသော စားပွဲခုံ၌ ဝင်ထိုင်လိုက်သည်။

သူနှင့်ရှောင်မိုက ပထမဦးဆုံး ရောက်လာသည့် ဖောက်သည်များ ဖြစ်နေသည်။

“ဟေး... ဒီနေ့ စောတယ်နော်...”

သူဌေးမ ပြုံးပြီး နှုတ်ဆက်လိုက်သည်။

လင်းဟွမ်က ဤနေရာ၏ ပုံမှန်ဖောက်သည် ဖြစ်နေသည်မှာ အထင်အရှားပင် ။

“ ဟုတ်တယ်... ဒီနေ့ အစောကြီး နိုးလို့ ”

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး ပြုံးပြကာ ပြန်ပြောလိုက်သည်။

“ မင်း သူငယ်ချင်းလည်း ခေါ်လာတာလား...”

သူဌေးမက ရှောင်မိုကို စိုက်ကြည့်ပြီး ပြောလိုက်၏။ ရှောင်မိုကို ကြည့်လိုက်သောအခါ ချောမောသော လူငယ်လေး တစ်ယောက် ဖြစ်နေသောကြောင့် သဘောကျစွာ ပြုံးလိုက်သည်။

“ ဟုတ်တယ်... ဒီမှာရောင်းတဲ့ ဖက်ထုပ်ကြော်နဲ့ ဘန်းမုန့်က အရမ်း အရသာရှိတော့ မြည်းကြည့်ခိုင်းဖို့ ခေါ်လာတာ.....”

“ ဒီနေ့ မင်းတို့ အရမ်းစောနေတော့ ခဏတော့ စောင့်အုံး ...”

သူ့ဌေးက အနည်းငယ် အားနာပြီး ဝင်ပြောလိုက်သည်။

“ အာ... စိတ်မပူပါနဲ့... လောနေစရာ မလိုဘူး ”

လင်းဟွမ်သည် စားစရာများ မှာပြီးနောက် ဆိုင်ရှင်လင်မယားနှင့် ခဏတဖြုတ် စကားပြောနေခဲ့သည်။ ထို့နောက် ဆိုင်ရှင်လင်းမယားက စတင် ချက်ပြုတ်ကြသည်။

ရှောင်မိုက အနည်းငယ် ခေါင်းရှုပ်နေသော ခံစားချက်နှင့် တိုးတိုးလေး မေးလာသည်။

“ ဒီ သူ့ဌေးနဲ့သူ့ဌေးမက သာမန်လူတွေပဲ မဟုတ်ဘူးလား.... မင်း သူတို့နဲ့ ဒီလိုမျိုး စကားပြောနေကြလား ....”

“ အနည်းနဲ့ အများပေါ့... သူတို့မှာ ဖောက်သည် အရမ်းများတော့ ဒီလိုမျိုး လွတ်လွတ်လပ်လပ် စကားပြောနိုင်တဲ့ နေ့က ရှားတယ်။ အများအားဖြင့်တော့ တစ်ခွန်းစ၊ နှစ်ခွန်းစပဲ ပြောဖြစ်တာ ”

လင်းဟွမ်က အဖြေ ပြန်ပေးလိုက်သည်။

“ ဘာဖြစ်လို့လဲ... ”

ရှောင်မိုက စကားပြန် မပြောခင် ခေတ္တမျှ ငြိမ်ကျသွားဏ ။

“ ငါတို့က ပုံမှန်ဆို သာမန်လူတွေနဲ့ စကား မပြောကြဘူး ”

လင်းဟွမ်သည် ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်း လေ့ကျင့်ရေးစခန်းက အဖွဲ့ဝင်များကို အပြင်ထွက်သောအခါ သာမန်လူများနှင့် မပတ်သက်ဘဲ ခပ်စိမ်းစိမ်း နေရန် သင်ပေးထားကြောင်း ပြန်သတိ ရသွားဏ ။

“ ခရမ်းရောင် ကျီးကန်းအဖွဲ့က စစ်ဆင်ရေး လုပ်တဲ့အခါ သူတို့လူတွေကို အပြင်လူတွေနဲ့ ဆက်ဆံတာကို တားမြစ်ထားတယ်။ အဓိက အချက်က အဖွဲ့ဝင်တွေကို ပြင်ပက သက်ရောက်မှုတွေ မလွှမ်းမိုးသွားအောင် ကန့်သတ်ထားတဲ့ သဘောပေါ့ ။ အခုလက်ရှိ ပြောင်းလဲဖို့ အလိုဆုံးက မင်းအမြင်ပဲ။ မင်းကိုယ်မင်း ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက စည်းမျဉ်းတွေနဲ့ ချုပ်နှောင်ထားစရာ မလိုတော့ဘူး...”

“ ဒါပေမယ့် သူတို့နဲ့ စကားပြောပြီး ရလာတဲ့ အချက်အလက် အများစုက အသုံးမဝင်ဘူးလေ...”

ရှောင်မိုက ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ စံနှုန်းအတိုင်း အချက်အလက်များကို ခွဲခြမ်း စိတ်ဖြာနေသေး၏ ။

“ လူတွေက မလိုအပ်ဘဲနဲ့ တစ်ရာခိုင်နှုန်း သတင်း အချက်အလက်တွေ အကြောင်းပဲ ပြောနေရင် ဘယ်လောက် ပျင်းစရာ ကောင်းနေမလဲ... ”

လင်းဟွမ်က အပြုံးကလေးနှင့် ပြောလိုက်သည်။

“ ဒီ အသုံးမဝင်ပါဘူး ဆိုတဲ့ အချက်အလက်တွေက စကားဝိုင်းကို နွေးထွေးပြီးတော့ အဓိပ္ပာယ်တွေ ပြည့်စုံစေတယ်။ ဒါက လူတွေရဲ့ ဆက်ဆံရေးကို ကြွယ်ဝစေသလို စိတ်ဝင်စားစရာလည်း ကောင်းလာတယ်...”

ရှောင်မိုသည် လင်းဟွမ် ပြောလိုက်သော စကားကြောင့် ခေါင်းရှုပ်သွား၏ ။

“ ဘယ်လို စိတ်ဝင်စားစရာ ကောင်းတာလဲ...”

“ အခုကစပြီး မင်းက တခြားလူတွေနဲ့ အတူတူနေပြီး အလုပ်လုပ်ရမယ်။ အပြန်အလှန်

ဆက်သွယ်မှုကို မင်း မငြင်းနဲ့။ မင်း ဘာပြောရမှန်း မသိရင် သူတို့ပြောတာ နားထောင် နေလိုက်.....။ မင်းသာ ကောင်းကောင်း နားထောင်နေရင် လူတွေနဲ့ အပြန်အလှန် ဆက်ဆံတာက ဘာတွေ ပျော်စရာကောင်းလဲ ဆိုတာ မင်း ဖြည်းဖြည်းချင်း သိလာလိမ့်မယ်”

လင်းဟွမ်က ရှောင်မိုကို ပခုံးပုတ်ပြီး ပြောလိုက်သည်။

သူတို့နှစ်ယောက် သဘောကျ၍ ဟက်ဟက်ပက်ပက် အော်ရယ်နေစဉ် သူဌေးမက

ဘန်းမုန့် (၃) ပန်းကန်နှင့် ဖက်ထုပ်ကြော် (၂) ပန်းကန် လာချပေးသည်။ ဆန်ပြုတ် (၂) ပွဲလည်း ပါသေး၏ ။ တစ်ပွဲတွင် ဘန်းမုန့် (၁၀) ခုသာ ပါဝင်သောကြောင့် များသည်ဟု မယူဆနိုင်ပေ။ ဖက်ထုပ်ကြော်က ကြွပ်ကြွပ်ရွရွလေး ဖြစ်နေပြီး ဘန်းမုန့်က အရည် ရွှမ်းနေသည်။

လင်းဟွမ်၊ အိပ်မက်ဆိုး ကြုံသူတော်နှင့် သွေးရဲရဲလေးတို့က ဘန်းမုန့်ကို ကြိုက်သော်လည်း ရှောင်မို ၊ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုတို့က

ကြွပ်ကြွပ်ရွရွလေး ကြော်ထားသော ဖက်ထုပ်ကြော်ကိုသာ ကြိုက်ကြ၏။

လင်းဟွမ်က ဖက်ထုပ်ကြော်ကို တစ်ဝက်သာ စားခဲ့ပြီး ကျန်သည့်တစ်ဝက်ကို ရှောင်မို၊ သွေးရဲရဲလေးနှင့် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေးဝိညာဉ် နှစ်ကောင်အတွက် ချန်ထားပေးလိုက်သည်။

ရှောင်မိုသည် သူတစ်ယောက်တည်း ဖက်ထုပ်ကြော် (၄) ခု စားမိလိုက်သဖြင့် အနည်းငယ် ရှက်နေ၏။

သူ့အမူအရာကို မြင်လိုက်လျှင် သူ့ဌေးမက ပြုံးပြီး ပြောလိုက်သည်။

“ မင်းက ကြီးထွားနေတဲ့ လူငယ်အရွယ်တွေက အများကြီးစားမှ အားရှိမှာ ... ဒါ ရှက်နေစရာ မဟုတ်ဘူး...”

“ သူ့ဌေးမ ပြောတာ မှန်တယ်...”

လင်းဟွမ်က ပြုံးပြီး စနောက်လိုက်သည်။

သူတို့ မနက်စာစား ၊ ပိုက်ဆံပေးပြီး သောအခါ လင်းဟွမ်က ရှောင်မိုကို အနီးအနားရှိ ပန်းခြံတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည် ။

မနက် (၆) နာရီ မိနစ် (၄၀) သာ ရှိသေး၏။

ပန်းခြံထဲတွင် အန်တီကြီးအချို့နှင့် ဦးလေးကြီးအချို့က လေ့ကျင့်ခန်း လုပ်နေကြသည်။ လင်းဟွမ်က ရှောင်မိုကိုခေါ်ပြီး ပန်းခြံထဲက လမ်းလေးအတိုင်း လမ်းလျှောက်လာခဲ့သည် ။

ရှောင်မိုသည် ပန်းခြံထဲတွင် ကုန်းကုန်းကွကွ လုပ်နေသော ဦးလေးကြီး၊ အဒေါ်ကြီးများကို ကြည့်ပြီး သူ့အတွက် ထူးဆန်းနေသည် ။

လင်းဟွမ်က ရှောင်မိုး၏ စပ်စုချင်သော အမူအရာကို မြင်လျှင် ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။ ရှောင်မိုနှင့်အတူ ပန်းခြံထဲမှ လမ်းလေးအတိုင်း လမ်းလျှောက် နေခဲ့ကြသည်။

မကြာခင် ပန်းခြံထဲ၌ လူများ များသည်ထက် များလာကြသည်။ ဒီနေရာတွင် လူစည်ကား

လာသောအခါ ရှောင်မိုသည် စတင်ပြီး မသက်မသာ ခံစားလာရသည်။

မနက် (၇) နာရီခွဲ မတိုင်ခင်အထိ လမ်းလျှောက်ခဲ့ကြပြီး ဟိုတယ်သို့ ပြန်လာခဲ့ကြသည်။

ဟိုတယ် အခန်းထဲသို့ ရောက်သောအခါ လင်းဟွမ်က ရှောင်မိုကို မေးလိုက်သည်။

“ ပန်းခြံထဲမှာ လမ်းလျှောက်ရတာ ဘယ်လို ခံစားရလဲ...”

“ နည်းနည်း စိတ်အိုက်သလိုပဲ ။ အဓိကတော့ လူတွေ မျှားလာတဲ့ အချိန်ပေါ့ ...၊ ဒါပေမယ့် တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းတဲ့ အရာတွေလည်း တွေ့တယ် ”

ရှောင်မိုက ပြန်ဖြေသည်။

အခြေခံအားဖြင့်တော့ လင်းဟွမ်သည် ရှောင်မို၏ အဖြေအတွက် ကျေနပ်နေခဲ့သည်။ ရှောင်မို သာမန်ဘဝများနှင့် ရောနှောနေထိုင်ရန် စိတ်မပါမည်ကို သူအနည်းငယ် စိုးရိမ်နေခဲ့သည်။ ယခုမူ

သူထင်ထားသလောက် စိတ်က အပိတ်ကြီး ဖြစ်မနေပေ ။

“ ဒီနေ့ကစပြီး တံခါးပိတ် ကျင့်ကြံမှု စမှာ။ အနည်းဆုံး တစ်လကျော်လောက် ကြာမယ်။ ဒီတစ်လအတွက် မင်းကို တာဝန်နှစ်ခု ပေးထားခဲ့မယ်။ မင်း အောင်မြင်အောင် လုပ်နိုင်မယ်လို့ မျှော်လင့်တယ် ”

“ ပထမတာဝန်က မင်းကို ကျင့်စဉ်အသစ်တစ်ခု ပေးခဲ့မယ်။ ဒီကျင့်စဉ်နဲ့ မင်းခန္ဓာကိုယ်ထဲမှာ ကျင့်ကြံခြင်း စနစ်အသစ်တစ်ခု

တည်ဆောက်ကြည့်ပေါ့ ၊ မင်းလုပ်နိုင်မှာပါ ဒီကျင့်စဉ်က မင်းကို အင်ပါယာ အဆင့်ကနေ အတုယောင် နတ်ဘုရားအဆင့် တက်လှမ်းနိုင်အောင် ကူညီပေးနိုင်တယ် ။ ငါ့ တောင်းဆိုမှုကတော့ ဒီကျင့်ကြံခြင်း နည်းစနစ်အသစ်ကို လေ့ကျင့်ပြီးတော့ သန်ရှင်းမီးလျှံအဆင့်ကို တတ်နိုင်သလောက် အမြန်ဆုံး ရောက်အောင် ကျင့်ကြံစေချင်တယ် ”

ဒီတာဝန်ကို ကြားသောအခါ ရှောင်မိုသည် တော်တော်လေး စိုးရိမ်သွား၏။ သံအဆင့်မှ အဖြူရောင် မီးလျှံအဆင့်သို့ ရောက်ရှိရန်

သုံးနှစ်ကြာအောင် ခက်ခက်ခဲခဲ ကြိုးစားရမည်ဟု သူ ထင်နေသည်။

ထုံးစံအတိုင်း လင်းဟွမ်က သူ၏စိုးရိမ်ပူပန်မှုကို သတိထားမိသဖြင့် ချက်ချင်း စကား ထပ်ဖြည့်ပြီး ပြောလိုက်၏။

“ အခုလက်ရှိ မင်းမှာ အစွမ်းထက်တဲ့ ကျင့်ကြံခြင်း အခြေခံ ရှိနေပြီ ။ ဒါကြောင့် ကျင့်ကြံခြင်းစနစ် အသစ် တည်ဆောက်တဲ့ အချိန်မှာ အရင်ကထက် ပိုမြန်လိမ့်မယ်။ တိုးတက်မှုအတွက် အရမ်းကြီး စိုးရိမ်မနေနဲ့ ။ မင်း တစ်ခုခု နားမလည်ရင်

သွေးရဲရဲလေးကို မေးလိုက် ။ သွေးရဲရဲလေးကို မင်းနဲ့အတူ ထားခဲ့ပေးမယ်”

လင်းဟွမ်က စကားပြောရင်း ဘယ်ဘက်လက်ကို ခါလိုက်သောအခါ အက်ျီလက်စ အောက်မှ သွေးရဲရဲလေး ထွက်လာ၏ ။

ရှောင်မိုသည် လင်းဟွမ်တွင် တစ်ချိန်လုံး ဖွက်ထားသော ဆင့်ခေါ် မွန်းစတားတစ်ကောင် ရှိနေကြောင်း သိလိုက်သောအခါ တော်တော်လေး အံ့အားသင့်သွားသည်။ လင်းဟွမ်က သွေးရဲရဲလေး

အကြောင်းကို ရိုးရိုးရှင်းရှင်းသာ မိတ်ဆက်ပေးလိုက်သည်။

“ ဒုတိယတာဝန်က ပန်းခြံကို နေ့တိုင်းသွားပြီး အဲ့ဒီမှာ အနည်းဆုံး တစ်နာရီ အချိန်ဖြုန်းရမယ်။ တစ်နေ့ လူသုံးယောက်နဲ့ အနည်းဆုံး စကားပြောရမယ်။ ဘယ်နှခွန်းပြောပြော ကိစ္စ မရှိဘူး ။ ဒီကိစ္စကို မနက် (၇) နာရီကနေ ည (၇) နာရီအတွင်း ကြိုက်တဲ့အချိန် လုပ် ... ဒါပေမယ့် တစ်နာရီတော့ မဖြစ်မနေ နေရမှာနော် ။ တကယ်လို့ မင်း

ပျက်ကွက်ခဲ့ရင်တော့ နောက်တစ်နေ့ ကြာချိန်က နှစ်ဆပဲ..... “

“ စကားပြောရမယ့် လူအရေအတွက်ကလည်း နှစ်ဆ တိုးလာမယ်။ မင်းလုပ်ရပ် အားလုံးကို သွေးရဲရဲလေးက စောင့်ကြည့်နေမှာ ။ ဒါ နောင်တစ်ချိန်မှာ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ စကားပြောဆို ဆက်ဆံတတ်ဖို့ သင်ပေးတဲ့ အခြေခံ သင်ခန်းစာပဲ... မင်း အလေးအနက် ထားမယ်လို့ ငါ မျှော်လင့်တယ် ... ”

ရှောင်မိုသည် ဒုတိယတာဝန်ကို ကြားသောအခါ ပို၍ပင် စိုးရိမ်သွား၏ ။ ဤတာဝန်က ပထမ တာဝန်ထက်ပင် ပို၍ ခက်ခဲသည်ဟု သူ ထင်နေသည်။

အခန်း(၁,၀၁၆) - အဆင့်အပြည့်အစုံ။
အင်မော်တယ် အဆင့် (၁၀)....

လင်းဟွမ်သည် ရှောင်မိုကို ပေးခဲ့သော တာဝန်နှစ်ခုထဲတွင် ပထမ တာဝန်က သာမန်လူများအတွက် အလွန် ခက်ခဲနိုင်သော်လည်း ရှောင်မိုအတွက်မူ လွယ်ကူလှသည်ဟု သူထင်သည်။

မတူညီသော ကျင့်ကြံခြင်းစနစ်ကို ကျင့်ကြံရန် တာဝန်ပေးခဲ့သော်လည်း အင်ပါယာအဆင့် တန်ခိုးရှင်တစ်ယောက် အတွက်မူ သာလွန်အဆင့်သို့

တက်လှမ်းရန် ကျင့်ကြံရခြင်းက လွယ်ကူသည်။ ကျင့်စဉ်အသစ် စက်စက်ကို ကျင့်ခိုင်းခြင်းသည် သူ၏စွမ်းအားကို နောက်တစ်ကြိမ် ပြန်လည် ရင်းနှီးကျွမ်းကျင်လာစေရန်နှင့် အလေ့အကျင့် ရစေရန် ဖြစ်သည်။

ထို့အပြင် ယခုလက်ရှိ ရှောင်မိုရောက်ရှိနေသော တိုက်ခိုက်ရေး အဆင့်သည် သူ့ကိုယ်တိုင် ကျင့်ကြံထားခြင်း မဟုတ်ပေ။ ထို့ကြောင့် သူ့စွမ်းအားနှင့် ရင်းနှီး အသားကျစေရန် အချိန်တစ်ခု လိုအပ်နေသည်။

ဒုတိယ တာဝန်အတွက်မူ လင်းဟွမ်သည် ရှောင်မိုနှင့် ပြောခဲ့သော စကားဝိုင်းမှတစ်ဆင့် ရှောင်မို၏ အတွေးများကို ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက လွှမ်းမိုးထားကြောင်း သတိထားမိခဲ့သည်။ ထိုအထဲတွင် ရှောင်မိုအတွက် သက်ရောက်မှု အရှိဆုံးမှာ လူများနှင့် ပေါင်းသင်းဆက်ဆံသည့် အချက်ပင်....

ရှောင်မိုက ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းတွင် ရှိခဲ့သော အလေ့အကျင့် အဟောင်းများကို ဆက်လက် ထိန်းသိမ်းထားမည်

ဆိုပါက သူ့အတွက် ဖြစ်စေ၊ လင်းဟွမ် တည်ထောင်မည့် အဖွဲ့အစည်းအတွက် ဖြစ်စေ အနာဂတ် နောင်တစ်ချိန်တွင် အားနည်းချက် တစ်ခု ဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် သွေးရဲရဲလေးက လင်းဟွမ်ကို ဤကဲ့သို့ လုပ်ဆောင်ရန် အကြံပေးခဲ့ခြင်းပင် ..... ရှောင်မိုက အန္တရာယ်ကင်းသော သာမန်လူများနှင့် စကားပြောသောအခါ ကမ္ဘာကြီး အကြောင်းကို ရှုထောင့်အသစ်မှ မြင်လာလိမ့်မည်။ ထိုအခါ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက သူ့အပေါ်

အတင်းအကျပ် ချမှတ်ထားသော အမြင်များကို ချိုးဖောက်နိုင်လိမ့်မည်။

သွေးရဲရဲလေးက ဤကဲ့သို့ အကြံပေးရသည့် အကြောင်းအရင်းမှာ အစောပိုင်းတွင် အိပ်မက်ဆိုးကြုံသူတော်က ရှောင်မိုး၏ မှတ်ဉာဏ်ကို တိတ်တဆိတ် ဖတ်ခဲ့သောကြောင့် ဖြစ်သည်။ ဤလူက အန္တရာယ် ရှိ၊ မရှိ သေချာစေရန် အစောပိုင်းက လုပ်ထားခဲ့ခြင်း ဖြစ်သည် ။

သွေးရဲရဲလေးသည် ရှောင်မိုး အကြောင်းကို လေ့လာပြီးနောက် ဒီကောင်လေးက နုံအပြီး

ပတ်ဝန်းကျင်ကို ကြောက်တတ်ကြောင်း သိလိုက်ရ၏။ သို့သော်လည်း အစောပိုင်းတွင် ဤအချက်အလက်နှင့် ပတ်သက်၍ လင်းဟွမ်ရှေ့တွင် ဖုံးကွယ်ထားခဲ့သည်။

လင်းဟွမ်က ရှောင်မိုကို ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရား ဟုခေါ်သော ရှေးဟောင်း ကျင့်ကြံခြင်း ကျင့်စဉ်ကို ပေးခဲ့သည်။ ဤကျင့်စဉ်သည် ရှောင်မို၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် လိုက်ဖက်ညီသော ကျင့်စဉ်တစ်ခု ဖြစ်သည်။

ထို့အပြင် ထိုကျင့်စဉ်ထဲတွင် ပြိုင်ဘက်ကင်း ဟူသော တိုက်ခိုက်ရေး စွမ်းရည်တစ်ခု ပါရှိ၏။

လင်းဟွမ်က ဤကျင့်စဉ်ကို သူခေါင်းထဲတွင် ရှိနေသော ကျင့်စဉ် ထောင်ပေါင်းများစွာထဲမှ သေသေချာချာ ရွေးချယ်ပြီး ပေးခဲ့ခြင်း ဖြစ်သည်။

“ မင်းက ဒီတစ်လလုံး ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရားကျင့်စဉ်ကို အာရုံစိုက်ပြီး ကျင့်ကြံရမယ်။ တိုက်ခိုက်ရေး စွမ်းရည်တွေ အားလုံးထဲမှာ ပြိုင်ဘက်ကင်းမှုကိုပဲ အာရုံစိုက် ။ ကျန်တဲ့ တိုက်ခိုက်ရေး စွမ်းရည်တွေကိုတော့ အဓိက

အားဖြင့် အကိုးအကား အရံသဘောလောက်ပဲထား။ မင်း စိတ်ဝင်စားတဲ့အရာ တစ်ခုခုကိုတွေ့ရင် လေ့ကျင့်နိုင်တယ်။ ဒါပေမယ့် ဘယ်ကိစ္စကို ဦးစားပေးရမလဲ ဆိုတာတော့ မင်း သိထားရမယ်....”

လင်းဟွမ်သည် စီစဉ်သင့်သည်ကို စီစဉ်ပြီးနောက် သွေးရဲရဲလေးနှင့် အမြီးကိုးချောင်း လင့်ကြောင်မြှီးတို့ကို ထားခဲ့ပြီး တံခါးပိတ်ကျင့်ကြံခြင်း အခြေအနေထဲ ဝင်ရောက်သွား၏။

အစောပိုင်းက နောက်ဆုံး ရခဲ့သည့် နတ်ဘုရားရုပ်တု (၃) ခုကို ပေါင်းစည်းရအုံးမည်။

သို့သော်လည်း စိတ်ကူးယဉ် ပုံဖော်ခြင်းက အချိန်အတော် ကြာလိမ့်မည်ဟု တွေးခဲ့သောကြောင့် နောက်ဆုံးလက်ကျန် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ် (၃) ခုအား စိတ်ကူးယဉ် ပုံဖော်မည့်ကိစ္စကို ခေတ္တ ဖယ်ထားခဲ့ခြင်းပင်။

နောက်ဆုံး၌ ဤကိစ္စကို လုပ်ဆောင်ရန် အချိန်ရလာခဲ့ပြီ.....။

နတ်ဘုရားရုပ်တု ကြားထဲတွင် ပထမဦးဆုံး တစ်ခုမှာ အခေါင်းထမ်းသမား ဖြစ်သည်။

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

ဤမွန်းစတားသည် ဟော့ပေါ့ အစပ်အိုးထဲက အရေခွံ ခွာထားသော ဂဏန်းတစ်ကောင်၏ အသားကဲ့သို့ လုံးဝ နီရဲနေသော အသားအရေ ရှိသည်။ အနည်းငယ် လူသားဆန်သော ပုံစံ ရှိသော်လည်း ၎င်း၏ဦးခေါင်းက ခွေးတစ်ကောင်နှင့် နွားတစ်ကောင် ပေါင်းစပ်ထားသည်နှင့် တူ၏။

၎င်း၏ ဦးခေါင်းပေါ်တွင် ချွန်ထက်သော ကျွဲချိုကဲ့သို့ ဦးချိုနှစ်ချောင်း ရှိသည်။ ခြေဖဝါးတွင် ခွာများရှိပြီး လက်တွင် နတ်ဆိုးကဲ့သို့ လက်သည်းများ ရှိသည်။

ပခုံးနောက်တွင် ထူထဲသော အနက်ရောင် ကြိုးနှစ်ချောင်းပါရှိပြီး ကြိုး၏ တစ်ဖက် အဆုံးက ခေါင်းတလားနှင့် ချိတ်ဆက် ထားသည်။ ခေါင်းတလားက သိသိသာသာ လေးသောကြောင့် ထမ်းထားသည့်ခါးက အနည်းငယ် ကုန်းနေသည်။

ဤမွန်းစတားသည် ကြွေလွင့်အသူရာ ပရိုတို့စ် ဖြစ်သည်။ ဒါကို နတ်ဘုရားရုပ်တု အဖြစ် အသွင်ပြောင်းလဲထားသည်ကို မြင်သောအခါ ကျောက်ပြားပင် မမျှော်လင့်ထားသောကြောင့် အနည်းငယ် အံ့အားသင့်ခဲ့ရသည်။ သေနေသော

အသူရာ ပရိုတို့စ်က နတ်ဘုရားရုပ်တုအဖြစ် ပြောင်းလဲသွားခြင်းကို ကျောက်ပြားက ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်းပင်။

အစစ်မှန်ဝိညာဉ် ရွေးချယ်မှုအတွက် အစောပိုင်း ကတည်းက ကျောက်ပြားက လင်းဟွမ်ကို ရှင်းပြခဲ့ပြီးသား ဖြစ်သည်။

လင်းဟွမ်ကလည်း ကျောက်ပြား၏ အကြံပြုချက်အတိုင်း လိုက်နာပြီး အခေါင်းထမ်းသမားအတွက် မရဏာလိပ်ပြာကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ရန် ဆုံးဖြတ်

ထားသည်။ မရဏလိပ်ပြာသည် ယင်-ယန် ဂိတ်ကို ကျွမ်းကျင်၏။ ဤကဲ့သို့ အစစ်မှန် ဝိညာဉ်ကသာလျှင် ရုပ်လောကနှင့် နာမ်လောကကို လွတ်လွတ်လပ်လပ် ကူးလူး သွားလာနိုင်ပေလိမ့်မည်။

အစပိုင်းတွင် ၎င်း၏ တိုက်ခိုက်ရေးအစွမ်းက အခြားသော အစစ်အမှန်ဝိညာဉ်များနှင့် ယှဉ်ပါက အစွမ်းထက်သည်ဟု မယူဆနိုင်သော်လည်း ကြီးထွားလာနိုင်သည့် အလားအလာကောင်းများ ရှိနေသည်။ ကျောက်ပြား၏ အဆိုအရ သေခြင်း နိယာမ ကျွမ်းကျင်သော အစစ်မှန်

ဝိညာဉ်များကြားတွင် လေ့ကျင့်ပေးဖို့ ထိုက်တန်သည့် အစစ်အမှန် ဝိညာဉ် တစ်ခု ဖြစ်နေသည်။

လင်းဟွမ်သည် အစစ်မှန်ဝိညာဉ် စွယ်စုံကျမ်းထဲတွင် မရဏလိပ်ပြာကို ရှာတွေ့ပြီးနောက် ဉာဏ်အလင်းပွင့် ကတ်ကို ခြေမွှပြီး မကြာခင် စိတ်ကူးယဉ် ပုံဖော်သော အခြေအနေထဲ ဝင်ရောက်သွား၏။

လင်းဟွမ်သည် (၁၃) ရက်ခန့် ပြင်းပြင်းထန်ထန် ကြိုးစား အားထုတ်ပြီးနောက် နောက်ဆုံး၌ မရဏလိပ်ပြာကို စိတ်ကူးယဉ် ပုံဖော်နိုင်ခဲ့သည်။

ထိုအချိန်တွင် သူသည် (၈) ခုမြောက် နတ်ဘုရားရုပ်တုကို တရားဝင် ပေါင်းစပ်နိုင်ခဲ့သည်။

သူ့ကိုယ်သူ ပြန်လည် ထိန်းညှိရန် တစ်ရက်တာမျှ အနားယူခဲ့ရသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် စိတ်ကူးယဉ်ပုံဖော်ခြင်း အခြေအနေထဲ ပြန်လည် ဝင်ရောက်သွားပြန်သည်။

နတ်ဘုရားရုပ်တုသည် အမျိုးသမီးတစ်ယောက် ပုံစံ ဖြစ်သည်။ ထိုအမျိုးသမီးသည် ပါးလွှာသော ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လေထဲတွင်

ခြေထောက်ဗလာနှင့် ပျံဝဲနေ၏။ ပါးလွှာသော ခရမ်းရောင် ဝတ်စုံအောက်တွင် ကျောက်စိမ်းနှင့် တူသော အသားအရေကိုပင် ခပ်ဝါးဝါး မြင်နေရသည်။

မဟာဆန်သော ရုပ်ရည်မျိုး ရှိ၏။ ခါးထိရှည်သော အနက်ရောင် ဆံပင်များ ရှိသော်လည်း မျက်နှာအသွင်အပြင် မရှိဘဲ သူမကို ကြည့်ရသည်မှာ ကြောက်စရာ ကောင်းနေသည်။

သူမ၏ ဆံပင်များသည် ကိုယ်ပိုင် အသိစိတ်ရှိသော မရေမတွက်နိုင်သည့် မြွေငယ်လေးများကဲ့သို့ လေထဲတွင် လွန့်လူးနေသည်။ လေ မတိုက်ဘဲ

လှုပ်ရှားနေပြီး တော်တော်လေး ခြိမ်းခြောက်နိုင်စွမ်း ရှိနေသည်။

ဤမွန်းစတားက ပရိုတို့စ်များ ကြားထဲတွင် နတ်ဆိုးဝိညာဉ် ဖြစ်သော ဆံပင်နတ်ဆိုး ဖြစ်သည်။ အဓိကအားဖြင့် ချိတ်ပိတ်ခြင်း နိယာမကို ကျွမ်းကျင်သည် ။

ကျောက်ပြား၏ အဆိုအရ ဤမွန်းစတားနှင့် လိုက်ဖက်မှု အရှိဆုံးမှာ သံခြေချင်း မြွေနဂါး ဖြစ်သည်။ ပရိုတို့စ်များထဲတွင် အစွမ်းထက်ဆုံး ချိတ်ပိတ် နိုင်စွမ်းရှိသည့် မက်ဒူဆာ မျိုးနွယ်၏

ဘိုးဘေးသည် သံခြေချင်း မြွေနဂါးထံမှ စွမ်းရည် အမွေရခဲ့သည်ဟု ဒဏ္ဍာရီထဲတွင် ဆိုထားသည်။

မကြာခင် လင်းဟွမ်သည် အစစ်မှန်ဝိညာဉ် စွယ်စုံကျမ်းထဲ၌ သံခြေချင်း မြွေနဂါးကို ရှာတွေ့ခဲ့သည်။ ဉာဏ်အလင်းပွင့်ကတ်ကို ခြေမှုပြီး စိတ်ကူးယဉ် ပုံဖော်သော အခြေအနေထဲသို့ နောက်တစ်ကြိမ် ဝင်ရောက်သွားသည်။

ဤတစ်ကြိမ် စိတ်ကူးယဉ် ပုံဖော်မှုသည် စုစုပေါင်း (၁၂) ရက် ကြာမြင့်ခဲ့ပြီး နောက်ဆုံး၌ အောင်မြင်ခဲ့သည်။

တစ်ရက် အနားယူပြီးနောက် လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲမှ နောက်ဆုံး ကျန်ရှိသည့် နတ်ဘုရားရုပ်တုကို ကြည့်လိုက်သည်။

ဤ နတ်ဘုရားရုပ်တုကို ကြည့်ရသည်မှာ ကစားစရာ အရုပ်လေးတစ်ရုပ်နှင့် တူနေသည် ။ ခြေတိုတို၊ လက်တိုတိုနှင့် မျက်နှာက မိတ်ကပ်လိမ်းထားသော လူရွှင်တော်မျက်နှာ မျိုးပင် ။ ၎င်းတွင် ဗိုက်ရှိရမည့်အစား စက်နာရီတစ်လုံး တပ်ဆင်ထားသည်။ နာရီလက်တံ သာမက မိနစ်လက်တံ၊ စက္ကန့်လက်တံ၏ အချိန်

အတိုင်းအတာကိုပင် မြင်နေရပြီး အတွင်းထဲရှိ ခွေးသွားစိတ်များ၊ ဂီယာများကိုပင် ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ဒါသည် ပရိုတို့စ်များကြားထဲတွင် အရေအတွက် အကန့်အသတ်သာ ရှိပြီး တစ်မူထူးခြားသော မျိုးစိတ်ဖြစ်သည့် အချိန်ဝိညာဉ် ဖြစ်သည်။ ဤမွန်းစတားသည် အချိန်နိယာမကို ကျွမ်းကျင်ပြီး သတ်မှတ်ထားသော နေရာတစ်ခုအတွင်းက အချိန်စီးဆင်းမှုကို ရပ်တန့်နိုင်၏။

ဤတစ်ကြိမ်တွင် လင်းဟွမ်က အချိန်ဝိညာဉ်အတွက် စိတ်ကူး ယဉ်ပုံဖော်သည့် အရာမှာ ဖန်ဆင်းရှင် နာရီဟု ခေါ်သည်။ ဤဖန်ဆင်းရှင် နာရီသည် ကမ္ဘာ့အချိန် ဖြစ်ကြောင်း ဒဏ္ဍာရီထဲတွင် ဆိုထားသည်။

နာရီလက်တံကို ပြောင်းပြန် လှည့်လိုက်ရုံနှင့် ထိုဖန်ဆင်းရှင် နာရီက သက်ရှိများ၏ သေခြင်း၊ ရှင်ခြင်းကို ထိန်းချုပ်နိုင်သည်။ အစစ်အမှန် ဝိညာဉ် တစ်ခုက အချိန်၏ စီးဆင်းမှုကိုပင် ထိန်းချုပ်နေ သလိုပင် ။

ဖန်ဆင်းရှင် နာရီသည် ဝိညာဉ်စွယ်စုံကျမ်း၏ ပထမ စာမျက်နှာပေါ်တွင် ရှိသည်။

လင်းဟွမ်သည် ဝိညာဉ် စွယ်စုံကျမ်းကို အခေါက်ပေါင်း များစွာ မြင်နေရသောကြောင့် ဤအစစ်အမှန် ဝိညာဉ်၏ အချက်အလက်များကို သိနေခြင်းပင်....

ယခုအခါ နောက်ဆုံး၌ တရားဝင် ကြည့်ခြင်း ဖြစ်သည်။

လင်းဟွမ်သည် ဥာဏ်အလင်းဖွင့်ကတ်နောက်တစ်ကတ်ကို ခြေမွှပြီး မကြာခင် စိတ်ကူးယဉ်ပုံဖော်သော အခြေအနေထဲ ဝင်ရောက်သွားသည်။

တတိယမြောက် အစစ်အမှန် ဝိညာဉ်ကို စိတ်ကူးယဉ် ပုံဖော်ရန် စုစုပေါင်း (၁၈) ရက်ကြာမြင့်ခဲ့သည်။ သူပိုင်ဆိုင်ထားသော အစစ်အမှန်ဝိညာဉ် များထဲတွင် စိတ်ကူးယဉ်ပုံဖော်ရန် အကြာဆုံး အချိန်ယူခဲ့ရသည့် အစစ်မှန်ဝိညာဉ်ဆိုလည်း မမှားပေ။

နောက်ဆုံး၌ လင်းဟွမ်သည် (၁၀) ခုမြောက် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်ကို စိတ်ကူးယဉ် ပုံဖော်ပြီးနောက် သက်ပြင်းရှည်ကြီး ချလိုက်သည်။

နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ် (၁၀) ခုကို စုစည်းခြင်းက အဆုံးသတ် မဟုတ်သေးပေ။

လင်းဟွမ်သည် ဝိညာဉ် သလင်းကျောက်ပုံကြီးကို ထုတ်ယူပြီး နောက်ဆုံးကျန်ရှိသည့် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ် (၃) ခုကို စတင် ကျွေးမွေးလိုက်၏။

နေ့တစ်ဝက်ခန့် အချိန်ယူခဲ့ပြီးနောက် အင်ပါယာ ရွှေဖြူရောင်အဆင့် ရောက်သည်အထိ ကျွေးမွေးနိုင်ခဲ့သည်။ ကျန်ရှိသည့် ဝိညာဉ် သလင်းကျောက်များနှင့် နတ်ဘုရားရုပ်တုတိုက်ခိုက်ရေး ဝိညာဉ်သုံးခုကို အင်ပါယာ ရွှေဖြူရောင်အဆင့်မှ အင်ပါယာ ရွှေခရမ်းရောင်အဆင့်အထိ မြှင့်တင်နိုင်ပါ့မလား ဆိုသည်မှာ မသေချာသောကြောင့် တိုက်ခိုက်ရာတွင် ညံ့ဖျင်းသော မရဏလိပ်ပြာကို ဘေးဖယ်ထားလိုက်သည်။

သူ့လက်ထဲတွင် ရှိနေသော နောက်ဆုံးလက်ကျန် နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက် နှစ်ခုကို ထုတ်ယူပြီး သံခြေချင်း မြွေနဂါးနှင့် ဖန်ဆင်းရှင် နာရီတို့ကို ကျွေးလိုက်သည်။

ထိုနှစ်ကောင်သည် စားသုံးပြီးနောက် အင်ပါယာ ရွှေခရမ်းရောင် အဆင့်ကို တက်လှမ်းသွားကြသည်။

ထို့နောက် လင်းဟွမ်သည် လက်ကျန်ဝိညာဉ် သလင်းကျောက်များကို မရဏာလိပ်ပြာအား ကျွေးလိုက်၏ ။ နောက်ဆုံး၌ ကောင်းကင်ကြီး မှောင်စ ပြုလာသောအခါ မရဏာလိပ်ပြာသည်

ဝိညာဉ် သလင်းကျောက်များကို စားသုံးပြီး အင်ပါယာ ရွှေခရမ်းရောင်အဆင့် အထိ မြင့်တက်သွားခဲ့သည်။

လင်းဟွမ်၏ သိုလှောင်နေရာထဲတွင် ကျန်ရှိသည့် ဝိညာဉ်သလင်းကျောက်မှာ တစ်ထောင်ပင် မပြည့်တော့ချေ။ ထိုအချိန်တွင် သူ၏ နတ်ဘုရားရုပ်တု ဝိညာဉ် (၃) ခုလုံးက အင်ပါယာ ရွှေခရမ်းရောင်အဆင့်သို့ ရောက်သွားသောကြောင့် သူကလည်း အင်မော်တယ် အဆင့် (၁၀) အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့သည်။

အခန်း(၁,၀၁၇) - ရှောင်မိုး၏ စိန်ခေါ်မှု

ဒါသည် လင်းဟွမ် (၄၅) ရက် တံခါးပိတ်ကျင့်ကြံသည့် ပထမဦးဆုံးနေ့ ဖြစ်သည်။

ရှောင်မိုသည် သူ့ခေါင်းထဲက ပြိုင်ဘက်ကင်းသိုင်းနတ်ဘုရား ကျင့်စဉ်ကို ဖတ်နေသည်။ ဤကျင့်စဉ်သည် သူ့အတွက် ကျင့်ကြံခြင်းစနစ်အသစ် ဖြစ်သည်။ အကြမ်းဖျင်းလှန်ကြည့်ပြီးနောက် ရှေးဟောင်းကျင့်စဉ် တစ်ခု ဖြစ်ကြောင်း သဘောပေါက်သွားသည်။

လင်းဟွမ်၏ အပြောအရ ဤကျင့်စဉ်က သူ့ကို အတုယောင် နတ်ဘုရားအဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင်ကြောင်း သိရှိထား၏ ။

ရှောင်မိုသည် စိတ်လှုပ်ရှားခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့နှင့် အတူ ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရား ကျင့်စဉ်၏ ပထမအဆင့်ကို စတင် ကျင့်ကြံလိုက်သည်။

ဤကျင့်စဉ်သည် အထူးသဖြင့် အဆင့် သုံးဆင့်တွင် လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲက အသွေးအသား၊ အဂီနှင့် အရိုးများကို မြှင့်တင်ပေးပြီး

လူတစ်ယောက်၏ အမြင့်ဆုံး စွမ်းဆောင်ရည်ကို ဖြစ်ပေါ်စေသည်။ အဆင့်လေးတွင် ခန္ဓာကိုယ်၏ ကန့်သတ်ချက်ကို ကျော်ဖြတ်ရန် စွမ်းအားပင်လယ်ကို စတင် အသုံးပြုရသည်။ ထိုအဆင့်ကို အောင်မြင်ပါက သန့်ရှင်း မီးလျှံအဆင့်ကို ရောက်ရှိပြီး သာလွန်တစ်ယောက် ဖြစ်လာလိမ့်မည်။

ရှောင်မိုသည် သူ့ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစွမ်းအားအတိုင်း လိုက်ပါ၍ ပြိုင်ဘက်ကင်းသိုင်းနတ်ဘုရား ကျင့်စဉ် ပထမအဆင့်ကို ကျင့်ကြံလိုက်သည်။ သူ ထင်ထားသည်ထက်

အများကြီး ပို၍ အောင်မြင်ခဲ့သည်။ ပုံမှန် အခြေအနေဆိုပါက ကျင့်စဉ်၏ ပထမအဆင့်ကို အပြည့်အဝ လည်ပတ်ရန် လူ တော်တော် များများက မလုပ်နိုင်ကြပေ။ သို့သော်လည်း သူကမူ တစ်ကြိမ်လည်ပတ်မှု ပြီးမြောက်စေရန် သုံးနာရီသာ အချိန်ယူခဲ့ရ၏ ။

အစပိုင်းတွင် ဒါသည် လည်ပတ်မှု တစ်ခုမျှသာ ဖြစ်ခဲ့သော်လည်း ပထမတစ်ကြိမ် လည်ပတ်မှု ပြီးသည့်နောက် စွမ်းအင်စီးကြောင်းများ ဖွဲ့စည်း သွားသည် ။ ပြီးပြည့်စုံသော လမ်းကြောင်းတစ်ခုကို

ဖွဲ့စည်းခဲ့သည်။ ဤကဲ့သို့ဖြင့် ရှောင်မိုသည် အဆင့် (၁) စွမ်းအင်ကို အလွယ်တကူ တည်ဆောက်နိုင်ခဲ့သည်။ သူကိုယ်တိုင်ပင် အနည်းငယ် မယုံကြည်နိုင် ဖြစ်နေသည်။

ရှောင်မိုသည် ကျင့်စဉ်၏ အဆင့် (၁) ကို အောင်မြင်ပြီးနောက် ကျင့်စဉ် အဆင့် (၂) ကို ချက်ချင်း မစတင်ခဲ့ပေ။ ထိုအစား အဆင့် (၁) ကိုသာ ဆက်လက် လည်ပတ် နေခဲ့သည်။ သူ့ကံကြမ္မာစက်ဝိုင်းထဲမှ စွမ်းအားများကို စွမ်းအင်လမ်းကြောင်း အသစ်ထဲ ထပ်မံ

ထည့်သွင်းလိုက်သည်။ စီးဆင်းမှု အရှိန်က ပိုမို မြန်ဆန်လာပြီး စမ်းချောင်းအလား ကြီးထွားလာသည်။ ရှောင်မိုသည် စွမ်းအင် စီးကြောင်းကို အရှိန်အဟုန်နှင့် ထပ်ခါထပ်ခါ လည်ပတ်နေ၏။ နောက်တစ်နေ့ မနက်တွင် လည်ပတ်မှု အရှိန်ကို ချုံ့လိုက်သည် ။

ကနဦး စီးဆင်းမှုက အလွန် အားကောင်းသည်ဟု ဆိုပါက ယခုအခါ၌ ကြီးမားသော မြစ်ကြီး တစ်စင်းအလား စီးဆင်းနေသည်။

“အခု အဆင့် (၁) ကို ကျင့်ကြံတာ တော်တော်လေး ပြီးသွားပြီ..”

ရှောင်မိုက သူ့ခန္ဓာကိုယ်ထဲမှ အသိစိတ်ကို ပြန်လည် ဆွဲထုတ်သောအခါ နောက်တစ်နေ့ မနက် ရောက်နေပြီ ဖြစ်ကြောင်း သိလိုက်သည်။ ထိုစဉ် သွေးရဲရဲလေး၏ အသံကို ကျယ်လောင် ပြတ်သားစွာ ကြားလိုက်ရ၏ ။

“ အခု (၇)နာရီ ထိုးနေပြီ။ သခင် ပြောသလိုဆို မနက် (၇) ကနေ ည (၇) နာရီအထိ ကြိုးကိုတွဲအချိန် သွားလို့ရတယ်။ မင်းရဲ့တာဝန်က မနက်စာ စားပြီး

လူတွေနဲ့ ထိတွေ့ဆက်ဆံဖို့ပဲ။ ဒီ တာဝန်ကို မပျက်ကွက်ပါနဲ့လို့ အကြံပေးချင်တယ်”

“ အချိန်မတူရင် ကွာခြားမှု ရှိနိုင်လား..”

ရှောင်မိုက စိတ်အိုက်နေသော အမူအရာနှင့် မေးလိုက်သည်။

“ ပုံမှန် အားဖြင့်တော့ မနက်ခင်းက နေ့တစ်နေ့ရဲ့ အစပဲ။ ညဘက် ကောင်းကောင်း အိပ်ထားရင် စွမ်းအင် ပြည့်ဝနေလို့ မနက်ခင်းမှာ လူတွေ စိတ်အကြည်ဆုံး ၊ အလန်းဆန်းဆုံးပေါ့။ ဒါကြောင့်

မနက်ပိုင်းက တခြားလူနဲ့ ရင်းနှီးဖို့ အလွယ်ဆုံး အချိန်ပဲ..”

သွေးရဲရဲလေးက ပြုံးပြီး ရှင်းပြလိုက်သည်။

ရှောင်မိုသည် သူ့ဘာသာသူ ပြန်တွေး ကြည့်သောအခါ တစ်ညလုံး အိပ်ပြီးနောက် မနက်မိုးလင်းသည့် အချိန်တွင် စိတ်အခြေအနေ အကောင်းဆုံး ဖြစ်နေကြောင်း သိလိုက်ရသည်။

“ကြည့်ရတာ ဒီ သဘောကြောင့် ထင်တယ်..”

“ ထ.. အခုပဲ မျက်နှာသွားသစ်.. မနက်စာ စားပြီးတာနဲ့ ပန်းခြံထဲ လမ်းလျှောက်ကြမယ်။ ပန်းခြံထဲမှာ (၁) နာရီ လမ်းပတ်လျှောက် ပြီးမှ ပြန်လာပြီး ကျင့်ကြံကြတာပေါ့ ”

ရှောင်မိုသည် ပန်းခြံကို သွားချင်စိတ် မရှိသော်လည်း ခေါင်းညိတ် လိုက်သည်။ ရေချိုးခန်းထဲ ဝင်သွားပြီး ရေချိုး မျက်နှာ သစ်လိုက်သည်။ ပြီးသွားသောအခါ မနက် (၇) နာရီ ထိုးခါနီး ဖြစ်နေပြီ။

ထို့နောက် သွေးရဲရဲလေး၊ အမြီးကိုးချောင်း လင့်ကြောင်မြီးတို့ တို့နှင့်အတူ ထွက်လာခဲ့သည်။

သွေးရဲရဲလေးက သူ့ကိုယ်သူ ကြောင်ငယ်လေး ပုံစံပြောင်းပြီး ရှောင်မိုး၏ ပခုံးပေါ်တွင် ထိုင်လိုက်၏။

အမြီးကိုးချောင်း လင့်ကြောင်မြီးတို့ကမူ လင်းဟွမ်မှလွဲလျှင် မည်သူနှင့်မှ ထိတွေ့ဆက်ဆံခြင်း မလုပ်ချင်သောကြောင့် သူ့ဘာသာသူ လမ်းလျှောက် သွားသည်။

ရှောင်မိုးသည် မနက်စာ ဘာစားရမှန်း မသိသောကြောင့် မနေ့တုန်းက လင်းဟွမ်

ခေါ်ဆောင်ခဲ့သည့် ဆိုင်ကိုသာ သွားလိုက်သည်။ ရောက်သောအခါ လူများ တန်းစီနေပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။ ထိုင်စရာနေရာ ပြည့်ပြီး တန်းစီနေသော လူများကိုမြင်လျှင် လှည့်ပြန်ရန် လုပ်လိုက်သည်။

သို့သော် သူ့ဌေးက သူ့ကိုမြင်ပြီး လှမ်းအော်လိုက်သည်။

“ ကောင်လေး ဒီမှာ နေရာရှိတယ်..”

ရှောင်မိုသည် အနေရခက်သော ခံစားချက်များ ဖြစ်ပေါ်နေသော်လည်း သူ့ဌေးမကို ခေါင်းညိတ်ပြ လိုက်သည်။

“ ဒီနေ့ နောက်ကျတယ်နော်.. မင်းရှေ့မှာ တန်းစီနေတဲ့ လူနှစ်ယောက် ရှိသေးတယ်..”

သူ့ဌေးမက ပြုံးပြီး သတင်းအသစ် ပြောလိုက်သည်။

“ ခဏလေးစောင့်... မကြာခင် မင်းအလှည့် ရောက်တော့မှာပါ ..”

ရှောင်မိုက ကူကယ်ရာ မဲ့နေသော ခံစားချက်များနှင့် ခေါင်းညိတ်ပြလိုက်ပြီး ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက် နောက်တွင် ဝင်တန်းစီလိုက်သည်။ မကြာခင် သူ့အလှည့် ရောက်လာ၏။

သူ့အတွက် ဖက်ထုပ်ကြော် နှစ်ပွဲနှင့် သွေးရဲရဲလေးနှင့် လင့်ကြောင်မြီးတိုအတွက် ဘန်းမုန့်ကြော်နှစ်ပွဲ မှာလိုက်သည်။ မှာပြီး၍ ဆိုင်ထဲလှည့်ကြည့် လိုက်သောအခါ လူ မလွတ်သေးကြောင်း တွေ့လိုက်ရသည်။ ဘာလုပ်ရ၍

ဘာလုပ်ရမှန်းမသိ ဖြစ်နေပြီး ကြောင်တောင်တောင် မတ်တပ်ရပ်နေမိသည်။

ထိုအချိန်တွင် သွေးရဲရဲလေးက သူ့ပခုံးပေါ်မှ ခုန်ဆင်းသွားပြီး လွတ်နေသော ထိုင်ခုံတစ်ခုပေါ် ခုန်တက်သွားသည်။ သို့သော်လည်း ထိုစားပွဲပေါ်တွင် ကောင်မလေးတစ်ယောက် ထိုင်နေသည်။

ရှောင်မိုသည် ယခင်က သူစိမ်းများနှင့်အတူ တစားပွဲတည်း မထိုင်ဖူးပေ။ သွေးရဲရဲလေး၏ လုပ်ရပ်ကြောင့်လည်း အံ့အားသင့်သွား၏။

ထိုစဉ် သွေးရဲရဲလေး၏ အသံက သူ့နားထဲ ရောက်လာသည်။

“ ဒီမှာထိုင်.. အခုက လူတစ်ယောက်တည်းနဲ့ မျှထိုင်ရတာ။ မဟုတ်ရင် နောက်ပိုင်း လူပိုများ လာလိမ့်မယ်။ နဲနဲ စောနေတာနဲ့ အတော်ပဲ ငါတို့ စားပြီးမှ သွားကြတာပေါ့ ”

ရှောင်မိုတွင် ရွေးချယ်စရာ မရှိတော့ချေ။ သွေးရဲရဲလေး ဦးထားသော ထိုင်ခုံသို့ လျှောက် သွားလိုက်သည်။

ထိုအချိန်တွင် အမြီးကိုးချောင်းလင့်ကြောင်မြီးတိုက ခုံတန်းပေါ် ခုန်တက်ပြီး ကောင်မလေးကို တစ်ချက် ကြည့်လိုက်သည်။ သို့သော်လည်း စားပွဲပေါ် မသွားခဲ့ပေ။

ဘန်းမုန့်ကြော် စားနေသော ကောင်မလေးက သူ့ရှေ့တွင် ရှောင်မိုနှင့် ကြောင်လေးနှစ်ကောင် ထိုင်လိုက်သည်ကို မြင်လျှင် စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

“ လှလိုက်တဲ့ ကြောင်လေးတွေ.. မင်း မွေးထားတာလား..”

ကောင်မလေးက သူ့ကို စကားပြောလိုက်သောအခါ ရှောင်မိုသည် တစ်ကိုယ်လုံးတုန်တက်သွား၏ ။ ဤကဲ့သို့ အခြေအနေမျိုးကို ရှောင်ချင်သောကြောင့် လူစိမ်းများနှင့် တစ်စားပွဲတည်း မထိုင်ချင်ခြင်း ဖြစ်သည် ။

ကောင်မလေး၏ မေးခွန်းကို မသိသလိုလုပ်ရန် စိတ်ကူးလိုက်စဉ် သွေးရဲရဲလေး၏အသံက သူ့နားထဲ နောက်တစ်ကြိမ် ရောက်လာသည် ။

“ အဆင်ပြေအောင် စကားလေး ဘာလေး ပြန်ပြောလေ .. ဘာပြောရမှန်း မသိရင် ငါ သင်ပေးမယ်.. ငါ့ နောက်ကလိုက်ပြော. .”

ရှောင်မိုသည် သွေးရဲရဲလေးကို ကြည့်ပြီး မသိမသာ ခေါင်းညိတ်ပြလိုက်၏။ ခဏအကြာ သူက စကားပြောလိုက်သည်။

“ မဟုတ်ဘူး.. ငါ့အပိုင် မဟုတ်ဘူး.. ငါ့သူငယ်ချင်း မွေးထားတာ ..”

“ အိုး တကယ်လား.. ငါ ထိကြည့်လို့ ရလား.. ”

ကောင်မလေးက စိတ်လှုပ်ရှားစွာ တောင်းဆိုလာသည်။

ရှောင်မိုက အဖြေမပေးခင် သွေးရဲရဲလေးကို ကြည့်လိုက်သည်။

“ စားပွဲပေါ်က တစ်ကောင်တော့ ကိစ္စမရှိဘူး.. ဟိုနားပေါ်က ကောင်လေးကတော့ ကိုက်တတ်တယ်.. ”

ကောင်မလေးသည် ခွင့်ပြုချက် ရပြီးသည်နှင့် သွေးရဲရဲလေးကို ပွေ့ဖက် နမ်းရှုံ့လိုက်၏ ။

သွေးရဲရဲလေးသည် စားပွဲပေါ်တွင် ဆောင့်ကြောင့် ထိုင်ချလိုက်ပြီး ကောင်မလေး၏ ပွေ့ဖက်မှုကို လုံးဝ မရှောင်ခဲ့ပေ။ သွေးရဲရဲလေးသည် ရှောင်မိုး၏ လူမှုဆက်ဆံရေး ပြဿနာကို ဖြေရှင်းနိုင်ရန် သူ့ကိုယ်သူ စတေးဖို့ ဆုံးဖြတ်ထားပုံပင် ။

မကြာခင် သူ့ဌေးက ဘန်းမုန့်ကြော်နှင့် ဖက်ထုပ်ကြော် လာချပေးသည် ။

“ဟေ့ ကောင်လေး.. ဒီနေ့ မင်း အဖော် မပါဘူးလား..”

ရှောင်မိုက သွေးရဲရဲလေးကို နောက်တစ်ကြိမ် ငုံ့ကြည့်ပြီး အဖြေတောင်းလိုက်သည်။

“ အခုတလော သူ အလုပ်ရှုပ်နေလို့..”

“ ဒါဆိုလည်း ပျော်ပျော် စားကြပါ”

သူဌေးမက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ ထို့နောက် ပြန်လှည့်ထွက်သွားပြီး သူမအလုပ်ကို ဆက်လုပ်နေသည်။

သူဌေးမက ဘန်းမုန့်ကြော်နှင့် ဖက်ထုပ်ကြော် ခြောက်ပွဲ လာချသည်ကိုမြင်လျှင် မျက်နှာချင်းဆိုင်မှ

ကောင်မလေးသည် မမျှော်လင့်ထားသဖြင့် အံ့ဩသွားသည်။

“ မင်း စားလှချည်လား..”

“ သူတို့နှစ်ယောက် ကူစား ပေးလိမ့်မယ်.. ”

ရှောင်မိုက ပြန်ဖြေလိုက်သည်။

မျက်နှာချင်းဆိုင်က ကောင်မလေး အံ့ဩသွားသည်။

မကြာခင် သွေးရဲရဲလေးနှင့် အမြီးကိုးချောင်းလင့်ကြောင်မြီးတို့က သူတို့၏ အစားအသောက်ကို

ကုန်အောင် စားလိုက်ကြသည်။ ရှောင်မိုထက် နှေးကွေးခြင်း မရှိပေ ။

မျက်နှာချင်းဆိုင်မှ ကောင်မလေးသည် ကြောင်နှစ်ကောင်က သူတို့၏ ဘန်းမုန့်ကြော်နှင့် ဖက်ထုပ်ကြော်အား ကုန်အောင် စားလိုက်သည်ကို မြင်လျှင် အံ့အားသင့်သွားသည်။

“ ဒီ ကြောင်နှစ်ကောင်က တော်တော် စားနိုင်တာပဲ.. ”

သူတို့ မနက်စာစားပြီး ထွက်ခါနီးတွင် တန်းစီနေသော လူတန်းကြီးက အရှည်ကြီး

ဖြစ်နေခဲ့ပြီ။ ရှောင်မိုသည် အမြန် ငွေရှင်းပြီး ပန်းခြံသို့ လျှောက်သွားလိုက်သည်။

ကံကောင်းထောက်မစွာဖြင့် ပန်းခြံထဲတွင် လူနည်းနေသည်ကို မြင်လိုက်ရလျှင် ရှောင်မို စိတ်သက်သာရာ ရသွား၏။

မကြာခင် ကျောင်းသွားသော ကျောင်းသားလေး တစ်စုက သူ့အနားတွင် စုဝေးလာသည်။ ကြောင်နှစ်ကောင်က စွဲဆောင်သွားသည်မှာ အထင်အရှားပင် ။

ကျောင်းသားများ အနား မရောက်ခင် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက ခြေတစ်လှမ်း နောက်ဆုတ်ပြီး ပျောက်ကွယ်သွား၏ ။ ပြန်ပေါ်လာသောအခါ ကျောင်းသားများနှင့် ဆယ်မီတာ ဝေးနေသည်။

“ ကိုကြီး.. ဒီကြောင်လေးတွေက အရမ်း ချစ်စရာကောင်းတယ် ကိုကြီး မွေးထားတာလား..”

“ ကိုကြီး.... ကိုင်ကြည့်လို့ ရမလား...”

...

ထိုအချိန်တွင် ရှောင်မိုသည် ဘာလုပ်ရမှန်း မသိသဖြင့် အကူအညီတောင်းမည့် မျှော်လင့်ချက်ဖြင့် သွေးရဲရဲလေးကို ချက်ချင်း လှမ်းကြည့်လိုက်သည်။ ထိုစဉ် သွေးရဲရဲလေး၏ အသံက သူ့နားထဲ ရောက်လာသည်။

“ ဒါ ပန်းခြံ.. အခုအချိန်ကစပြီး မင်းကိုယ်မင်းပဲ အားကိုးရမှာ။ မင်းကို အကြံတစ်ခုပဲ ပေးမယ်၊ အပြန်အလှန် ဆက်ဆံမှုကို မငြင်းပါနဲ့..”

ရှောင်မို၏ မျက်နှာသည် ညှိုးကျသွားသော်လည်း နောက်ဆုံးတွင် ထွက်ပြေးရန် မရွေးချယ်ခဲ့ပေ။

ထိုအစား အိုးတိုးအန်းတန်း အမှုအရာနှင့် ပြန်ဖြေလိုက်၏ ။

“မင်း.. မင်းတို့ .. ထိလို့ရတယ်.. ငါ့သူငယ်ချင်းရဲ့ ကြောင်..”

....

ရှောင်မိုသည် ပျော်ရွှင်စွာ ထွက်ခွာသွားသော ကလေးတစ်သိုက်ကို ကြည့်ပြီး သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။ သို့သော်လည်း သူစိမ်းများနှင့် ဆက်ဆံရခြင်းက သူထင်သလောက် မခက်ခဲကြောင်း သဘောပေါက်သွားသည်။

“ ဒီနေ့ လူသုံးယောင်နဲ့ စကားပြောရမယ့် မင်းတာဝန် ပြီးမြောက်သွားပြီ ။ အခု ဆက်လုပ်ရမှာက ပန်းခြံထဲမှာ တစ်နာရီနေဖို့ပဲ..”

သွေးရဲရဲလေးက ဗုံမဆင့်ဆိုင်းမဆင့် သတိပေးလိုက်သဖြင့်...

ရှောင်မို၏ မျက်နှာသည် နောက်တစ်ကြိမ် ညှိုးငယ်သွားပြန်သည်။

အခန်း(၁,၀၁၈) - အထောက်အထား ပေါက်ကြားခြင်း

ရှောင်မိုသည် ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရား ကျင့်စဉ်ကို ကျင့်ကြံရသည်မှာ သူ စိတ်ကူးထားသည်ထက် ပိုမို ကောင်းမွန်နေခဲ့သည်။

ငါးရက်ကြာပြီးနောက် ကျင့်စဉ်၏ အဆင့် (၃) ကို အောင်မြင်သွားခဲ့သည်။ သူ့ ခန္ဓာကိုယ်ထဲတွင် စွမ်းအင်စက်ဝိုင်းသုံးခု တည်ဆောက်ပြီး အဆင့် (၄)

အောင်မြင်ရန် နောက်ထပ် သုံးရက်သာ ကြာမြင့်ခဲ့သည်။

သူ့ခန္ဓာကိုယ်အတွင်း ကြီးမားသော စက်ဝိုင်းကြီး တစ်ခုကို တည်ဆောက်ကာ သေးငယ်သော စက်ဝိုင်း (၃) ခုနှင့် ပိတ်ဆို့ခြင်း မရှိဘဲ ချိတ်ဆက်ထားလိုက်၏။ ထို့နောက် လင်းဟွမ်ပေးခဲ့သော တစ်လတာ တာဝန်ကို အောင်မြင်ပြီး သန့်ရှင်းမီးလျှံ အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ထို့ပြင် အဆင့် (၅) နှင့် အဆင့် (၆) တို့ကို အောင်မြင်ရန် ဆယ်ရက်သာ အချိန်ယူခဲ့ရသည်။

ယခုအခါ သေမျိုး အသွင်ပြောင်း အထွတ်အထိပ် အဆင့်သို့ ရောက်ရှိသွားခဲ့ပြီ။

ထိုအချိန်မှစ၍ သူ၏ ကျင့်ကြံမှုအရှိန်သည် နှေးကွေးလာ၏ ။ ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရား ကျင့်စဉ်၏ အဆင့် (၇) ကို အောင်မြင်ရန် တစ်ပတ်ပြည့်အောင် အချိန်ယူခဲ့ပြီး သူ၏ တိုက်ခိုက်ရေး အဆင့်က တက်လှမ်းခြင်း အဆင့်သို့ ရောက်ရှိသွားသည်။

(အင်မော်တယ်အဆင့်နှင့် အဆင့်တူ.....)

သူ၏ အဆင့်တက်လှမ်းမှုက နှေးကွေးသွားသော်လည်း ကျင့်ကြံမှု မရှိသည့်အဆင့်မှ တက်လှမ်းခြင်းအဆင့်သို့ ရောက်ရှိရန် စုစုပေါင်း (၂၅)ရက်သာ အချိန်ယူခဲ့ရသည် ။

ရှောင်မို မသိသည်မှာ ဖူမင်းဟန်နှင့် ချီဟောင်တို့သည် ရှေးဟောင်းကျင့်စဉ်ကို ကျင့်ကြံရာ၌ အလျင်မြန်ဆုံးလူများ ဖြစ်ကြသော်လည်း သူတို့ထဲမှ တစ်ယောက်သည် (၂၃) ရက် ကြာမြင့်ခဲ့ပြီး နောက်တစ်ယောက်က (၂၇) ရက် ကြာမြင့်ခဲ့သည်။

ထိုအချိန်တွင် ရှောင်မိုသည် သေမျိုး အသွင်ပြောင်းအဆင့်သို့ ဖြတ်ကျော်ရန် ရှစ်ရက်သာ အချိန်ယူခဲ့ရသည်။ ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရား ကျင့်စဉ်သည် ရှောင်မိုအား မည်သည့်ဖိအားမျှ မပေးခဲ့ပေ။ ထိုအစား ယုံကြည်မှုပင် ပိုရလာခဲ့သည် ။

သွေးရဲရဲလေးကလည်း ပန်းခြံထဲမှ သူ၏ တိုးတက်မှုအတွက် ကျေနပ်နေ၏ ။

ရှောင်မိုသည် လူစုလူဝေး နေရာများကို မကြိုက်သေးသော်လည်း လွန်ခဲ့သည့် ရက် (၂၀) အတွင်းတွင် သူစိမ်းများနှင့် အနည်းငယ် စကား

ပြောတတ်လာခဲ့သည်။ ထိုနေရာတွင် တစ်နာရီခန့် နေရသည့်အချိန်တွင် သူ့၌ ဘာမှလုပ်စရာ မရှိသောကြောင့် ပန်းခြံထဲမှ လူတို့၏ နေ့စဉ်ဘဝကို ကြည့်ရှုလေ့လာခဲ့သည် ။

လေ့ကျင့်ခန်း လုပ်နေသည့် လူများ၊ စစ်တုရင် ကစားနေသည့် လူများ၊ လက်ဖက်ရည် သောက်နေသည့် လူများ၊ ကခုန်နေသည့် လူများ၊ သီချင်းဆိုနေသည့် လူများ....

လူများက ဘာကြောင့် ဤကဲ့သို့ အချိန် ဖြုန်းနေရလဲ ဆိုသည်ကို သူနားမလည်ပေ။ မကြာခင်

ထိုအရာတွေထဲမှ ပျော်စရာများကို စတင်တွေ့ရှိလာခဲ့သည် ။

သွေးရဲရဲလေး၏ အားပေးမှုကြောင့် လှုပ်ရှားမှုအနည်းငယ်တွင် ပါဝင်ရန် ကြိုးစားလာခဲ့သည်။

နောက်ပိုင်းတွင် ရင်းနှီး လာပြီးနောက် စကားလာပြောတတ်သော အဒေါ်များနှင့် ဦးလေးများထံမှ ပုံပြင်ပေါင်းများစွာ ကြားခဲ့ရသည်။ ထိုအရာများသည် သူ တစ်ခါမှ မကြားဖူးသော အရာဖြစ်နေပြီး သူ့အတွက် အသစ်အဆန်းဖြစ်နေ၏ ။

မနက်အစောပိုင်း တစ်နေ့တွင် ရှောင်မိုသည် မနက်စာ စားပြီးနောက် ပန်းခြံထဲ ရောက်ပြီး သိပ်မကြာခင် ဆံပင်နှင့် မုတ်ဆိတ်များ ဖြူနေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရသည်။

အဘိုးအိုသည် အနည်းငယ် ပိန်လှီပြီး အရပ်က (၁.၈) မီတာခန့် ရှိ၏ ။ အစိမ်းရောင် ဖိနပ်တစ်ရံ စီးထားပြီး သူတို့ထံ လမ်းလျှောက်လာနေသည်။

ရှောင်မိုတို့ ရှေ့မှ လမ်းလျှောက်နေသော အမြီးကိုးချောင်း လင့်ကြောင်မြီးတိုသည် ရှေ့က

လျှောက်လာသော အဘိုးအိုကို သေသေချာချာ စိုက်ကြည့်ရင်း ရုတ်တရက် ရပ်တန့်သွား၏ ။

မကြာခင် ရှောင်မိုလည်း တံတားပေါ်တွင် မတ်တပ် ရပ်လိုက်သည်။ ထိုလူထံမှ ထွက်ပေါ်လာသော ခြိမ်းခြောက်မှုကို အလိုလို ခံစားမိသောကြောင့် သူ့နှလုံးက တဆတ်ဆတ် ခုန်နေသည် ။

အခြား တစ်ဖက်တွင်မူ သွေးရဲရဲလေးက တိုက်ခိုက်ရေးအဆင့် နိမ့်နေသောကြောင့် ဘာမှ မခံစားရပေ။

အဘိုးအိုသည် ရှောင်မိုထံ ဖြည်းညှင်းစွာ လျှောက်လာပြီး ပြုံးပြကာ မေးလိုက်သည်။

" ကလေး၊ မင်း လင်းရှိကို သိလား"

ထိုအသံကို ကြားသောအခါ သွေးရဲရဲလေး၏ သတိသည် ချက်ချင်း မြင့်တက်သွား၏။ ထို့အပြင် အမြီးကိုးချောင်း လင့်ကြောင်မြှီးတိုကလည်း အချိန်မရွေး တိုက်ခိုက်နိုင်အောင် အသင့်ပြင်ထားသည် ။

လင်းဟွမ်၏ အခြား ဝိသေသ လက္ခဏာကို ထုတ်ပြောလိုက် ကတည်းက ရှောင်မိုး၏ မျက်လုံးများသည် စူးရှလာ၏ ။

“ စိတ်မပူနဲ့။ ငါမှာ မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူး။ လင်းရှီကို မေးခွန်းနဲနဲ မေးချင်ရုံပဲ "

" တောင်းပန်ပါတယ်။ မင်း လူမှားနေပြီ "

သွေးရဲရဲလေးက ရှောင်မိုးအသံကို အသုံးပြုပြီး ပြောလိုက်သည်။

" လင်းရှီကို ငါ မသိဘူး "

" လင်းဟွမ် ဆိုရင်ရော ဘယ်လိုလဲ..."

အဘိုးအိုကို စိတ်မပျက်သွားဘဲ ထပ်မေးလိုက်သည်။

လင်းဟွမ်၏ နာမည်ကို ကြားသောအခါ သွေးရဲရဲလေးပင် မျက်လုံးပြူးသွား၏ ။

ထိုလူက ပြင်ဆင်လာခဲ့သည်မှာ အထင်အရှားပင် ။ လင်းဟွမ်၏ နောက်ခံ သမိုင်းကြောင်းကိုပင် စစ်ဆေးခဲ့ပြီး နာမည်အရင်းကိုပင် သိရှိနေခဲ့သည် ။

“ မသိဘူး။ ဒီနာမည် တစ်ခါမှ မကြားဖူးဘူး ”

သွေးရဲရဲလေးက ရှောင်မိုအသံကို အသုံးပြုပြီး တစ်ခါတည်း အပြတ်ငြင်းလိုက်၏ ။

“ကောင်းပြီလေ ”

အဘိုးအိုသည် အနည်းငယ် စိတ်ပျက်သွားပြီး ခေါင်းညိတ်လိုက်သည်။

"ငါ့ အပြုအမူက ရိုင်းသွားရင် တောင်းပန်ပါတယ်"

အဘိုးအို၊ စကားပြောပြီးသည်နှင့် ရှောင်မိုကို ကျော်တက်သွားကာ သာမန် လူတစ်ယောက်ကဲ့သို့ ထွက်ခွာသွားသည် ။

ရှောင်မိုသည် အဘိုးအို သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ သက်ပြင်းရှည်ကြီး ချလိုက်ကာ...

“ ဒီလူက အနည်းဆုံး နတ်ဘုရားတစ်ပိုင်း လို့ထင်တယ်။ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်တောင် ဖြစ်နိုင်သေးတယ်"

" သူက သခင့်အတွက် ဒီနေရာကို ရောက်နေတယ်ဆိုပေမဲ့ အခု လောလောဆယ်တော့ သူ့ဆီမှာ မကောင်းတဲ့ ရည်ရွယ်ချက်တွေ မမြင်ရသေးဘူး "

"သူ့မှာ ဒီလို ရည်ရွယ်ချက် မရှိဘူးဆိုတာ မင်း ဘယ်လို သေချာတာလဲ "

ရှောင်မိုက မနေနိုင်ဘဲ စပ်စုလိုက်သည်။

“ သခင် ဘယ်သူလဲဆိုတာ သိအောင် စုံစမ်းနိုင်တဲ့လူက ငါတို့ တည်းခိုနေတဲ့ ဟိုတယ် အခန်းကို မသိနိုင်ဘူးလို့ မင်း ထင်နေတာလား..”

သွေးရဲရဲလေးက ပြန်မေးလိုက်သည်။

“ ငါတို့ သတိထားနေတယ် ဆိုတာ သူသိတယ်။ ငါတို့ လိမ်နေတာကိုလည်း သူ ထုတ်မပြောခဲ့ဘူး။ ဒါကိုက သူ့မှာ ဖြူစင်တဲ့ ရည်ရွယ်ချက် ရှိနေတယ် ဆိုတာ သက်သေ ပြနေတာပဲလေ”

" ဒါဆို ငါတို့ သူ့ကို အမှန်အတိုင်း ပြောမှာလား"

" မလိုဘူး။ အရေးကြီးတဲ့ ကိစ္စရှိရင် သေချာပေါက် ပြန်လာလိမ့်မယ် ။ ဒီလိုမဟုတ်ရင် သခင် တံခါးပိတ်ကျင့်ကြံမှုကနေ ပြန်ထွက်လာတဲ့ အချိန်အထိ စောင့်နေလိမ့်မယ်. . . .”

သွေးရဲရဲလေးသည် ထိုအသေးအမွှား ဇာတ်လမ်းများကို ခေါင်းထဲပင် မထည့်ချေ ။

ထုံးစံအတိုင်း ရှောင်မိုက ပန်းခြံထဲတွင် တစ်နာရီ နေခဲ့ရသည်။ လူအနည်းငယ်နှင့် စကားပြောပြီး သူ့တာဝန် ပြီးဆုံးပြီးနောက် ဟိုတယ်သို့ ပြန်လာခဲ့ကြသည်။ ပြီးနောက် နောက်တစ်ကြိမ် ပြန်လည် ကျင့်ကြံနေ၏ ။

သွေးရဲရဲလေးအတွက် မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသည့် အချက်မှာ ဆံပင်နှင့် မုတ်ဆိတ် ဖြူနေသော အဘိုးအိုသည်

နေ့ခင်းဘက်တွင် အခြား လူလတ်ပိုင်း အမျိုးသား တစ်ယောက်နှင့်အတူ သူတို့နှင့်ကပ်လျှပ် ဘေးအခန်းထဲသို့ ဝင်သွားကြောင်း သိလိုက်ရသဖြင့် ကူကယ်ရာမဲ့သွား၏ ။

ကံကောင်းသည်မှာ နတ်ဘုရားတစ်ပိုင်း နှစ်ယောက်သည် သူတို့ အခန်းဘေးတွင် အခန်းယူသည်မှလွဲ၍ ဘာမှ မလုပ်ကြပေ။ အများဆုံး အချင်းချင်း မျက်နှာခြင်းဆိုင် တွေ့သည့် အချိန်တွင်သာ နှုတ်ဆက်တတ်သည်။ လင်းဟွမ် အကြောင်းကို မမေးတော့ချေ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏ ။

ရှောင်မိုသည် အဆင့်နှစ်ဆင့် ဖြတ်ကျော်နိုင်ရန် (၁၇) ရက် ကြာမြင့်ခဲ့ပြီး ပြိုင်ဘက်ကင်းသိုင်းနတ်ဘုရား ကျင့်စဉ်၏ အဆင့် (၉) သို့ ရောက်ရှိလာခဲ့သည်။ သူ၏ တိုက်ခိုက်ရေး အဆင့်သည် အင်မော်တယ် အဆင့် (၉) နှင့် တူညီသည့် တက်လှမ်းခြင်း အထွတ်အထိပ် အဆင့်သို့ ရောက်ရှိသွား၏ ။

နောက်ဆုံး၌ ရှောင်မိုက ပြိုင်ဘက်ကင်းသိုင်းနတ်ဘုရားကျင့်စဉ် အဆင့် (၉) ကို အောင်မြင်သွားပြီး

စတုတ္ထနေ့ ကောင်းကင်ကြီး မှောင်လာသောအချိန်၌ လင်းဟွမ်က ဟိုတယ်သို့ ပြန်ရောက်လာခဲ့သည်။

တံခါးဖွင့်လိုက်သောအခါ အဖြူရောင် ပုံရိပ်တစ်ခု သူ့မျက်လုံးရှေ့တွင် ဖြတ်ခနဲ လက်သွား၏။ ထို့နောက် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုသည် လင်းဟွမ်ပခုံးပေါ်တွင် တက်ထိုင်လိုက်သည်။

ရှောင်မိုက ကျင့်ကြံနေခြင်းကို ရပ်တန့်လိုက်ပြီး လင်းဟွမ်ကို လှမ်းကြည့်လိုက်သည်။

" မင်းက ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရားကျင့်စဉ် အဆင့် (၉) ရောက်သွားပြီလား.....”

လင်းဟွမ်သည် ရှောင်မို၏အော်ရာကို အာရုံခံမိသောအခါ အနည်းငယ် မယုံနိုင်ဖြစ်သွားသည်။

“ ပန်းခြံက သူ့ စွမ်းဆောင်ရည်လည်း တိုးတက်လာပြီ ။ တာဝန်ကို နေ့တိုင်းလုပ်တာ ဘာတစ်ခုမှ မကျန်ခဲ့ဘူး”

သွေးရဲရဲလေးက ထပ်လောင်း ပြောကြားလိုက်၏။ ယခု လောလောဆယ်တွင် သွေးရဲရဲလေးသည် ကြောင်ပုံစံသာ ရှိနေသေးသည်။ စားပွဲပေါ်မှ ခုန်ဆင်းကာ လင်းဟွမ်ထံ လမ်းလျှောက်သွားလိုက်သည်။

“ ဒီရက်ပိုင်းမှာ ထူးဆန်းတဲ့ လူနှစ်ယောက်မင်းကိုလာရှာသေးတယ် ။ သူတို့ ဘာလုပ်ချင်လဲတော့ ငါ မသိဘူး ။ နှစ်ယောက်လုံးက နတ်ဘုရားတစ်ပိုင်းတွေပဲ။ ဘေးအခန်းမှာ အခန်းယူထားတာ နှစ်ရက် ရှိနေပြီ ။ သူတို့ ခုထိ ဘာမှ မလုပ်ဘူးဆိုတော့ မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူးလို့တော့ ထင်တာပဲ”

သွေးရဲရဲလေး ပြောပြီးသည်နှင့် တံခါးခေါင်းလောင်းသံ ရုတ်တရက် မြည်လာသည်။

ထိုအချိန်တွင် လင်းဟွမ်သည် တံခါးဝ၌ လူနှစ်ယောက် မတ်တပ်ရပ်နေကြောင်း သူ့နယ်မြေ ပိုင်နက်အသိနှင့် ရှင်းရှင်းလင်းလင်း အာရုံ ခံမိလိုက်သည်။ တစ်ယောက်က အရပ်ရှည်ပြီး သန်မာသည်။ နောက်တစ်ယောက်က ပိန်သည်။ တံခါးခေါက်သည့်လူမှာ ပိန်သောလူပင်။

လင်းဟွမ်က ချက်ချင်းလှည့်ပြီး တံခါး ဖွင့်ပေးလိုက်သည်။

အဘိုးအိုသည် လင်းဟွမ်ကို နဂို အသွင်အပြင်နှင့် မြင်လိုက်သောအခါ အံ့အားသင့်သွားသည်။ ထို့နောက် စမ်းသပ်သည့် အမူအရာနှင့် မေးလိုက်သည်။

“ မင်းက လင်းဟွမ်လား....”

" ဟုတ်တယ်။ ငါ့ကို ရှာနေတာလား..."

လင်းဟွမ်သည် သူတို့နှစ်ယောက်ကို ကြည့်ရင်း မျက်ခုံးပင့်ကာ မေးလိုက်သည် ။

အခန်း(၁,၀၁၉) - မင်းဆက်၏ လည်ပတ်မှု

လင်းဟွမ်သည် တံခါးဝတွင် ရပ်နေသော သူစိမ်းနှစ်ယောက်ကို မြင်လိုက်သည်နှင့် သူသိခဲ့သည့် အကြောင်းအရာများကို ဆက်စပ် စဉ်းစားလိုက်သည်။ သူတို့နှစ်ယောက်သည် အစောပိုင်းက သွေးရဲရဲလေး ပြောခဲ့သည့် လူနှစ်ယောက် ဖြစ်လိမ့်မည်။

လင်းဟွမ်က ဘာမှ ပြန်မပြောဘဲ ထိုလူနှစ်ယောက်ကို အကဲခတ်နေ၏။

ဆံပင်နှင့် မုတ်ဆိတ်မွေး ဖြူနေသော အဘိုးအို၊ နှင့် အစောပိုင်းက တံခါးခေါက်လိုက်သည့် လူတစ်ယောက်ပင် ။ သူ့ပုံစံကို ကြည့်ရသည်မှာ အသက် (၆၀) အစောပိုင်း ပုံစံရှိပြီး ပိန်ပါးသော်လည်း တက်ကြွ ဖျတ်လတ်နေသေးသည် ။

သူ့နောက်မှ ဗလတောင့်သည့် လူမှာ အသက် (၄၀) ခန့်ရှိ၏ ။ ခန့်မှန်းခြေအားဖြင့် အရပ်က (၁.၉) မီတာမြင့်ပြီး ဗလတောင့်တင်းကာ မျက်နှာပေါ်တွင် အမွေးအမြင်များ ရှိသည်။ လင်းဟွမ်က သူ့ကို

စေ့စေ့စပ်စပ် အကဲခတ်နေသလို သူကလည်း လင်းဟွမ်ကို စေ့စေ့စပ်စပ် အကဲခတ်နေသည်။

" လာ အထဲဝင်ပါအုံး...."

လင်းဟွမ်သည် သူတို့ နှစ်ယောက်ထံမှ မကောင်းသော ရည်ရွယ်ချက်များကို အာရုံ မခံမိသဖြင့် အခန်းထဲသို့ သတ္တိရှိစွာ ဖိတ်ခေါ်လိုက်သည် ။

" တစ်ခုခု သောက်ပါလား.... "

" လက်ဖက်ရည်ဆို ပိုကောင်းတယ် "

အဘိုးအို၊ ဟိုဟိုဒီဒီ ကြည့်ရင်း ဆိုဖာ ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။ အစကတည်းက စကားတစ်ခွန်းမှ မပြောခဲ့သည့် ဗလတောင့်သော လူက သူ့ဘေးတွင် ငြိမ်ငြိမ်လေး ထိုင်နေသည်။ သို့သော် သူက လင်းဟွမ်၊ ရှောင်မို နှင့် အမြီးကိုးချောင်း လင့်ကြောင်မြီးတို့ကို တစ်ချက် ကြည့်လိုက်သည် ။

မကြာခင် လင်းဟွမ်က လက်ဖက်ရည် ချပေးလိုက်သည်။

ဗလတောင့်သော လူက လက်ဖက်ရည်ခွက်ကို ယူကာ ကော်ဖီစားပွဲပေါ် တင်လိုက်သည်။ သောက်ရန် ရည်ရွယ်ချက် မရှိသည်မှာ အထင်အရှားပင်။ အခြားတစ်ဖက်တွင်မူ အဘိုးအိုက သက်တောင့် သက်သာရှိစွာ ထိုင်နေ၏။ လက်ဖက်ရည်ခွက်ကို ယူပြီးသည်နှင့် ချက်ချင်း သောက်လိုက်သည် ။

" မင်းကို ကူညီနိုင်တာ တစ်ခုခု ရှိလို့လား "

အဘိုးအို လက်ဖက်ရည် သောက်ပြီးနောက် လင်းဟွမ်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ထို့နောက် အဘိုးအို သည် လက်ဖက်ရည်ခွက်ကို ချကာ ရှောင်မိုကို စိုက်ကြည့်လိုက်ကာ

" သခင်လေး၊ ငါတို့ သီးသန့် စကားပြောလို့ ရမလား "

လင်းဟွမ်က ခေါင်းညိတ်ပြလိုက်ရာ ရှောင်မိုသည် နားကြပ်တပ်ကာ အင်ပါယာ နှလုံးသားလက်စွပ်ထဲမှ သီချင်းကို ဖွင့်လိုက်ပြီး လသာဆောင်သို့ လျှောက်သွားကာ တံခါး ပြန်ပိတ်လိုက်သည် ။

ထို့နောက် အဘိုးအို၊ အလည်အပတ် ရောက်လာရသည့် အကြောင်းအရင်းကို ထုတ်ပြောလိုက်သည် ။

“ ငါ့နာမည် ဟွမ်တန်ပု။ သူ့နာမည်က ဟွမ်ထုဖူ။ ငါတို့ နှစ်ယောက်လုံး မင်းဆက်က... အခု မင်းဆီလာရတဲ့ အကြောင်းအရင်းကတော့ ငါတို့မှာ မေးစရာ ရှိသလို တောင်းဆိုစရာလည်း ရှိလို့ပါ ”

လင်းဟွမ်သည် သူတို့နှစ်ယောက် နာမည်ကို ကြားလိုက်လျှင် ရင်ခုန်သွားသည်။

မင်းဆက်၏ ပထမမြို့စားကြီး ဟွမ်တန်ပုသည် ယခုလက်ရှိ မင်းဆက်၏ ခေါင်းဆောင်ဆိုလည်း မမှားပေ ။ အဖွဲ့ခွဲ (၁) ရှိ မင်းဆက်ဌာနချုပ်က အရာအားလုံးကို ကိုင်တွယ် ထားရုံသာမက ပြည်ထောင်စုအစိုးရ သမ္မတနှင့် အဆင့်အတန်းတူသည့် မင်းဆက်၏ လက်ရှိ ခေါင်းဆောင်လည်း ဖြစ်နေသည်။

ထိုအချိန်တွင် သူ့ဘေးနားရှိ ဗလတောင့်သော လူမှာ ဟွမ်ထုဖူ ဖြစ်နေသည်။ သူသည် အဖွဲ့ခွဲ (၃) မင်းဆက်ဌာနခွဲ၏ လက်ရှိခေါင်းဆောင် ဖြစ်ပြီး

အဖွဲ့ခွဲ (၃) မင်းဆက်၏ ကိစ္စရပ်အားလုံးကို စီမံခန့်ခွဲခွင့် အာဏာ ရရှိထားသူပင် ။ ဆယ်စုနှစ်များ တစ်လျှောက်တွင် အဖွဲ့ခွဲ (၃) မင်းဆက်ဌာနခွဲကို သြဇာအကြီးမားဆုံး မြေအောက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည် ။ သူသည် အဖွဲ့ခွဲ (၃) တွင် ပြည်ထောင်စု အစိုးရအဖွဲ့နှင့်အပြိုင် အာဏာရှိသူ ဆိုလည်း မမှားပေ ။

သူတို့ နှစ်ယောက်လုံးသည် မြေအောက်လောက၏ ဂန္ဓဝင် ဆရာကြီးများ ဖြစ်ကြသည်။

လင်းဟွမ်သည် သူတို့ နှစ်ယောက်၏ အထောက်အထားကို ကြားလိုက်လျှင် သူ့ခေါင်းထဲ ပေါ်လာသော ပထမဆုံးအတွေးမှာ မြို့စားနှင့် မင်းဆက်၏ မင်းသားကို သူ သတ်လိုက်ကြောင်း သိသွားတာပဲ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။

နောက်ပိုင်းတွင် ဟွမ်တန်ပု ပြောခဲ့သည့် စကားကြောင့် ထိုကဲ့သို့ မဟုတ်ကြောင်း သဘောပေါက်သွားသည်။

အစောပိုင်းတွင် သူ ပါဝင်ခဲ့သော တော်ဝင် စမ်းသပ်မှုကြောင့် သူတို့နှစ်ယောက် ဤနေရာသို့ ရောက်လာကြောင်း သူသဘောပေါက်သွားသည်။

" စိတ်ထဲရှိတာ မေးပါ.... အဘိုး ဟွမ်။ ငါ အတတ်နိုင်ဆုံး ဖြေပေးမယ်"

"ဒါဆိုလည်း ငါ ဝေ့ဝိုက် မနေတော့ဘူး "

ဟွမ်တန်ပုက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

" ပြီးသွားတဲ့ တော်ဝင် စမ်းသပ်မှုမှာ ပါခဲ့လား "

လင်းဟွမ်သည် ထိုမေးခွန်းကို ကြားသောအခါ ခဏမျှ တိတ်ဆိတ်သွား၏။ သေသေချာချာ စဉ်းစားကြည့်လိုက်သောအခါ ဒီအကြောင်းကို သူတို့နည်း သူတို့ဟန်နှင့် သိရှိခဲ့ကြပြီးသား ဖြစ်နိုင်သည်။ အမှန်တရားကို ဖုံးကွယ်ထားလျှင်လည်း အသုံးမဝင်တော့ကြောင်း သိလိုက်သည်နှင့် ချက်ချင်း ခေါင်းညိတ်လိုက်၏ ။

“ ဟုတ် ….. ပါခဲ့တယ်….”

" မင်းက အကဲဖြတ်မှုကို အဆုံးထိ အောင်မြင်ခဲ့တယ် ငါပြောတာ ဟုတ်တယ် မဟုတ်လား..."

ဟွမ်တန်ပုက ဆက်မေးလိုက်သည်။

“ အင်း..... အောင်ခဲ့တယ် ”

လင်းဟွမ်က အတည်ပြုလိုက်သည်။

" ဒါဆိုရင်.... နောက်ဆုံးမှာ တော်ဝင်ခွင့်ပြုချက် ရခဲ့လား"

“ ငါ မှတ်မိတာ မှန်မယ်ဆိုရင် (အေ) အဆင့် ရခဲ့တယ် ”

လင်းဟွမ်က စဉ်းစားပြီး ဖြေလိုက်သည်။

တော်ဝင်စမ်းသပ်မှု အပြီးတွင် အလုပ်ရှုပ်နေသောကြောင့် တော်ဝင်ခွင့်ပြုချက် ရခဲ့သည့် အချက်ကိုပင် မေ့နေခဲ့သည်။ တော်ဝင်တံဆိပ်ပြားကို တစ်ခါမှ မကြည့်ဖြစ်ခဲ့သလို တော်ဝင်ဈေးကိုလည်း တစ်ခေါက်မှ မဝင်ဖြစ်သေးပေ...

ယခုမူ ဟွမ်တန်ပု ပြောလာသည့်အချိန်မှ သူ့တွင် မလဲရသေးသည့် အမှတ် အများကြီး ရှိနေသေးကြောင်း ပြန်သတိရသွားသည်။

" (အေ) အဆင့်လား...."

ဟွမ်တန်ပုနှင့် သူဘေးတွင် ထိုင်နေသော ဟွမ်ထုဖူ မျက်လုံးထဲ၌ အံ့အောသင့်သွားသော အရိပ်ယောင် ဖြတ်ခနဲ တစ်ချက် လက်သွား၏ ။

" မင်း..... (အေ) အဆင့် ရတယ်ဆိုတာ သေချာလား "

နောက်ဆုံးတွင် ဟွမ်ထုဖူက မနေနိုင်ဘဲ ထုတ်မေးလိုက်သည်။

“ သေချာတယ် ”

လင်းဟွမ်က ခေါင်းညိတ်လိုက်၏။

" ကလေး၊ ကျေးဇူးပြုပြီး တံဆိပ်ပြား ငါတို့ကို ပြပေးနိုင်မလား "

အခြား တစ်ဖက်တွင်မူ ဟွမ်တန်ပုက သံသယ မဝင်ခဲ့ပေ။ ထိုအစား တံဆိပ်ပြားကို ကြည့်ရန် တောင်းဆိုလိုက်ခြင်းပင် ။

လင်းဟွမ်က ခေါင်းညိတ်ပြီး စမ်းသပ်မှု တံဆိပ်ပြားကို ထုတ်ပေးလိုက်သည်။

ဤတံဆိပ်ပြားကို လင်းဟွမ်နာမည်နှင့် မှတ်ပုံတင်ထားသောကြောင့် လင်းဟွမ်ကို မသတ်မချင်း ဟွမ်တန်ပုအတွက် အသုံးမဝင်ပေ။ သို့သော်လည်း ပိုင်ရှင် သေဆုံးသွားပါက တံဆိပ်ထဲရှိ စုဆောင်းထားသော အမှတ်များကို ဖယ်ရှားပစ်မည် ဖြစ်ပြီး ကနဦး ခွင့်ပြုချက်အဆင့်ကို အလိုလို ပြန်လျှော့ချပေးမည် ဖြစ်သည် ။

လင်းဟွမ်က တော်ဝင် တံဆိပ်ကို ထုတ်ပြလိုက်သည့် အချိန်မှာပင် ယခင်ကနှင့် မတူဘဲ ကွဲပြားနေသည်ကို သတိထားမိသွားသည်။

မူလက စမ်းသပ်မှု တံဆိပ်ပြား၏ 'တော်ဝင်' ဟူသော စာလုံးနေရာသည် ရွှေရောင်ဖြစ်နေပြီး တံဆိပ် တစ်ခုလုံးတွင် ရှုပ်ထွေးသော အစီအရင်များ ပြည့်နက်နေသည် ။

ယခုအခါ တံဆိပ်က ရွှေရောင် ဖြစ်နေသေးသော်လည်း 'ဧကရာဇ်' ဟူသော စကားလုံးကို အလယ်တွင် ရိုက်နှိပ်ထား၏။

ထို့အပြင် အစပိုင်းတွင် အစီအရင်များနှင့် ပြည့်နက်နေသော တံဆိပ် နောက်ကျောတွင် 'A' ဟူသော စာလုံးကြီး ပါရှိနေသည် ။

လင်းဟွမ်သည် ပြောင်းလဲသွားသော တံဆိပ် ပုံစံကို သတိမထားမိခဲ့ချေ။

ဟွမ်တန်ပုသည် တံဆိပ်ပြားကို ယူပြီး နောက်ကျောမှစာကို မြင်လိုက်သောအခါ လက်များ စတင် တုန်ခါလာ၏ ။

"အမှန်ပဲ...."

" သူ့ဆီမှာ အေအဆင့် လုပ်ပိုင့်ခွင့် ရှိနေတယ် "

အစက အေးစက်သော အမူအရာ ရှိနေသည့် ဟွမ်ထုဖူပင် ထိုအရာကို မြင်လိုက်သောအခါ စိတ်လှုပ်ရှား သွား၏ ။

ဟွမ်တန်ပုသည် တံဆိပ်ကို အသေးစိတ် လေ့လာပြီးနောက် လက်နှစ်ဖက်ဖြင့် ပြန်လည် ပေးအပ်လိုက်သည်။

လင်းဟွမ်က သာမန်ကာလျှံကာ လှမ်းယူပြီး သိုလှောင်လက်စွပ်ထဲ ပစ်ထည့်လိုက်သည်။

ဒါကို သတိထားမိသောအခါ သူတို့နှစ်ယောက်၏ မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာများ ပေါ်လာသည်။

မကြာခင် ဟွမ်တန်ပု ထပ်ပြောလိုက်သည်။

“ ကလေး၊ မင်းဆက်ကို ဘယ်လို မြင်လဲ....”

" ငါ့ကို သူတို့နဲ့ ပူးပေါင်းခိုင်းဖို့ ကြိုးစား နေတာလား....'

ထိုစကားကို ကြားသောအခါ လင်းဟွမ်သည် စိတ်ထဲ တွေးလိုက်မိသည်။ သို့သော်လည်း

တော်ဝင်စမ်းသပ်မှုထဲတွင် သူ ရရှိခဲ့သောရလဒ်ကို ပြန် စဉ်းစားလိုက်သောအခါ ဒါသည် အထူးအဆန်း မဟုတ်တော့ပေ။ နောက်ဆုံး၌ သူသည် (၅) ရာစုနှစ် အတွင်း မင်းဆက်က မည်သူမျှ အောင်မြင်ခဲ့သည့် စမ်းသပ်မှုများကို အောင်မြင်ခဲ့သည်။ ဒါကြောင့် သူတို့နှင့် ပူးပေါင်း စေချင်သည်မှာ အဓိပ္ပါယ် ရှိလှပေသည် ။

လင်းဟွမ်သည် ခဏမျှ ငြိမ်သက်သွားပြီးနောက်

“ မင်းဆက်က အရမ်း အစွမ်းထက်တယ်။ အခုလက်ရှိ အဖွဲ့(၃) မှာရှိတဲ့ သူတို့ဌာနခွဲ

တစ်ခုတည်းနဲ့တင် အဖွဲ့ခွဲ (၃) မှာ အင်အားအကြီးဆုံး မြေအောက် အဖွဲ့အစည်း ဖြစ်နေပြီ။ နောက်ပြီးတော့ အဖွဲ့ခွဲ (၃) က ပြည်ထောင်စု အစိုးရဌာနခွဲနဲ့ ရင်ဘောင်တန်းပြီး ရပ်တည်နိုင်တယ်။ မင်းဆက်ရဲ့ အလုံးစုံစွမ်းရည်က တိုက်ကြီး တစ်ခုလုံးမှာ ထိပ်တန်းအဆင့် ပဲ ။ မြေအောက်အဖွဲ့အစည်း အားလုံးထဲမှာ မင်းဆက်ရဲ့ ပူးပေါင်းစွမ်းရည်က ထိပ်ဆုံး (၃) ဖွဲ့ထဲက တစ်ခုဆိုလည်း မမှားဘူး ။ ဒါကြောင့် မင်းဆက်က မြေအောက်ဘီလူးကြီး ဖြစ်တယ်ဆိုတာ သံသယရှိစရာ မလိုဘူး။ ပြီးတော့ မင်းဆက်က

လူတွေက ကျောက်စရစ်ကမ္ဘာမှာ ထိပ်တန်းတန်ခိုးရှင်တွေပဲ။ ငါထင်တာ မမှားရင် မင်းဆက်မှာ မြိုးစားကြီး သုံးယောက်အပြင် အနည်းဆုံး နတ်ဘုရားတစ်ပိုင်း ဆယ်ယောက် ဒါမှမဟုတ် ဒီထက်မက ပိုရှိလိမ့်မယ် "

“ ရိုးရိုးသားသား ပြောရရင် မင်းတို့ဆီမှာ တန်ခိုးရှင်တွေ အများကြီး စုဆောင်းပြီးတော့ အဖွဲ့အစည်းကို ဒီနေ့ခေတ်လို အခြေအနေအထိ တိုးတက်လာအောင် လုပ်နိုင်လို့ ငါ လေးစားမိတယ်။ ဒါပေမယ့် မင်းတို့ လုပ်ကိုင်တဲ့ ပုံစံကိုတော့ ငါ

မကြိုက်လို့ မင်းဆက်ထဲဝင်ဖို့ အစီအစဉ် မရှိဘူး။ ဒီအတွက် တောင်းပန်ပါတယ်"

တရားဝင်ဖိတ်ကြားချက် မရမီ လင်းဟွမ်က ငြင်းလိုက်၏ ။

" ကလေး၊ မင်းကို မင်းဆက်ထဲ ဖိတ်ခေါ်ဖို့ ငါတို့ ဒီကိုလာတာ မဟုတ်ဘူး "

ဟွမ်တန်ပုက ပြုံးပြီး ခေါင်းခါလိုက်ကာ

" ငါတို့ ဒီနေ့ လာရတဲ့ အကြောင်းအရင်းက မင်းက မင်းဆက်ရဲ့ ဒုတိယမြောက် ဧကရာဇ် ဖြစ်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရောက်လာတာပါ"

အခန်း(၁,၀၂၀) - ဇကရာဇ် ...

“ဇကရာဇ်...”

လင်းဟွမ်သည် ဤအသုံးအနှုန်းကို ပထမဦးဆုံး အကြိမ် ကြားဖူးခြင်းပင်။ သို့သော်လည်း ဒါက မြင့်မားသည့် ရာထူးတစ်ခု ဖြစ်ကြောင်း သူ ပြောနိုင်သည်။

“ ဇကရာဇ် ဆိုတာက ငါတို့ မင်းဆက်မှာ အမြင့်မားဆုံး ဘွဲ့တံဆိပ်ပဲ... ဒါက ဘွဲ့လေးတစ်ခုပဲ

မဟုတ်ဘူး... မင်းဆက် တစ်ခုလုံးကို ထိန်းချုပ်နိုင်တဲ့ အမြင့်ဆုံး အခွင့်အာဏာရှိပြီးတော့ အဲ့ဒီထဲမှာ ငါတို့လို မြို့စားကြီး သုံးယောက်လည်း ပါတယ်... မှူးမတ်တွေ... မင်းသားတွေ... မင်းဆက်အဖွဲ့ဝင်တွေ အားလုံးက ဧကရာဇ်ရဲ့စကားကို မဖြစ်မနေ နားထောင်ရတယ် ”

ဟွမ်တန်ပုက အသေးစိတ် ရှင်းပြလိုက်သည်။

“ ငါ နားမလည်ဘူး... ဘာဖြစ်လို့ မင်းတို့ဘာသာ မင်းတို့ အမြင့်ဆုံးရာထူး မယူကြဘဲ အပင်ပန်းခံပြီး တခြားသူကို လိုက်ပေးနေတာလဲ... ”

လင်းဟွမ်သည် နားထောင်ပြီးနောက် သံသယစိတ်နှင့် မျက်ခုံးပင့်သွားသည်။

“ကေရာဇ် မရှိရင် မြိုးစားကြီး သုံးယောက်က ဘုန်းအကြီးဆုံး မဟုတ်ဘူးလား... ”

ဟွမ်တန်ပုက ခေါင်းခါပြီး မချိပြုံး ပြုံးလိုက်သည်။

“ ဒါက မင်းဆက် တည်ထောင်တဲ့ အချိန်ကတည်းက ဆင်းသက်လာတဲ့ တော်ဝင်တွေရဲ့ စည်းမျဉ်းပဲ”

“ မင်းဆက်ကို ပထမဦးဆုံး တည်ထောင်တဲ့လူက ငါ့ဆရာ... မစ္စတာ ဟွမ်တန်ရီ.... သူက မင်းဆက်ရဲ့ ပထမဦးဆုံး ဧကရာဇ်ပဲ... အဲ့ဒီအချိန်ကတည်းက မင်းဆက်ကို ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းလို ကြီးမားတဲ့ အင်ပါယာကြီးတစ်ခု ဖြစ်လာအောင် တည်ထောင်ခဲ့တာ ။ နောက်ပြီးတော့ ဘုရင်မင်းမြတ် တစ်ပါးလို အချုပ်အခြာအာဏာ တစ်ခုလုံးကို အပြည့်အဝ ချုပ်ကိုင်ပြီးတော့ ဧကရာဇ်ဆိုတဲ့ ဘွဲ့ကိုလည်း ခံယူခဲ့တယ် ”

“ ငါ့ဆရာက တော်ဝင် တစ်ယောက်ပဲ ။ သူက မင်းဆက်ကို တည်ထောင်ဖို့အတွက် အရင်းအမြစ်တွေ အများကြီးလိုလို့ မင်းဆက်ကို တော်ဝင်ရဲ့ လက်အောက်ခံ အဖွဲ့အစည်းအနေနဲ့ စာရင်းသွင်းခဲ့တယ် ။ အဲ့ဒီလက်အောက်ခံ ဆိုတဲ့ အထောက်အထားကြောင့် မင်းဆက်က ဒီကျောက်စရစ်ခဲကမ္ဘာမှာ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာခဲ့တယ် ။ ကြီးထွားမှုကလည်း ဘယ်တော့မှ မရပ်တန့်ခဲ့ဘူး ”

“ ဒါပေမယ့် ဒီ သဘောတူညီချက်မှာ ပြဿနာတစ်ခု ရှိတယ်။ တော်ဝင် အဖွဲ့ဝင်တွေကပဲ ဧကရာဇ် ဘွဲ့တံဆိပ်ကို ဆက်ခံပိုင်ခွင့် ရှိတယ်လို့ ရှင်းရှင်းလင်းလင်း ဖော်ပြထားတယ်။ ငါတို့ဆရာ ကွယ်လွန်သွားတော့ ငါတို့ မင်းဆက် အဖွဲ့ဝင်ထဲမှာ ဘယ်သူကမှ ဒီရာထူးကို ဆက်ခံဖို့ အရည်အချင်း မပြည့်မီတော့ဘူး ”

“ တော်ဝင်တွေကို ဆက်သွယ်တော့ ငါတို့ကို ရွေးချယ်စရာ နှစ်ခုပေးခဲ့တယ်။ ပထမရွေးချယ်မှုက အမှီခိုကင်းတဲ့ အဖွဲ့အစည်း ဖြစ်လာအောင် မင်းဆက်

လက်အောက်ကနေ ခွဲထွက်ရမယ်။ ဒီဟာကို ရွေးချယ်လိုက်မယ် ဆိုရင် အဲ့ဒီနေ့ကစပြီး ငါတို့အတွက် ဟင်းလင်းပြင် အပျက်အစီးတွေ မဖွင့်ပေးတော့ဘူး။ တော်ဝင်တွေဆီကလည်း အရင်းအမြစ် ထောက်ပံ့မှု တစ်ခုမှ ရတော့မှာ မဟုတ်ဘူး။ “

“ ပြီးတော့ မင်းဆက် တည်ထောင်ဖို့အတွက် ပြီးခဲ့တဲ့ ငါးရာစုနှစ် အတွင်းက အသုံးပြုခဲ့တဲ့ ဆောက်လုပ်ရေး စရိတ်၊ လေ့ကျင့်ရေးစရိတ် အားလုံးကို ပြန်လျော်ပေးရမယ်။ အဲ့ဒီ

လျှာ်ကြေးငွေက ငါတို့နှစ်စဉ်ဝင်တဲ့ ဝင်ငွေရဲ့ (၅၀) ရာခိုင်နှုန်းပဲ ”

“ ဒုတိယရွေးချယ်မှု အနေနဲ့ တော်ဝင်ရဲ့ လက်အောက်ခံ အဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေရပေမယ့် ငါတို့မှာ ကေရာဇ်မရှိလို့ သူတို့ဆီက အနိမ့်ဆုံး အရင်းအမြစ်ပဲ ရမယ်... ဟင်းလင်းပြင် အပျက်အစီးထဲ ဝင်ဖို့ ခွင့်ပြုချက်ကလည်း အနိမ့်ဆုံးပဲ ”

“ တောင်းဆိုချက် တစ်ခုလည်း ရှိသေးတယ်။ သုံးရာစုနှစ်အတွင်းမှာ ကေရာဇ်အသစ် ဖြစ်လာမယ့်

တော်ဝင် တစ်ယောက်ကို ရှာဖွေဖို့ ပဲ ။ အဲ့ဒီကေရာ၎်က တာဝန် ထမ်းဆောင်လိုက်တာနဲ့ ကေရာ၎် ရာထူးအပြင် အရင်းအမြစ်အားလုံး ပြန်ရနိုင်ပေမယ့် ငါတို့က သုံးရာစုနှစ်အတွင်းမှာ ကေရာ၎်အသစ် မရှာနိုင်ခဲ့ရင်တော့ တော်ဝင်က သူတို့လူတွေ လွှတ်စေပြီး လက်အောက်ခံ အဖွဲ့အစည်းကို သိမ်းပိုက်မယ်။ အဲ့ဒီနောက် အဖွဲ့ဝင်တွေ၊ ပစ္စည်းတွေ အပါအဝင် အဖွဲ့အစည်း တစ်ခုလုံးက တော်ဝင်အပိုင် ဖြစ်သွားမယ်။ အားလုံးက တော်ဝင်ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေ ဖြစ်ကုန်မယ် ”

“ ဒါကို ထောက်လှမ်းရေးကနေ တစ်ဆင့် ငါတို့ဆီကို အကြောင်း ကြားထားတယ်... ငါတို့က သူတို့ရဲ့ ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားတာက လူ့အခွင့်အရေး ဆုံးရှုံးသွားတာနဲ့ အတူတူပဲ... ကျွန်တွေနဲ့ မခြားတော့ဘူး... နောက်ပြီးတော့ နတ်ဘုရားတစ်ပိုင်းတွေ အတွက်ကလည်း အဆင့်တက်နိုင်မယ့် အလားအလာ ဆုံးရှုံးသွားတယ်လို့ အဓိပ္ပာယ် ရတယ်... ငါတို့တွေကို ကျွန်တံဆိပ် ခတ်နှိပ်ပြီးတော့ မဟာကမ္ဘာက တန်ခိုးရှင်တွေဆီကို ရောင်းစားဖို့ ဖြစ်နိုင်ခြေ များတယ်...”

လင်းဟွမ်သည် ဟွမ်တန်ပု၏ အသေးစိတ် ရှင်းပြချက်ကို နားထောင်ပြီးနောက် သူ့ကို ဘာကြောင့် လာရှာလဲ ဆိုသည်ကို နားလည် သွား၏။

“ ဒါဆို မင်းတို့က ဒုတိယ ရွေးချယ်မှုကို ရွေးချယ်ခဲ့တာပေါ့...”

ဟွမ်တန်ပုက မချိပြုံးပြုံးရင်း ခေါင်းညိတ် ပြလိုက်သည်။

“ အဲ့ဒီအချိန်တုန်းက ပထမ ရွေးချယ်မှုကို ရွေးချယ်ခဲ့ရင် တော်တော်လေး မိုက်မဲရာ

ကျသွားမှာပေါ့... ငါတို့က တော်ဝင်ရဲ့ ထောက်ပံ့မှုကို ကျင့်သားရနေပြီ။ တကယ်လို့ သူတို့ရဲ့ ထောက်ပံ့မှုမရှိရင် ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ စိတ်ကူးကြည့်ဖို့တောင် ခက်တယ်။ ဒီသုံးရာစုနှစ်အတွင်းမှာ တော်ဝင်တစ်ယောက် ထွက်ပေါ်လာအောင် လေ့ကျင့်ပေးနိုင်မယ်လို့ ယုံကြည်ခဲ့တာလည်း ပါတာပေါ့လေ”

“ ခုဆို သုံးရာစုနှစ်ရဲ့ နောက်ဆုံး သတ်မှတ်ရက် နီးလာပြီ တော်ဝင်တစ်ယောက် ထွက်ပေါ်လာအောင် မလေ့ကျင့်နိုင်သေးဘူး။ ဒီလို ဖြစ်လာမယ်လို့လည်း

တစ်ခါမှ မတွေးမိခဲ့ဘူး။ ငါတို့တွေ ပုံအောပြီး လောင်းထားတဲ့ ဟွမ်ဝူကျိုတောင် တော်ဝင်စမ်းသပ်မှု စပြီး ဒုတိယမြောက်နေ့မှာ ပြန်ထွက်လာရတယ်...”

“ သုံးရာစုနှစ်ရဲ့ နောက်ဆုံး သတ်မှတ်ရက် ရောက်ဖို့ ဘယ်လောက် ကျန်သေးလဲ...”

လင်းဟွမ်က မနေနိုင်ဘဲ မေးလိုက်သည်။

“ နောက်ထပ် ဆယ့်တစ်နှစ် ကျန်သေးပေမယ့် နောက်တစ်ကြိမ် ကျင်းပမယ့် တော်ဝင်စမ်းသပ်မှုက နှစ်တစ်ရာမှာ တစ်ကြိမ်ပဲ လုပ်တာဆိုတော့ ငါတို့ရဲ့ နောက်ဆုံး မျှော်လင့်ချက်က ဆုံးရှုံးသွားပြီ ”

“ ဆယ့်တစ်နှစ် ကျန်သေးတယ်ဆိုရင် ဘာဖြစ်လို့ မင်းဆက်က မထွက်သွားတာလဲ.....။ အခုချိန် ထွက်သွားရင် မင်းတို့ အားလုံးနောက်ကို သူတို့ လိုက်နိုင်မယ်လို့ ငါ မထင်ဘူး... ဟုတ်တယ် မဟုတ်လား... ”

လင်းဟွမ်က မေးလိုက်သည်။

“ ငါတို့ မလုပ်နိုင်ဘူး... မင်းဆက်နဲ့ လက်တွဲလိုက်တာနဲ့ ငါတို့ရဲ့ နာမည်က တော်ဝင် လက်အောက်ခံ အဖွဲ့အစည်းတွေရဲ့ စာရင်းထဲ ဝင်သွားပြီ... ဆရာ သေသွားတာတောင် တော်ဝင်က

မင်းဆက်ရဲ့ အဖွဲ့ဝင်အသစ်တွေကို အလိုလို မှတ်တမ်း တင်ထားသေးတာ။ အဲ့ဒီ စာရင်းပေါ်မှာ ငါတို့နာမည်တွေ ရှိနေသရွေ့ တော်ဝင်လူတွေက ငါတို့ကို သေချာပေါက် ရှာတွေ့မှာ။ ကမ္ဘာပေါ်က ဘယ်နေရာမှာပဲ ပုန်းပုန်း အလကားပဲ... မင်းဆက်ကနေ ထွက်သွားနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းက ဧကရာဇ်က သူ့ရဲ့ တော်ဝင်ခွင့်ပြုချက်ကို အသုံးပြုပြီးတော့ အဖွဲ့ဝင်ကို မင်းဆက်က ထုတ်ပယ်မှပဲ ရလိမ့်မယ်...”

"မင်းဆက်ကို တိုက်ရိုက် ဖျက်သိမ်းလိုက်မယ်ရင် ဘယ်လို ဖြစ်လာမလဲ..."

လင်းဟွမ်က အကြံပေးလိုက်သည်။

" ဒီလိုလုပ်ဖို့ နည်းလမ်း မရှိဘူး..."

ဟွမ်တန်ပုက ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။

" မင်းဆက်က တော်ဝင်ရဲ့ လက်အောက်ခံ အဖွဲ့အစည်း ဖြစ်နေလို့ တော်ဝင်က ပိုင်ဆိုင်ခွင့် ရှိနေတယ်... တော်ဝင်က သဘောမတူသရွေ့

ငါတို့ဘက်က ဖျက်သိမ်းလို့ မရဘူး... ဖျက်သိမ်းချင်တယ်ဆိုရင် ဇကရာဇ်က တော်ဝင်ဆီကို စာတစ်စောင် ပို့ပေးရတယ် ”

“ ဒါဆိုရင် မင်းတို့က ကိုယ့်ကိုကိုယ် အသေချည်ထားတာပဲ...”

ထိုစကားကို ကြားသောအခါ လင်းဟွမ်သည် တော်တော်လေး အံ့အားသင့်သွားသည်။

“ ငါတို့မှာ အဖြေတစ်ခုပဲ ရှိတော့တယ်... ဒါက ဇကရာဇ်အသစ် ရှာဖို့ပဲ... ”

“ ငါ့မှာ မေးစရာ ရှိသေးတယ်...”

လင်းဟွမ်က နောက်တစ်ကြိမ် စကားထပ်မပြောခင် ခေတ္တမျှ တွေးနေလိုက်သေးသည်။

“ မင်းတို့ ပထမ ဇကရာဇ်သေသွားတာ သေချာလား... ”

ဟွမ်တုန်ပုက တွေးပင်မတွေးဘဲ ခေါင်းညိတ်လိုက်၏ ။

“ ငါတို့ အတည်ပြုပြီးပြီ။ ငါတို့ဆရာက လွန်ခဲ့တဲ့ သုံးရာစုနှစ်က မဟာကမ္ဘာကြီးကို သွားပြီး

နှစ်အနည်းငယ် အတွင်းမှာပဲ အတုယောင် နတ်ဘုရားအဆင့် (၃) ကို ချိုးဖျက်ရင်း သေဆုံးသွားခဲ့ပြ။ တော်ဝင်ကလည်း သူထွက်သွားပြီး (၁၀) နှစ်မပြည့်ခင် အချိန်မှာ သေဆုံးသွားကြောင်း ကြေညာခဲ့တယ် ”

“ သူ့အလောင်း မတွေ့ခဲ့ဖူးလား...”

“အလောင်းတော့ မတွေ့ပေမယ့် သတင်းကတော့ မမှားဘူး...”

ဟွမ်တန်ပုက ရှင်းပြသည်။

“ တံဆိပ်ပြားပိုင်တဲ့လူ သေသွားတာနဲ့ တော်ဝင် အထောက်အထား တံဆိပ်က ပိတ်ကျသွားတာ... အဲ့ဒီလူ သေသွားတာနဲ့ တံဆိပ်ကို ပြန်ပြီးတော့ ဆန်းသစ်တယ်။ တံဆိပ်ပြန်ပွင့်တဲ့ အချိန်မှာ တော်ဝင်ရဲ့ မှတ်တမ်းအားလုံးကို အလိုလို ဖျက်ပစ်ထားတယ် ”

“ ဒါဆို မင်းတို့ဆီမှာ ငါကလွဲရင် တခြား ကိုယ်စားလှယ်လောင်း မရှိတော့ဘူးပေါ့...”

လင်းဟွမ်က ကူကယ်ရာမဲ့စွာ မေးလိုက်သည်။

“မရှိဘူး... ငါတို့ သိသလောက်ဆိုရင်တော့ ငါတို့ဆရာ မရှိတော့တဲ့ နောက်ပိုင်း ငါးရာစုနှစ်အတွင်းမှာ တော်ဝင် ခွင့်ပြုချက်ကို ဒုတိယမြောက် ရခဲ့တဲ့လူက မင်းပဲ ။ တော်ဝင်စမ်းသပ်မှုကို ဖြတ်ကျော်နိုင်ခဲ့တဲ့ အကြောင်း ပြောဖို့ တော်ဝင်က ဆက်သွယ်လာတာလည်း ပထမဦးဆုံးအကြိမ်ပဲ... ”

“ ဒီကမ်းလှမ်းချက်ကို ငါ ငြင်းရင် ဘာဖြစ်မလဲ...”

လင်းဟွမ်က မျက်ခုံးပင့်ကာ မေးလိုက်သည်။

“ မင်းတို့တွေ ငါ့ကို ပြန်ပေးဆွဲမှာလား... ဒီရာထူးယူဖို့အတွက် အတင်းအကျပ် ဖိအား ပေးမှာလား... ”

“ ငါလည်း အဲ့ဒီလို လုပ်ချင်ပါတယ်... ”

ဟွမ်တန်ပုက တိုးတိုးလေး ရေရွတ်လိုက်သည်။

“ တကယ်လို့ ငါ့တို့ကို ငြင်းရင် မင်း လက်ခံလာတဲ့အထိ မင်းအနားမှာ ကပ်နေရမှာပဲ...”

ဟွမ်တန်ပုက အနည်းငယ် ပြုံးလိုက်ပြီး

“ မင်း ဘယ်သွားသွား မင်းနောက်လိုက်မယ်... ရေချိုးခန်းပဲသွားသွား...အိမ်သာပဲသွားသွား... အို နောက်ဆုံး အိပ်ရင်တောင် လိုက်မယ် ။ ငါတို့ရဲ့ စိတ်ရင်းကို ပြသဖို့ မင်းကို တစ်ချိန်လုံး စောင့်ကြပ်ပေးနေမှာ ”

“ဒါက သက်သက် အနှိုင်ကျင့်တာ မဟုတ်ဘူးလား.....”

လင်းဟွမ်သည် စကားမပြောနိုင် ဖြစ်သွားသည်။

ဟွမ်တန်ပုသည် ဟာသ ပြောပြီးနောက် မျက်နှာ အမူအရာက လေးနက်လာပြီး

“ ငါတို့မှာ တခြားရွေးချယ်စရာ တကယ် မရှိဘူး... ငါတို့ နည်းလမ်းနဲ့ လုပ်ဆောင်ပုံကို မကြိုက်ရင် အဖွဲ့အစည်းတစ်ခုလုံးကို ပြန်ပြင်လို့ ရတယ်... ငါတို့က ပြည်ထောင်စုအစိုးရ... မုဆိုးအဖွဲ့အစည်းတို့လို အပြည့်အဝ သန့်စင်သွားဖို့ မဖြစ်နိုင်ပေမယ့် ဒီဌာနတို့လို ကြားနေအဖွဲ့အစည်း ဖြစ်ဖို့ကတော့ ဖြစ်နိုင်တယ် ”

“ မင်းဆက်ကို မင်းပြောင်းချင်တဲ့ ပုံစံပြောင်းပါ။ ပုံစံအသစ်ကို ငါတို့က ကိုယ်စွမ်းရှိသမျှ

ဉာဏ်စွမ်းရှိသမျှ ပူးပေါင်း ဆောင်ရွက်ပေးဖို့ ကတိပေးတယ်...”

ဟွမ်တန်ပု ပြောလိုက်သည့် စကားကို ကြားပြီးနောက် လင်းဟွမ်သည် အမှန်တကယ် စိတ်လှုပ်ရှားသွား၏ ။ ကိုယ်ပိုင် အဖွဲ့အစည်း ထူထောင်ချင်နေသည်မှာ ကြာလှပြီ။ မင်းဆက် အဖွဲ့အစည်းက သူ့သဘောနှင့်သူ သူ့ အိမ်ရှေ့တံခါး ခေါက်ပြီး လာပို့ပေးလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

သူတို့နှင့် ပူးပေါင်းလိုက်ခြင်းက နတ်ဘုရားကောင်းချီး အဖွဲ့နှင့် တိုက်ခိုက်ရန် ဖြတ်လမ်းတစ်ခု ဖြစ်သည်။ ထို့အပြင် တော်ဝင်တစ်ယောက် ဖြစ်နေသော သူ့ အထောက်အထားကလည်း မင်းဆက်နှင့် လမ်းခွဲရန် တော်တော်လေး မဖြစ်နိုင်ပေ။

သူနှင့် အမှန်တကယ် သက်ဆိုင်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် မင်းဆက်အတွင်းမှာ အခြေချပြီး တည်ဆောက်နိုင်သည်။ သူ့အသိုင်းအဝိုင်း ဖွံ့ဖြိုးလာသည့် အချိန်မှ

မင်းဆက်နှင့် လမ်းခွဲမည်ဆိုလျှင်လည်း နောက်မကျသေးပေ။

ထို့အပြင် မင်းဆက်၏ အရင်းအမြစ်များနှင့် ပြည်သူများ၏ ဆက်ဆံရေးကို အသုံးချပြီး သူ၏ ပင်မအသိုင်းအဝိုင်းကို ဖွံ့ဖြိုးလာအောင် ပြုလုပ်၍ ရသေးသည်။

“ မင်းဘက်က အရမ်း ရိုးသားတဲ့အတွက် ငါဘက်ကလည်း မဖုံးကွယ်တော့ဘူး... ငါ အင်ပါယာအဆင့်ကို တက်လှမ်းပြီးတာနဲ့ မဟာကမ္ဘာကြီးကို သွားလည်ဖို့ စီစဉ်ထားတာ ...

အကြာဆုံးမှ နောက်နှစ်လောက်ပေါ့ ။ မင်းတို့က ငါ့ကို ဇကရာဇ်အဖြစ် တင်မြှောက်ရင်တောင် မင်းတို့ ဇကရာဇ်က ခဏလေးနဲ့ ထွက်သွားမှာ...”

လင်းဟွမ်က သူ့အစီအစဉ်ကို ရိုးသားစွာ ထုတ်ပြောလိုက်၏ ။

“ ဒီကိစ္စနဲ့ ပတ်သက်ရင်တော့ စိတ်မပူနဲ့... ဇကရာဇ် အသက်ရှင်နေသေးသရွေ့ အဲ့ဒီဇကရာဇ်က ကျောက်စရစ်ခဲ ကမ္ဘာမှာ ရှိရှိ၊ မရှိရှိ ငါတို့အပေါ် သက်ရောက်မှု မရှိဘူး... နောက်ပြီးတော့ မထွက်သွားခင် ကိုယ်စားလှယ် တစ်ယောက်ကို

တာဝန်ပေးခဲ့ပြီး လုပ်ပိုင်ခွင့်အာဏာ တစ်စိတ်တစ်ပိုင်း လွှဲပေးထားခဲ့လို့လည်း ရသေးတယ်... အဲ့ဒီအခါ အာဏာနဲ့ပတ်သက်တဲ့ ကိစ္စတွေကို လုပ်ကိုင်ဖို့အတွက် ကိုယ်စားလှယ်က တောင်းဆိုရုံပဲ ”

“ မဟာကမ္ဘာကို သွားတဲ့ အချိန်မှာလည်း မင်းရဲ့လုံခြုံရေးအတွက် ငါ နတ်ဘုရားတစ်ပိုင်း အနည်းငယ် ခေါ်လာခဲ့အုံးမှာပါ .... ”

ဟွမ်တန်ပုက လင်းဟွမ်ကိုယ်စား အရာအားလုံး ထည့်သွင်းစဉ်းစားပြီး ပြောပေးလိုက်သည်။

“ ဒီလိုဆို ကေရာ၎်လုပ်ဖို့ ငါ သဘောတူတယ်...”

နောက်ဆုံး၌ လင်းဟွမ်က သဘောတူ လက်ခံလိုက်၏ ။

“ မင်းရဲ့ အုပ်ချုပ်မှုကို ငါ ဝင်ရောက် မစွက်ဖက်ဘူး။ ဒါပေမယ့် သဘောတူထားတဲ့ အတိုင်း ပြုပြင်ပြောင်းလဲမှု လုပ် မလုပ်ကိုတော့ စောင့်ကြည့်မယ်... အပြုသဘောဆောင်တဲ့ ရလဒ်တွေ ထွက်လာဖို့ မျှော်လင့်တယ်...”

“ ငါတို့ရဲ့ စီမံခန့်ခွဲမှုကို ယုံကြည်လိုက်ပါ... မင်းစောင့်ကြည့်မှာကိုလည်း ငါတို့ လက်ခံတယ်...”

နောက်ဆုံး၌ ဟွမ်တန်ပု မျက်နှာပေါ်တွင် စိတ်သက်သာရာ ရသွားသော အပြုံးတစ်ခု ပေါ်လာ၏။

ဘေးနားတွင် ထိုင်နေသော ဟွမ်ထုဖူလည်း လင်းဟွမ်က သဘောတူကြောင်း ပြောလိုက်သည့် စကားကို ကြားသောအခါ အလွန် အင်မတန် စိတ်သက်သာရာ ရသွားသလိုပင် ။

“ ဧကရာဇ်မင်းမြတ် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကြိုဆိုတာ ကြိုက်လား ဒါမှမဟုတ် ပုံရိပ်နှိမ့်ချပြီး ကြိုဆိုတာ ကြိုက်လား...”

လင်းဟွမ်က ဧကရာဇ် လုပ်ရန် သဘောတူပြီးနောက် ဟွမ်တန်ပုက အခေါ်အဝေါ်ကိုပင် ပြောင်းလဲလိုက်သည် ။

“ နှိမ့်ချတာပဲ ကောင်းမယ်။ မင်းဆက်ကပဲ ဒီအကြောင်း သိဖို့လိုတာလေ... တစ်ကမ္ဘာလုံး သိစရာမှ မလိုတာ ...”

“ ဒီနေ့က ဇူလိုင်လ (၂၆) ရက် ဖြစ်နေပြီ... သြဂုတ်လ (၁) ရက်နေ့က ရက်ရာဇာပဲ။ အဲ့နေ့ ပြင်ဆင်လိုက်မယ်... ”

ဟွမ်တန်ပုက ရက်စွဲကိုပင် ရွေးချယ်လိုက်၏။

“ ဟ... မြန်တယ်ဟ... ”

လင်းဟွမ်သည် လုံးဝ မပြင်ဆင်ရသေးပေ။

“ မင်း ပုံရိပ် နှိမ့်ချချင်တယ်ဆိုရင် ကမ္ဘာကြီးကို အသိပေးစရာ မလိုဘူး... ငါတို့နည်း၊ ငါတို့ဟန်နဲ့ ပြင်ဆင်လိုက်မယ်... သိပ် မကြာပါဘူး...”

ဟန်တန်ပုက ဝမ်းသာအားရ ပြောလိုက်သည်။

“ မင်းဘာမှ ပြင်ဆင်စရာ မလိုဘူး... အားလုံး ငါတို့ ပြင်ဆင်ထားလိုက်မယ်... တကယ်လို့ မင်းဖိတ်ချင်တဲ့ ဧည့်သည်တွေ ရှိရင် ဧည့်သည်ရဲ့

နာမည်နဲ့ ဆက်သွယ်ရမယ့် အသေးစိတ် အချက်အလက်တွေ ပြောလိုက် ။ အဖွဲ့ခွဲ (၁)ကို ရောက်တာနဲ့ အဲ့ဒီလူတွေကို သွားဖိတ်ပေးမယ်... “

“ ဟိုတယ်မှာလည်း နေစရာ မလိုဘူး။ လုပ်ချင်တာ လုပ်နိုင်တယ်... သွားချင်တဲ့နေရာ သွားနိုင်တယ်။ မင်းသာ သူတို့ရဲ့ ကိုဩဒိနိတ် တည်နေရာကိုသာ တစ်ရက်ကြိုပြီး ပို့ပေးလိုက် ချက်ချင်း သွားကြိုလိုက်မယ်...”

“ ဟုတ်ပြီလေ..... ဒါဆိုလည်း ငါ့အတွက် အားလုံး စီစဉ်ပေးပါ...”

လင်းဟွမ်သည် ဟွမ်တန်ပု၏ အစီအစဉ်ကို ကြားသောအခါ မနေနိုင်ဘဲ ဉ၊်လူများက တော်တော်လေး စေ့စပ်သည်ဟု စိတ်ထဲမှ ကျိတ်ပြီး မှတ်ချက် ပေးလိုက်သည်။ သူ၏ အစီအစဉ်တွင် ဟာကွက်တစ်ခုမှ မရှိဘဲ အလွန်စေ့စပ် သေချာသော အရည်အချင်း ရှိသည့် မန်နေဂျာ တစ်ယောက်ပင်။

“ ကေရာဇ်မင်းမြတ် ဒါဆိုရင် ငါ ထပ်မနေတော့ဘူး။ အခုပဲ သွားပြီး စီစဉ်လိုက်တော့မယ်...”

ဟွမ်တန်ပုသည် စကားပြောပြီးနောက် မတ်တပ်ထရပ်လိုက်သည်။ ထို့နောက် သူ့ဘေးက ဟွမ်ထုဖူကို လှည့်ကြည့်ပြီး...

“ မင်းက ဇကရာဇ်မင်းမြတ်ရဲ့ ဘေးအခန်းမှာ ကျန်ရစ်ခဲ့... ဒီရက်ပိုင်းအတွင်း ဇကရာဇ်ရဲ့ လုံခြုံရေးကို သေချာအောင် စောင့်ကြပ် ။ ဇကရာဇ်မင်း... မင်းကြိုက်တာ လုပ်ပါ ။ သူ ဒီမှာ မရှိဘူးလို့သာ သတ်မှတ် ထားလိုက် ။ ဇကရာဇ်မင်းမြတ် အပြင်သွားတဲ့ အချိန်မှသာ အနောက်က လိုက်လိမ့်မယ် ။ တကယ်လို့ ခိုင်းစရာ

မရှိဘူး။ မလိုအပ်ဘူး ဆိုရင် မင်းကို အနှောင့်အယှက်ပေးမှာ မဟုတ်ဘူး... ”

“ ဒီလိုလုပ်စရာ မလိုဘူး။ လုပ်စရာ ရှိတာပဲ သွားလုပ်ကြ... ငါ့ဘက်က သဘောတူပြီးပြီ ဆိုမှတော့ ထွက်မပြေးပါဘူး...”

လင်းဟွမ်က အားနာစွာ ခေါင်းခါလိုက်သည်။

“ ကေရာ၏မင်းမြတ်ကို ကာကွယ် ပေးရတာက ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာပါ...”

ဟွမ်ထုဖူက ဒီတာဝန်ကို လက်ခံလိုက်သည်။

ဟွမ်ထုဖူက ဤကဲ့သို့ ပြောလာသဖြင့် လင်းဟွမ် မငြင်းတော့ချေ။

မကြာခင် ဟွမ်တန်ပုက နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီး ထွက်ခွာသွား၏ ။ ထိုအချိန်တွင် ဟွမ်ထုဖူက လင်းဟွမ်အခန်းထဲတွင် မနေဘဲ ဘေးအခန်းသို့ ပြန်သွားလိုက်သည် ။

သူတို့နှစ်ယောက် ထွက်သွားသည်ကို မြင်လျှင် ရှောင်မိုက လေသာဆောင်မှ ဧည့်ခန်းထဲ ပြန်လာပြီး သူတို့ နှစ်ယောက်အကြောင်းကို တော်တော်လေး သိချင်စိတ်နှင့် မေးလိုက်သည်။

အခန်း(၁,၀၂၁) - အဖွဲ့ခွဲ (၁) သို့ ရောက်ရှိခြင်း

လင်းဟွမ်သည် ဟွမ်တန်ပုနှင့် စကားပြောရသည်မှာ သူ မျှော်လင့်ထားသည်ထက် ပို၍ အဆင်ပြေခဲ့သည်။

မင်းဆက်သည် သူကဲ့သို့ အပြင်လူ တစ်ယောက်ထံမှ အကူအညီ တောင်းခံရန်မှလွဲ၍ အခြား ရွေးချယ်စရာ မရှိသောကြောင့် ပြုပြင်ပြောင်းလဲမှုကိုပင် အကောင်အထည် ဖော်ပေးရန် သဘောတူခဲ့သည်မှာ အထင်အရှားပင်။

လင်းဟွမ်အတွက်မူ မင်းဆက်ကို သိမ်းပိုက်ရသည်မှာ အကုသိုလ်ထက်စာလျှင် ကုသိုလ်ပိုများနေ၏ ။

ဟွမ်တန်ပုက သူနှင့် သဘောတူညီချက်ကို ကတိပေးခဲ့သော်လည်း ပြုပြင် ပြောင်းလဲမှုက နေ့ချင်းညချင်း ဖြစ်လာမည် မဟုတ်ပေ။ လမ်းကြောင်း တစ်လျှောက်တွင် အခက်အခဲ အတားအဆီးများစွာ ဖြစ်ပေါ် လာနိုင်သည်။ သို့သော်လည်း တော်ဝင်တစ်ယောက်၏

အထောက်အထား ရှိနေသရွေ့ မင်းဆက်မှ လူများက သူ့အား ငြင်းဆန်ရဲကြမည် မဟုတ်ပေ။

နတ်ဘုရားကောင်းချီး အဖွဲ့ကို တိုက်ခိုက်ရန် မင်းဆက်၏ အင်အားစုကို အသုံးပြုပြီး သူနှင့် သက်ဆိုင်သော အဖွဲ့အစည်းတစ်ခုကို အဆင်ပြေ ချောမွေ့စွာ တည်ဆောက်နိုင်လိမ့်မည်။

ဟွမ်တန်ပု ထွက်သွားပြီးနောက် လင်းဟွမ်သည် ဝမ်ပေါင် လေလံပွဲနှင့် ဖယ်ရှားခြင်း မြို့က မှောင်ခိုဈေးကွက်ထဲကို လင်းရှိပုံစံ အသွင်ပြောင်းပြီး သွားခဲ့သည်။

လွန်ခဲ့သော နှစ်လ ကတည်းက အဆင့်တက်လှမ်းမည့် ပစ္စည်းများကို စုဆောင်းနေခဲ့သည်။ အင်ပါယာမွန်းစတား (၅) ကောင်ကို အဆင့်တက်လှမ်း ပေးရန်အတွက် လုံလောက်သော ပစ္စည်များ ရှိနေပြီ ။ ဒါသည် ရုပ်ဆိုး၊ သွေးရဲရဲလေး၊ သွေးဝတ်ရုံနှင့် လင၀ုပ် စပါးအုံးမြွေ၊ မရဏာ သူရဲကောင်းနှင့် ကြွေလွင့် သူရဲကောင်းတို့အတွက် ဖြစ်သည် ။

ပင်ဝမ်နှင့် စုန်းမအတွက်မူ ပစ္စည်းအနည်းငယ် လိုအပ်နေသေး၏။

ကေရာ၏ တင်မြောက်ပွဲက မကြာခင် ကျင်းပတော့မည် ဖြစ်သောကြောင့် လင်းဟွမ်က ရုပ်ဆိုးနှင့် ကျန်သည့်လူများကိစ္စကို ခေတ္တ ဘေးဖယ်ထားလိုက်သည်။

အခမ်းအနားကျင်းပရန် (၁၀) ရက်သာ လိုတော့သည်။ သူ၏ အင်ပါယာ မွန်းစတားများကို အဆင့်မြှင့်တင်ပေးရန် အနည်းဆုံး (၁၀) ရက်ခန့် လိုအပ်သောကြောင့် နောက်ဆုတ်လိုက်ခြင်း သာ....

ဒီရက်ပိုင်းအတွင်းတွင် လင်းဟွမ်တွင် ဘာမှ လုပ်စရာ မရှိပေ။ ထို့ကြောင့် ဟိုတယ်ထဲမှာသာ နေပြီး ခါးကျင့်စဉ် လေ့ကျင့်နေခဲ့သည်။

ဟွမ်ထုဖူကလည်း ခါးတာအို ကျွမ်းကျင်သူဖြစ်ပြီး ခါးတာအို အဆင့် (၆) သို့ ရောက်ရှိနေသည်။ အစပိုင်းတွင် လင်းဟွမ်က ငယ်ရွယ်သောကြောင့် ခါးတာအိုကို နက်ရှိုင်းစွာ နားမလည်နိုင်ပါဘူးဟု ထင်နေခဲ့၏ ။ မကြာခင် ဖြစ်လာမည့် ဧကရာဇ်နှင့် ရင်းနှီးအောင် ဤအခွင့်အရေးကို အသုံးချ၍ ချဉ်းကပ်ခဲ့ခြင်း ဖြစ်သည် ။

သို့သော်လည်း ဓါးကျင့်စဉ် လေ့ကျင့်သော လင်းဟွမ်ကိုမြင်ပြီး ပထမဦးဆုံး အကြိမ်မှာပင် တုန်လှုပ် သွားရလိမ့်မည်ဟု မည်သူက ထင်ခဲ့မည်နည်း ။

ဧကရာဇ်သည် အသက် (၁၉) နှစ်သာ ရှိသေးပြီး တိုက်ခိုက်ရေးအဆင့်က အင်မော်တယ် အဆင့်သာ ရှိသေးသော်လည်း ဓါးတာအို နားလည်နိုင်စွမ်းက သူနှင့်ယှဉ်လျှင် နိမ့်ကျခြင်း မရှိပေ။

ထို့ကြောင့် လင်းဟွမ်အား အထင်သေးနေမှုကို ရုပ်သိမ်းပြီး သူနှင့်အဆင့်တူ လူတစ်ယောက်ကဲ့သို့

သဘောထားကာ ဓါးတာအိုများကို စတင် ဆွေးနွေးလာခဲ့သည်။ သူ၏ တိုက်ခိုက်ရေး အဆင့်ကိုပင် ဖိနှိပ်ပြီး လင်းဟွမ်နှင့် လေ့ကျင့်ခဲ့သေး၏ ။

ထိုအချိန်တွင် ရှောင်မိုက သူ့အခန်းထဲတွင် တင်ပျဉ်ခွေထိုင်ပြီး ပြုင်ဘက်ကင်း သိုင်းနတ်ဘုရားကျင့်စဉ်ကို လေ့ကျင့်နေခဲ့သည်။

ပျင်းစရာကောင်းသည်ဟု လုံးဝ မထင်ခဲ့ပေ ။ မကြာခင် သုံးရက် ကုန်ဆုံးသွားခဲ့သည်။

ဇူလိုင်လ (၃၀) ရက်နေ့ မနက် အစောပိုင်းတွင် ဟွမ်တန်ပု ပြန်ရောက်လာ၏ ။

လင်းဟွမ်ကို မြင်လိုက်မှ သူ့ရင်ထဲက အလုံးကြီး ပြုတ်ကျသွားသည်။ ဤရက်ပိုင်းအတွင်း လင်းဟွမ် ထွက်ပြေးသွားမည်ကို အနည်းငယ် စိုးရိမ် နေခဲ့သည်။

“ ပြင်ဆင်မှုတွေ လုပ်ပြီးပြီ... အခုဆို မနက်ဖြန် ကျင်းပမယ့် တင်မြှောက်ခြင်း အခမ်းအနားကို စတင်ဖို့ပဲ ကျန်တော့တယ်။ မင်း သူငယ်ချင်းတွေကို မဖိတ်တော့ဘူးလား...”

ယခု ရက်ပိုင်းအတွင်းတွင် လင်းဟွမ်ထံမှ ဧည့်သည်စာရင်းကို မရသေးသဖြင့် ဟွမ်တန်ပုက မေးလိုက်ခြင်းပင် ။

“ မလိုဘူး... သွားကြစို့...”

ယခုလက်ရှိတွင် ရီကျန်းတို့ မောင်နှမက အဖွဲ့ခွဲ (၃) တွင် ရှိသော်လည်း ဖိတ်ကြားစရာ မလိုဘူးဟု လင်းဟွမ် တွေးခဲ့သည်။ အကြောင်းမူ ရီကျန်းတို့ မောင်နှမ နှစ်ယောက်သည် ပြည်ထောင်စုအစိုးရ စစ်ဘက်ဌာနတွင် မှတ်တမ်းကောင်းများနှင့် မွေးဖွားလာသော လူများဖြစ်ပြီး သူက

မြေအောက်လောကၜ၏ ဆရာကြီး ဖြစ်လာမည့်လူ ဖြစ်နေသောကြောင့် ပင် ။

အကယ်၍ သူတို့က မင်းဆက်၏ ဇကရာဇ်တင်မြှောက်ခြင်း အခမ်းအနားကို မျက်မြင်သက်သေ အနေနှင့် တက်ရောက်ခဲ့မည် ဆိုပါက နောက်တစ်ချိန်တွင် စစ်တပ်ထဲ၌ အလုပ်လုပ်ရန် သူတို့၏ သန့်ရှင်းသော မှတ်တမ်းထဲတွင် အမဲစက်များ စွန်းထင်းသွားလိမ့်မည်။

ထို့အပြင် လျန်ယုရှင်းနှင့် လီလန်တို့ကလည်း ထင်ရှားသော မိသားစုမှ တော်ဝင်မျိုးနွယ်များ

ဖြစ်ကြသည်။ သူတို့ကလည်း မြေအောက်အဖွဲ့အစည်းကို စိတ်ဝင်စားခြင်း မရှိသောကြောင့် လင်းဟွမ်ကလည်း သူတို့ကို အသိပေးချင်စိတ် မရှိပေ။

ရှောင်မိုကို ခေါ်ဆောင်ကာ ဟွမ်တန်ပု၊ ဟွမ်ထုဖူတို့နှင့်အတူ နတ်ဘုရား တစ်ပိုင်းအဆင့် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲ ဝင်ရောက်သွားခဲ့သည်။

လင်းဟွမ် အသိစိတ် ပြန်ကပ်လာသော အချိန်တွင် ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးထဲ ရောက်နေကြောင်း သိလိုက်ရသည်။

ရုပ်ရှင်ဇာတ်လမ်းထဲက နန်းတော်ထက်ပင် ပို၍ ကြီးကျယ် ခမ်းနားနေသော နန်းတော်ကြီးကို တွေ့သောအခါ သူ့ခေါင်းထဲတွင် ပထမဦးဆုံး ဝင်လာသော အတွေးမှာ

‘ ဒီ အဆောက်အဦး ဆောက်ဖို့ ဘယ်လောက်တောင် အကုန်အကျ ခံခဲ့တာလဲ...’

လင်းဟွမ် တစ်ယောက်တည်း အလွန် အံ့သြ မှင်သက်နေခြင်း မဟုတ်ပေ။ သူ့ဘေးနားက ရှောင်မို တစ်ယောက်လည်း လုံးဝ အံ့သြ မှင်သက်နေ၏ ။ ဤမျှ ကြီးကျယ်ခမ်းနားသော အဆောက်အဦးကြီးကို သူ့ဘဝတွင် ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သည် ။

“ ပထမကေရာဇ်က ဒီနန်းတော်ကို ဒီဇိုင်း ရေးဆွဲခဲ့တာ... ငါတို့ ရောက်လာတဲ့ အချိန်မှာ ဘာမှလုပ်စရာ မလိုခဲ့ဘူး”

“ ဧကရာဇ်မင်မြတ်.... မင်းရဲ့ နန်းဆောင်က အရှေ့ဘက်မှာ...”

ဟွမ်တန်ပုက ပြုံးလိုက်ပြီး ပြတင်းပေါက်ကို တွန်းဖွင့်ကာ မီတာ (၁၀၀) ကျော်အဝေးက ခမ်းနားထည်ဝါသော နန်းတော်ကြီးကို လက်ညှိုးထိုးပြလိုက်သည်။

“ ဒါက ဧကရာဇ် နန်းဆောင်ပဲ... တရားဝင် နတ်ဘုရား ဓါတ်ကြွင်းပါ... ”

“ စောက်ရမ်း ခမ်းနားတာပဲ”

လင်းဟွမ်သည် မီတာ (၅၀) အကွာတွင်ရှိသော နန်းဆောင်ကြီးကို မြင်လျှင် အံ့ဩစိတ်ကို မထိန်းနိုင်ဘဲ ရေရွတ်လိုက်၏။

အခြားတစ်ဖက်တွင်မူ ရှောင်မိုသည် အင်မတန် အံ့ဩ ထိတ်လန့်စိတ်ကြောင့် စကားပင် မပြောနိုင်ချေ။

“ အထူး အခြေအနေ မဟုတ်ရင် ဇကာ၏ နန်းဆောင်က ပိတ်ထားလေ့ ရှိတယ် ။ ဇကာ၏ တစ်ပါးတည်းကသာ အထဲ ဝင်ရောက် ကြည့်ရှုခွင့် ရှိတာ...”

ဟွမ်တန်ပုက ဆက်ပြောလိုက်သည်။

“ သွားကြည့်ကြစို့... ”

ဟွမ်တန်ပုက လင်းဟွမ်နှင့် ရှောင်မူတို့ကို ဧကရာဇ် နန်းဆောင်ထဲ ခေါ်သွားရင်း စကားတပြောပြောနှင့် နန်းဆောင်တံခါးကို တွန်းဖွင့်လိုက်သည်။ နန်းတော် အဝင်ဝတွင် အင်ပါယာရွှေခရမ်းရောင်အဆင့် အစောင့် နှစ်ယောက်က မတ်တပ်ရပ်ပြီး စောင့်ကြပ်နေကြသည်။

သူတို့ နှစ်ယောက်သည် ဟွမ်တုန်ပုကို မြင်သည်နှင့် ရိုသေ လေးစားစွာ ဦးညွှတ် လိုက်ကြ၏ ။

“ ပထမမြို့စားကြီး... အရှင်မင်းကြီး...”

ထို့နောက် သူတို့သည် လင်းဟွမ်ကို တိတ်တဆိတ် ခိုးကြည့်ပြီး အကဲခတ်နေကြ၏။ အသစ်ခန့်အပ်လိုက်သော ဧကရာဇ်၏ အကြောင်းကို တော်တော်လေး သိချင်နေကြသည်။

လင်းဟွမ်ကလည်း အစောင့်နှစ်ယောက်ကို တစ်ချက် ကြည့်လိုက်သည်။ သူတို့တွင် အခြေခိုင်သော အော်ရာများ ရှိနေသည်။ တိုက်ခိုက်ရေး အဆင့်တူသည့် လူများနှင့်

တိုက်ခိုက်လျှင်ပင် လေးယောက် တစ်ယောက် တိုက်ခိုက် နိုင်လိမ့်မည်ဟု သူ ထင်သည်။

“ ဒီ ဇကရာဇ်နန်းဆောင် ကိုယ်တိုင်က နတ်ဘုရား ဓါတ်ကြွင်းဆိုတော့ အစောင့် မရှိရင်တောင် အဆင်ပြေတယ်...”

ဟွမ်တန်ပုက ရိုးသားစွာ ပြောလိုက်သည်။

“ တကယ်လည်း စောင့်စရာ မလိုပါဘူး.....”

လင်းဟွမ်ကလည်း ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

“ သူတို့ကို တံခါးဝမှာ ရပ်ခိုင်းထားလို့ အစောင့်နဲ့တူနေတာ။ သူတို့ရဲ့ တကယ့်တာဝန်က ဇကရာဇ်ရဲ့ လိုအပ်ချက်တွေကို တာဝန်ယူပေးဖို့ပါ။ ဇကရာဇ်က တစ်ခုခု လိုချင်တာ ရှိရင် ပြောလိုက်ရုံပါပဲ... သူတို့က စီစဉ်ပေးလိမ့်မယ်... တကယ်လို့ မလုပ်နိုင်တာ ရှိရင်လည်း ကျွန်တော့်ကို အကြောင်း ကြားလိုက်ပါ... ချက်ချင်း လုပ်ပေးပါမယ်... ”

“အခု... နန်းတော်ထဲ ဝင်သွားလို့ ရပြီလား...”

လင်းဟွမ်က တံခါးက ပိတ်နေသေးသည်ကို မြင်လျှင် မေးလိုက်သည်။

“ ဟုတ်... ရပါပြီ... ဒီနတ်ဘုရား ဓာတ်ကြွင်းမှာ လက်နက်ဝိညာဉ် ရှိတယ်။ တော်ဝင်တံဆိပ် ထုတ်လိုက်တာနဲ့ တံခါးက အလိုလို ပွင့်လာလိမ့်မယ်.... ”

ဟွမ်တန်ပုက အသိပေးလိုက်သည်။

“ ဒီကေရာဇ် နန်းဆောင်ရဲ့ အဓိက ထိန်းချုပ်မှုက နန်းတော်ထဲက ပုလ္လင်မှာရှိတယ်... အရှင်မင်းမြတ်ရဲ့

အထောက်အထားကို မှတ်ပုံတင်ဖို့ အချိန်နည်းနည်းတော့ ပေးရမယ်... ”

လင်းဟွမ်က တော်ဝင်တံဆိပ်ပြားကို ထုတ်ယူလိုက်သည်။

အစောပိုင်းက ပြောခဲ့သည့်အတိုင်း တံခါးက အလိုလို ပွင့်သွား၏။ ဟွမ်တန်ပုသည် ဝင်ပေါက်တွင် ခေတ္တမျှ မတ်တပ်ရပ်နေပြီး လင်းဟွမ်နှင့် ရှောင်မိုတို့ ဝင်သွားပြီးမှသာ နောက်မှ လိုက်ဝင်ခဲ့သည်။

လင်းဟွမ်သည် နန်းတော်၏ အတွင်းပိုင်းက အပြင်ဘက်မှ မြင်ရသည်ထက် အဆပေါင်းများစွာ

ပိုမိုကြီးကျယ် ခမ်းနားပြီး ပိုကျယ်နေကြောင်း သိလိုက်ရသည်။ ဘယ်သူ ကြည့်သော်လည်း အဆောက်အဦး၏ အဆုံးကို မမြင်နိုင်သလို မော့ကြည့်သော်လည်း မျက်နှာကြက်ကို မမြင်ရပေ။ သူမြင်ရသည်မှာ ကြယ်များ ပြည့်နက်နေသော မှောင်မည်းနေသည့် ကောင်းကင်ကြီး တစ်ခုသာ ။ ဒါသည် နန်းတော်ကြီးတစ်ခု မဟုတ်ဘဲ ကျုံ့ထားသော ကမ္ဘာလေးတစ်ခုနှင့် ပိုတူနေသည်။

“ ဆရာက ဒီကေရာ၏ နန်းဆောင်ကို တော်ဝင်စျေးထဲက ဝယ်ခဲ့တာ... ဟင်းလင်းပြင်

နိယာမ အပိုင်းအစတွေကို ပေါင်းစပ်ထားတယ်လို့ ကြားဖူးတယ်... ဒါက အစစ်မှန် နတ်ဘုရားအဆင့် နီးပါးရှိတဲ့ နတ်ဘုရား ဓါတ်ကြွင်းပဲ။ ဒီနိယာမ စွမ်းရည်ကြောင့် ဒီနေရာတစ်ခုလုံးက အဆုံး မရှိသလောက်ပဲ... ”

ဟွမ်တန်ပုသည် လင်းဟွမ်က လှည့်ပတ် ကြည့်နေသည်ကို မြင်လျှင် ဂုဏ်ယူသောအပြုံးနှင့် ထုတ်ပြောလိုက်၏။

ထိုရှင်းပြမှုကို ကြားသောအခါ လင်းဟွမ်၏ မျက်လုံးများ တောက်ပလာသည်။

ဒါသည် နိယာမ အပိုင်အစများ ပေါင်းစပ်ထားပြီး အစစ်မှန် နတ်ဘုရားအဆင့်နှင့် အလွန်နီးကပ်နေသော ဓါတ်ကြွင်းတစ်ခု ဖြစ်သည်။

လင်းဟွမ်သည် အရှေ့ဘက်သို့ လမ်းလျှောက်သွားပြီး မကြာခင် ဟွမ်တန်ပုပြောခဲ့သော ပုလ္လင်ကို တွေ့လိုက်ရသည်။ ရွှေရောင်စင်မြင့်ပေါ်တွင် တည်ရှိနေ၏။ ထိုပလက်ဖောင်းစင်မြင့်ပေါ်သို့ ဦးတည်သွားသော အနီရောင်ကော်ဇောခင်းထားသည့် လှေကားတစ်ခုလည်း ရှိသေးသည်။

လှေကားပေါ်တွင် စုစုပေါင်း (၃၆) ထစ် ရှိသည်။

စင်မြင့်တစ်ခုလုံးက အရှည်မီတာ (၂၀) ရှိပြီး အလျား (၆) အနံ့ (၅) မီတာခန့်ရှိပြီး ပလွင်ကိုမူ စင်မြင့်၏ အလယ်တည့်တည့်တွင် ထားရှိသည်။ ပလွင်၏ မျက်နှာပြင်သည် အလွန်ကြီးမားပြီး ရွှေအပြည့် ချထား၏ ။

အရပ် (၃) မီတာ မြင့်သော လူထွားကြီး တစ်ယောက်က ထိုပေါ်တွင် ထိုင်လျှင်ပင် သေးသလို ဖြစ်သွားလိမ့်မည်။ ပလွင် နောက်ဘက်မှ နောက်ကျောသည် (၃) မီတာနီးပါး မြင့်ပြီး

ၜင်းအပေါ်တွင် တစ်မူထူးခြားသော ကနုတ်များကို ရေးခြယ်ထားသည်။

ပလ္လင်နောက်ကွယ်တွင် အလှဆင်ထားသော နံရံတစ်ခုရှိပြီး မြို့ရိုးကဲ့သို့ မြင့်မားကာ ကျန်သည့် နံရံက ပလ္လင်အဆုံးထိ အတန်းလိုက် ကာထားသည်။

လင်းဟွမ်သည် လှေကားအတိုင်း လမ်းလျှောက် တက်သွားပြီး ပလ္လင်ထံ လျှောက်သွားလိုက်သည်။ ထို့နောက် ပလ္လင်ပေါ် ထိုင်ကြည့်လိုက်သည်။

“ ဒီပလ္လင်က တော်တော်လေး ဆန်းကြယ်တာပဲ... ဒါပေမယ့် နည်းနည်းလေး ကြီးနေတယ်... ”

“ ပလ္လင်အရှယ်အစား ပြောင်းလို့ရတယ် ။ ဒီအရှယ်အစားက မနက်ဖြန် အခမ်းအနားအတွက် သင့်တော်အောင် ပြင်ထားတာပါ။ ဧကရာဇ်မင်းလိုချင်တဲ့ အရှယ်အစားကို အချန်မရွေး ပြောင်းလဲလို့ရတယ်...”

လင်းဟွမ်သည် ခေါင်းညိတ်လိုက်ပြီး ပလ္လင်ကသူ့ကို အသိအမှတ်ပြုစေရန် သူ၏အသိစိတ်ကို ပလ္လင်ထဲ ထည့်သွင်းလိုက်သည်။

ဧကရာဇ် နန်းဆောင်၏ လက်နက်ဝိညာဉ်သည် လင်းဟွမ်၏ တော်ဝင်ဖြစ်သော အထောက်အထားကို

အသိမှတ် ပြုပြီးနောက် ငြင်းဆန်ခြင်း မရှိပေ။ ထိုအစား စာရင်းသွင်းမှုကို သုံးမိနစ်အတွင်း ပြီးစီးအောင် လုပ်ပေးခဲ့သည်။

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ လုပ်ပိုင်ခွင့် အာဏာကို ကန့်သတ်ထားသောကြောင့် နန်းတော်ကို ကတ်တစ်ခုအဖြစ် မပြောင်းလဲနိုင်ပေ။ ကတ်အဖြစ် ပြောင်းလဲ လိုက်သည်နှင့် ချိတ်ပိတ်ခံရပြီး ဆင့်ခေါ်နိုင်တော့မည် မဟုတ်ချေ။

ဟွမ်တန်ပုသည် အသိမှတ်ပြုခြင်း လုပ်ငန်းစဉ် ပြီးဆုံးသွားပြီ ဖြစ်ကြောင်း သိသည်နှင့် လင်းဟွမ်ကို စကားပြောလိုက်သည်။

“ ဧကရာဇ်မင်းမြတ်... မင်းကို ကြိုပြီးပြောသင့်လား မပြောသင့်လားတော့ မသေချာဘူး... မနက်ဖြန် ဧကရာဇ် တင်မြှောက်ခြင်း အခမ်းအနားအတွက် တခြား အဖွဲ့အစည်းတွေကိုတော့ မဖိတ်ထားပေမယ့် သတင်းမီဒီယာ ကိုယ်စားလှယ် အချို့ကတော့ လာဖို့ သေချာသလောက်ပဲ...”

“ ဒါဆိုရင် ငါ ဧကရာဇ်ဖြစ်တဲ့ သတင်းကို အပြင်ကမ္ဘာက သိသွားပြီပေါ့...”

လင်းဟွမ်သည် တော်တော်လေး မျက်မှောင် ကြုတ်သွား၏ ။

“ တကယ်တော့ အရှင်မင်းမြတ်က အထောက်အထား မထုတ်ဖော်ချင်ရင် မျက်နှာကို ဖုံးထားလို့ ရပါတယ်။ အရှင်မင်းမြတ်ရဲ့ အထောက်အထားကိုလည်း ကျွန်တော်တို့ ဖုံးကွယ် ထားပေးမှာပါ...”

“ အခု ငါ့ကို ပြောနေတာက ရာထူး မဖြစ်မနေ လက်ခံရအောင် မင်း ပြောလိုက်တာ မဟုတ်ဘူးလား.....”

လင်းဟွမ်က ဟွမ်တန်ပုကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

“ ဒါ နောက်ဆုံး နည်းလမ်းဖြစ်လို့ ကျွန်တော်မျိုး လုပ်ခဲ့တာပါ... ဧကရာဇ်မင်းမြတ်က ကျွန်တော်မျိုးကို အပြစ် ပေးမယ်ဆိုရင်လည်း ကျေကျေနပ်နပ်ကြီး လက်ခံပါ့မယ်...”

ဟွမ်တန်ပုက ချက်ချင်း အရိုအသေပေးပြီး ပြောလိုက်သည်။

“ ပြစ်ဒဏ် ကိစ္စကတော့ ထားလိုက်ပါ။ အနာဂတ်မှာ ဒီလို ကိစ္စမျိုးတွေ နောက်တစ်ကြိမ် ထပ်မဖြစ်လာဖို့ ငါ မျှော်လင့်တယ်...”

လင်းဟွမ်က လက်ခါပြပြီး ပြောလိုက်သည်။

“ ရုပ်ဖျက်စရာ မလိုဘူး။ ငါ့အထောက်အထား ပေါ်ဖို့ ဆိုတာကလည်း အချိန်တစ်ခုပဲ လိုတာဆိုတော့ ကိုယ့်ဘာသာကိုယ် ဖော်ထုတ်လိုက်တာပဲ

ပိုကောင်းပါတယ်။ အနည်းဆုံးတော့ ငါ ထိန်းချုပ်နိုင်တာပေါ့... ”

“ အရှင်းမင်းမြတ် ညီမရော...”

ဟွမ်တန်ပုက စ မေးလိုက်သည်။

“ သွားခေါ်မယ်... အဖွဲ့ခွဲ (၁) ကို ခေါ်လာခဲ့မယ်... ”

အခန်း(၁,၀၂၂) - ရှုံ့ဒုံ ဖားပြုတ်နက်....

အဖွဲ့ခွဲ (၇)၊ အဖြူရောင် မြို့ ...

သိုင်းပညာမုဆိုး ကောလိပ်၏ ဝင်ပေါက်တွင် အဘိုးအိုတစ်ယောက်နှင့် လူငယ်လေး တစ်ယောက် ပေါ်လာသည်။

လူငယ်လေးတွင် အနက်ရောင် ဆံပင်တိုနှင့် တောက်ပသော မျက်လုံးများ ရှိ၏။ အပေါ်ဘက်တွင် အဖြူရောင် တီရှပ်အင်္ကျီ

ဝတ်ဆင်ထားပြီး အောက်ပိုင်းတွင် အပြာနုရောင် ဂျင်းဘောင်းဘီ ဝတ်ဆင်ထားသည်။ ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားပြီး သူ့ ဘယ်ဘက်ပခုံးပေါ်တွင် ကြောင်ဖြူလေးတစ်ကောင် ထိုင်နေသည်။

ထိုအချိန်တွင် သူ့ဘေးက အဘိုးအိုကမူ မီးခိုးရောင် တရုတ်ဝတ်စုံ ဝတ်ဆင်ထားပြီး အနက်ရောင် ကင်းဘတ် ဖိနပ် စီးထား၏။ ပိန်ပါးပြီး ကြည့်ရသည်မှာ အစွမ်းထက်သော တာအို ဘုန်းတော်ကြီး တစ်ပါးနှင့် တူနေသည်။

မြေးအဖိုး ပုံစံရှိသော သူတို့ နှစ်ယောက်သည် သိုင်းပညာမုဆိုး ကောလိပ် ဝင်ပေါက်ရှေ့တွင် ခေတ္တမျှ မတ်တပ်ရပ်နေပြီးနောက် လှည့်ထွက်သွားကြသည်။

“ ကျောင်းမှာ မရှိဘူး..”

လင်းဟွမ်သည် စုန်းမကို အာရုံခံ၍ မရခဲ့သလို စိတ်စွမ်းအားနှင့်လည်း လင်းရှင်ကို ရှာမတွေ့ခဲ့ပေ။

ဧူလိုင် လကုန် ဖြစ်သောကြောင့် သိုင်းပညာ ကောလိပ်တွင် နွေရာသီ ကျောင်းပိတ်ရက် ဖြစ်သည်။

လင်းဟွမ်သည် လင်းရှင်ကို ရှာမတွေ့သည့် အတွက် မအံ့ဩမိပေ။ သူ့ဘေးနားတွင် ရှိနေသော ဟွမ်တန်ပုအတွက်လည်း ထူးဆန်းသည့် ပုံမရှိပေ။

ခဏအကြာ လင်းရှင်ကို ဖုန်းခေါ်လိုက်လျှင် သူမက ချက်ချင်း ကောက်ကိုင်သည်။

ဖုန်းလိုင်း ဆက်သွယ်သွားသည်နှင့် လင်းဟွမ်သည် သူမ မျက်နှာပေါ်က ရှုံ့အမှုန်အမွှားများကို ချက်ချင်း သတိထားမိလိုက်သည်။ သူမဆံပင်က အနည်းငယ် ပွယောင်းယောင်း ဖြစ်နေပြီး လူကလည်း

ပေတိပေစုတ် ဖြစ်နေ၏။ သူမ နောက်က တောအုပ်ကို သတိထားမိလျှင် လင်းဟွမ်သည် မျက်မှောင်ကြုတ်သွားပြီး ချက်ချင်း မေးလိုက်သည်။

“အခု ဘယ်မှာလဲ..”

“ မိစ္ဆာ ရှုံ့နွံတောအုပ်..”

“ ဘာဖြစ်လို့ ရောက်နေတာလဲ..”

ယခုအခါ လင်းဟွမ်၏ မျက်မှောင်က ပိုရှုပ်ကြုတ်လာသည်။ မိစ္ဆာရှုံ့နွံတောအုပ် အကြောင်းကို တော်တော်လေး ရင်းနှီး၏။ ဒါသည်

အလယ်အလတ်အဆင့် အန္တရာယ်ဇုန် ဖြစ်သည်။ အင်မော်တယ်အဆင့် မွန်းစတားများ သာမက အဆိပ်ရှိသော မွန်းစတားများစွာလည်း ရှိနေသည်။

“ အခုက ကျောင်းပိတ်တယ်လေ.. စစ်ဆင်ရေး တစ်ခု လုပ်နေတာ.. ”

ရှင်းပြနေရင်း လင်းရှင်၏အသံက တိုးလာသည်။ မိစ္ဆာရှိန်နှံ တောအုပ်ကို သွားပါက လင်းဟွမ် မည်ကဲ့သို့ တုံ့ပြန်မလဲဆိုသည်ကို သူမသိနေသည်။

“ စုန်းမလေး ဘယ်ရောက်နေလဲ..”

လင်းဟွမ်က ထပ်မေးလိုက်သည်။

“ ဟိုတယ်မှာ. .”

လင်းဟွမ် ပြောပြီးသည်နှင့် အနက်ရောင် မြူခိုးတစ်ခု ရုတ်တရက် ပေါ်လာသည်။ မြူခိုးများ ဖွဲ့စည်းသွားသောအခါ စုန်းမ၏ ဦးခေါင်း ပေါ်လာပြီး..

“ ဒီမှာပါ.. ”

“ စုန်းမလေး နင် ဘာလို့ ဒီလိုလုပ်တာလဲ။ ငါ့နောက် မလိုက်ပါဘူးလို့ ကတိ ပေးထားတယ်လေ..”

လင်းရှင်သည် စုန်းမကို မြင်သောအခါ မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားပြီး မကြာခင် စတင် အပြစ်တင်လိုက်သည်။

“ လုပ်တာ ကောင်းတယ်..”

အခြားတစ်ဖက်တွင်မူ လင်းဟွမ်ထံမှ လုံးဝ ကွဲပြားခြားနားသော မှတ်ချက်ထွက်လာ၏ ။

“ မင်း ရောက်တဲ့နေရာကနေ စောင့်နေ.. ဘယ်မှ လျှောက်မသွားနဲ့.. ငါ လာနေပြီ..”

“အမ်.. အစ်ကို အဖွဲ့ခွဲ (၇) ပြန်ရောက်နေပြီလား..”

ထိုအချိန်တွင် လင်းရှင် ထိတ်လန့်သွား၏ ။

“ အေး.. ငါ သိုင်းပညာမုဆိုးကောလိပ် အပေါက်ဝမှာ.. ”

လင်းဟွမ်က ကင်မရာ မြင်ကွင်းကို အနည်းငယ် ပြောင်းပြီး သူ့နောက်မှ မြင်ကွင်းကို ပြလိုက်သည်။

“ ငါ့ စစ်ဆင်ရေး မပြီးသေးဘူး.. မလာနဲ့အုံး။ ရက်နည်းနည်းလောက် ကြာရင် ပြန်လာခဲ့မယ်.. အဖြူရောင် မြို့တော်မှာပဲ စောင့်နေ”

“ မနက်ဖြန် လုပ်စရာ ရှိသေးတယ်။ အခု လာခဲ့မယ်.....”

လင်းဟွမ်က ပြောပြောဆိုဆို ဖုန်းချလိုက်သည်။

လင်းရှင်သည် သူမ ကြည့်နေသော ဗီဒီယိုမျက်နှာပြင် မည်းမှောင် သွားသောအခါ မျက်နှာ ပုပ်သိုးသွား၏။

“ ဘာဖြစ်လို့ ဒီလို ဖြစ်ရတာလဲ.. ငါ့တာဝန်က မပြီးသေးဘူးလေ။ ငါ စွန့်လွှတ်လိုက်ရင် တာဝန်ပြီးမြောက်မှုနှုန်း ထိခိုက်သွားမှာပေါ့..”

“ ဒါဆို သခင် မရောက်ခင် ငါ ကူညီရမလား..”

စုန်းမက အကြံပေးလိုက်သည်။

“ မလိုဘူး.. ငါ့လက်နဲ့ ရှုံ့နှံ ဖားပြုတ်နက် တစ်ကောင်တောင် ဖမ်းမမိဘူးဆိုတာ ငါ မယုံဘူး..”

လင်းရှင်က လက်မလျှော့ချင်ပေ။

(၁၀) မိနစ်ကျော် ကြာပြီးနောက် လင်းရှင်ရှေ့တွင် လင်းဟွမ် ပေါ်လာ၏။ ထိုအချိန်၌ လင်းရှင်သည် ထိုနေရာနှင့် (၁၀) မီတာဝေးကွာသော ရှုံ့နွံအိုင်တစ်ခုပေါ်တွင် ပျံဝဲနေသည်။ အစောပိုင်းမှ ဗီဒီယိုထဲကထက်ပင် ပို၍စုတ်ပြတ်နေသေးသည်။

လင်းဟွမ်ကို မြင်သောအခါ ဒေါသထွက်သွားသော်လည်း အမဲလိုက်နေခြင်းကို မရပ်တန့်ခဲ့ပေ။

“ ဒါဆိုရင် မင်းက ရှုံ့နွံဖားပြုတ်နက်ကို အမဲလိုက်နေတာပေါ့..”

ထိုအခိုက်အတန့်တွင် လင်းဟွမ်က ညီမဖြစ်သူ ဘာလုပ်နေကြောင်း သိသွား၏။ လင်းရှင်က လင်းဟွမ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေပြီး သူမ၏ စစ်ဆင်ရေးကို အနှောင့်အယှက် ပေးသည့်အတွက် မကျေမနပ် ဖြစ်နေသည်။

“ ကူညီလိုက်ရမလား.....”

ဟွမ်တန်ပုက ခေါင်းလှည့်ပြီး လင်းဟွမ်ကို မေးလိုက်သည်။

“ မလိုဘူး... သူဘာသာသူ လုပ်ပါစေ..”

လင်းဟွမ်က ခေါင်းခါပြီး လင်းရှင်ကို ပြောလိုက်သည်။

“ ရှိုးနွံဖားပြုတ်နက်ကို ဖမ်းရတာ ခက်တဲ့အချက် သုံးချက်ရှိတယ် ”

“ ပထမ တစ်ချက်က အများအားဖြင့်တော့ ရှိုးနွံဖားပြုတ်နက်တွေက မိစ္ဆာရှိုးနွံ မိကျောင်းတွေနဲ့ အတူ နေတတ်တယ်။ ရှိုးနွံဖားပြုတ်နက်ကို ဖမ်းတဲ့အချိန်မှာ မိစ္ဆာရှိုးနွံ မိကျောင်းက တိုက်ခိုက်လာနိုင်လို့ပဲ.. ”

သူမ ကိုယ်ပေါ်ရှိ ရွှံ့နွံများကြောင့် လင်းရှင်တိုက်ခိုက် ခံခဲ့ရကြောင်း သူ သိနေသည်။

“ ဒုတိယ တစ်ချက်က ရွှံ့နွံဖားပြုတ်နက်တွေမှာ ပုန်းကွယ်နိုင်တဲ့ စွမ်းရည်ရှိတဲ့အတွက်.. လုံးဝ ငြိမ်နေရင် သာမန်မျက်စိနဲ့ မြင်ဖို့ ခက်တယ် ”

“ တတိယ တစ်ချက်က ရွှံ့နွံဖားပြုတ်နက်တွေမှာ ပေါက်ကွဲမြန်တဲ့ တုံ့ပြန်မှု ရှိတယ်.. သာမန် နည်းလမ်းတွေနဲ့ ဖမ်းရင်တော့ အလွယ်တကူ ထွက်ပြေးနိုင်တယ်။ နောက်ပြီးတော့ သူတို့မှာ ရေတို လျင်လျင်မြန်မြန် ပေါက်ကွဲနိုင်တဲ့ အရှိန်

ရှိတယ်.. ဒီအပိုင်းနဲ့ ပတ်သက်လာရင် အဆင့်တူ မွန်းစတားတွေထက် တော်တော်လေး အစွမ်းထက်တယ်”

“ ပထမတစ်ချက်က ထိန်းချုပ်လို့ ရပေမယ့် ကျန်တဲ့နှစ်ချက်ကို မထိန်းချုပ်နိုင်ရင်တော့ ဖမ်းမိဖို့ မလွယ်ဘူး .. ”

လင်းဟွမ်က ညီမဖြစ်သူကို မကူညီပေ။ ထိုအစား ရှုံ့နှံ့ဖားပြုတ်နက်အား ဖမ်းယူသည့် နေရာတွင် ခက်ခဲနိုင်သည့် အချက်အလက်များကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ ပြလိုက်သည် ။

လင်းရှင်သည် ထိုစကားကို ကြားသောအခါ အံ့အောသင့် သွား၏ ။ လင်းဟွမ် ပြောခဲ့သည့် ဒုတိယအချက်နှင့် တတိယအချက်ကို တိုးတိုးလေး ပြန် ရေရွတ်လိုက်သည် ။

“ သာမန်မျက်စိနဲ့ မြင်ဖို့ ခက်တယ်.. ပေါက်ကွဲစေနိုင်တဲ့ တုံ့ပြန်မှု.. .. ..”

“ သာမန်မျက်စိနဲ့ မြင်ဖို့ခက်ရင် အာရုံခံနိုင်တဲ့ တခြား နည်းစနစ်တွေ ငါ သုံးရမှာပေါ့.. ပေါက်ကွဲတဲ့ တုံ့ပြန်မှုရှိရင်.. .. ပြေးမယ့် လမ်းကြောင်းကို ကြိုတွက်ထား ရမယ်.. ”

မကြာခင် လင်းရှင် အဖြေရသွားသည်။ လေထဲပျံဝဲပြီး မျက်လုံးကို ဖြည်းဖြည်းချင်း မှိတ်လိုက်၏။ သူမ၏အာရုံကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ထုတ်လိုက်ရာ မကြာခင် သူမ ခြေဖဝါးအောက်က ရွှံ့နွံထဲတွင် တစ်စုံတစ်ခုကို ခံစားမိလိုက်သည်။ ရေးတေးတေးသာ ခံစားမိသော်လည်း ထိုကဲ့သို့ လုပ်ဆောင်နိုင်သည့် အတွက် အလွန် ပျော်ရွှင်သွားသည်။

အမှန်တကယ်ဆို သာလွန်အဆင့် လူတိုင်း နီးပါးတွင် အာရုံခံနိုင်စွမ်း ရှိကြသည်။ သို့သော်လည်း

စိတ်စွမ်းအား မရှိသည့် လူများက သာမန်မျက်စိထက်ပင် မှုန်ဝါးသော အာရုံခံနိုင်စွမ်းဖြစ်နေသောကြောင့် အများအားဖြင့် အသုံးမပြုတတ်ကြပေ။

လင်းရှင်အတွက်မူ ကြည်လင်ပြတ်သားသည့် ပုံရိပ် မလိုပေ။ သူမ လိုအပ်သည်မှာ ရွှံ့နွံနှင့် ရွှံ့နွံဖားပြုတ်ကို ခွဲခြားနိုင်ဖို့သာ လိုအပ်သည်။

အာရုံခံမှု အောက်တွင် အသက်စွမ်းအင် ရှိနေသော ရွှံ့နွံ ဖားပြုတ်နက်ကို အဖြူရောင် အစက်ကလေးအဖြစ် တွေ့ရှိနေရသည်။ မကြာခင်

လင်းရှင်သည် သူမနှင့် မီတာ အနည်းငယ်ကွာသော နေရာက ရှုံ့နွံဖားပြုတ်နက်၏ တည်နေရာကို တွေ့သွား၏ ။

“ ဒီမှာ အများကြီးပဲ.. ”

သူမ၏ အာရုံ ခံနိုင်စွမ်းကြောင့် သူမ ပတ်ဝန်းကျင်တွင် ရှုံ့နွံဖားပြုတ်နက် အမြောက်အမြား ရှိနေကြောင်း သိလိုက်ရသည်။

မျက်လုံး ပြန်ဖွင့်ပြီးနောက် ရှုံ့နွံဖားပြုတ်နက် တစ်ကောင်၏ တည်နေရာကို ပစ်မှတ်ထားကာ တွေဝေခြင်း မရှိဘဲ ဓါးဖြင့် ခုတ်လိုက်သည်။

အနက်ရောင် ပုံရိပ်တစ်ခု ပေါ်လာပြီး လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်လာသည်။

သို့သော်လည်း လင်းရှင်၏ ခါးခုတ်ချက်က မည်သည့် အရာကိုမှ မထိမှန်သွားပေ။

“ တကယ်လို့ မင်းဆီမှာ ပြိုင်ဘက်ထက် ပိုသာတဲ့ အမြန်နှုန်းနဲ့ ပေါက်ကွဲအား မရှိရင် ဘယ်လိုအနိုင်ယူရမလဲ ဆိုတာ သေသေချာချာ စဉ်းစားရမယ်.. ”

လင်းဟွမ်က အဖြေ တန်းမပေးပေ။ ထိုအစား မည်ကဲ့သို့ စဉ်းစားရမလဲ ဆိုသည့် လမ်းကြောင်းကိုသာ ချပေးခဲ့သည်။

မကြာခင် လင်းရှင် အဖြေရသွား၏။ ရှုံ့နွံ ဖားပြုတ်နက် နောက်တစ်ကောင်ကို ပစ်မှတ် ထားခဲ့သော်လည်း ချက်ချင်း မတိုက်ခိုက်ခဲ့ပေ။ ထိုအစား သေချာပေါက် ထိမှန်မည့် အခွင့်အရေးကို စောင့်ဆိုင်းကာ ဓါးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ မကြာခင် ရှုံ့နွံဖားပြုတ်နက်ထံ လှိုင်းတစ်ခု ပစ်လွှတ်လိုက်သည်။

ရှိုးနှီ ဖားပြုတ်နက် ပေါ်လာသည့် အခိုက်အတန့်တွင် အလင်းရောင်တစ်ခု ဖျတ်ခနဲ လက်သွားသည်။ သူ့ကိုယ်သူ ဖော်ထုတ်မိသော သက်ရှိသည် တစ်ပိုင်း ပြတ်ကျသွား၏။

လင်းရှင်သည် ရှိုးနှီဖားပြုတ်နက်ကို သတ်လိုက်နိုင်သည့်အတွက် ဝမ်းသာပီတိ စိတ်များ ပြည့်နှက်လာသည်။

“ ကောင်းပြီ.. မင်းတာဝန် ပြီးသွားပြီ.. အခု ငါတို့ ထွက်သွားလို့ ရပြီလား”

လင်းဟွမ်က ညီမဖြစ်သူထံ လမ်းလျှောက်လာရင်း ဂုဏ်ယူစွာ ပြုံးပြီး မေးလိုက်သည်။

“ ဆယ်ကောင် သတ်ရမှာ”

တာဝန်ဟူသော စကားကို ကြားသောအခါ လင်းရှင်က ခါးသီးစွာ ကြည့်လိုက်သည်။

“ ဒါက ပထမဦးဆုံး တစ်ကောင်လား....”

လင်းဟွမ်သည် လင်းရှင်၏ အမူအရာကိုမြင်လျှင် မျက်ခုံးမပင့်ဘဲ မနေနိုင်တော့ချေ။ လွန်ခဲ့သော

ရက်အနည်းငယ်က သူမ တစ်ကောင်မှ မရခဲ့ကြောင်း ထင်ရှားနေသည်။

လင်းရှင်၏ မျက်နှာသည် ဖျတ်ခနဲ ရဲသွားပြီး ပြောလိုက်သည်။

“ ခဏစောင့်.. ငါ ပြီးတော့မှာပါ..”

“ ပြီးသွားပြီ.. ”

လင်းဟွမ်သည် စကားပြောပြီးသည်နှင့် တပြိုင်နက် စိတ်ဝိညာဉ်လှိုင်း (၁၀) ခုကို ခွဲထုတ်ပြီး ရှုံ့နွံဖားပြုတ်နက် (၁၀) ကောင်ကို တုတ်ထိုးနှင့်

ထိုးသလို ထိုးဖောက်ကာ လင်းရှင်ရှေ့ကို ပို့ပေးလိုက်သည် ။

“ ငါတို့ ပြန်တဲ့အခါ မင်းအတွက် တစ်ကောင် ဖမ်းခဲ့ပေးမယ်။ အဲ့ဒီတစ်ကောင်နဲ့ စိတ်ကြိုက် လေ့ကျင့်ပေါ့ .... ”

အခန်း(၁,၀၂၃) - ဇကရာ၏ မွေးဖွားလာခြင်း

ဇကရာ၏မြို့တွင် ဧလိုင်လ၏ အဆုံး နွေရာသီ နောက်ဆုံးချိန်ဖြစ်၍ တော်တော်လေး ပူပြင်းလှပေသည်။ အပူချိန်သည် အမြဲတမ်း (၃၅) စင်တီဂရိတ် အထက် ရှိ၏။

ရေပန်းစားသည့် နွေရာသီ အပန်းဖြေစခန်း မဟုတ်သော်လည်း ဤဝပ်ကျင်းစခန်းသို့ လူပေါင်းသိန်းနှင့်ချီပြီး ရောက်ရှိ နေကြသည်။ ထိုလူများသည် ခရီးသွားများ မဟုတ်ဘဲ

အဖွဲ့ခွဲအသီးသီးမှ မင်းဆက် အဖွဲ့ဝင်များ ဖြစ်နေကြသည် ။

ထုံးစံအတိုင်း မင်းဆက်၏ နံပါတ်တစ် မြို့တော်ဖြစ်သော ဧကရာဇ်မြို့တွင် သိန်းနှင့်ချီသော လူများ စုဝေးနေသောကြောင့် အခြား အဖွဲ့အစည်းများ၏ အာရုံကို ဆွဲဆောင်သွား၏ ။

ဖိုရမ်ပေါ်တွင် လူတိုင်းကလည်း ထိုကြောင်းသာ ဆွေးနွေးနေကြသည်။

“ အခုတလော မင်းဆက်က ဘာတွေ လုပ်နေတာလဲ။ သူတို့အားလုံးက ဘယ်လိုဖြစ်လို့

ရုတ်တရက်ကြီး မင်းဆက် ရုံးချုပ်ကို ပြန်နေကြတာလဲ... ”

“ ဒါ အမှန်ပဲ... ဒီရက်ပိုင်းအတွင်း ဇကရာဇ်မြို့မှာရှိတဲ့ ဟိုတယ်တွေ အကုန်လုံး အခန်းတွေ ပြည့်နေပြီ။ လူတော်တော် များများကလည်း သြဂုတ်လ (၁) ရက်နေ့အထိ အခန်းတွေ ကြိုယူထားကြတယ် ”

“ မင်းဆက်မှာ ဒီလိုမျိုး ကြီးကြီးမားမား မဖြစ်တာ နှစ်ပေါင်း ရာနဲ့ချီနေပြီ။ ဒီတစ်ကြိမ်

ဘာတွေ လုပ်နေကြတာလဲ။ အဖွဲ့အစည်း တစ်ခုခုနဲ့ စစ်ဖြစ် မလို့လား... ”

လူအနည်းစုကမူ သတင်း သိကြသည်။

“ ဧကရာဇ်တစ်ပါး မွေးဖွားလာတယ်လို့ ကြားတာပဲ... ”

သို့သော်လည်း လူအများစုက ဤသတင်းကို သတင်း အမှားဟုသာ ထင်နေကြသည်။ ကိုယ်ပိုင် အကြောင်းပြချက်နှင့် ပြန်ချေပသည့် လူများပင် ရှိသေး၏ ။

“ တော်ဝင် စမ်းသပ်မှုက ရာစုနှစ်တစ်ခုမှာ တစ်ကြိမ်ပဲ ကျင်းပတာ ။ အဲ့တစ်ကြိမ် ကျင်းပရင်တောင် တစ်လပဲ ကြာတာမဟုတ်လား ။ “

“ တော်ဝင်စမ်းသပ်မှုက မေလ (၅) ရက်နေ့မှာ စတယ်ဆိုတော့ ဇွန်လ (၆) ရက်နေ့မှာ ပြီးသွားပြီလေ ။ အခုဆို နှစ်လတောင် ကြာနေပြီ။ မင်းဆက်က ပုံအောပြီး အားကိုးထားတဲ့ ပထမမင်းသား ဟွမ်ဝူကျိတောင် အရည်အချင်း မရှိလို့ မင်းဆက်ကို ပြန်ရောက်နေပြီ ။ ဒါက အဖွဲ့အစည်း

တော်တော်များများအတွက် လျှို့ဝှက်ချက်မှ မဟုတ်တာ ”

“တခြား မင်းသား တစ်ယောက်ယောက်သာ ဒီစမ်းသပ်မှုမှာ အောင်မြင်ခဲ့ရင် ပွဲတွေ အကြီးအကျယ် လုပ်ပြီးတော့ မင်းဆက်က ကြေညာမှာပဲ။ မင်းဆက်က အမြဲတမ်း ပုံရိပ် မြင့်မြင့်မားမား ဖြစ်အောင် လုပ်တတ်တဲ့ အဖွဲ့အစည်းလေ ။ တကယ်လို့ သူတို့က ဧကရာဇ်တစ်ပါး ရွေးချယ်ထားတယ် ဆိုရင် ဘာဖြစ်လို့ ပြီးခဲ့တဲ့

နှစ်လလုံးလုံး တိတ်ဆိတ်နေမှာလဲ...။ ဘာဖြစ်လို့ အခုမှ ကောက်ခါင်ခါ ထလုပ်ရမှာလဲ....”

ပြင်းထန်သော ဆွေးနွေးငြင်းခုန်မှုများ ကြားတွင် မှန်ကန်သော အယူအဆများကို ထုတ်ပြောသည့်လူများ ရှိခဲ့သည်။ သို့သော်လည်း သတင်းအတု အမျိုးမျိုးကြားတွင် နစ်မြုပ်သွားခဲ့၏ ။

လူအများက လိုင်းပေါ်တွင် အားကြိုးမာန်တက် ဆွေးနွေးရင်း အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ပြီး နောက်ဆုံး၌ သြဂုတ်လ (၁) ရက်နေ့သို့ ရောက်ရှိလာခဲ့သည်။

မနက်ခင်း အစောပိုင်းတွင် မင်းဆက်ရုံးချုပ်၏ ဧရာမ ရေပြင်ကြီးတွင် လူများ စုဝေးနေကြသည်။

အသစ်ခန့်အပ်သော ကေရာဇ် အကြောင်းကို လူတိုင်းက အလွန် သိချင်နေသော်လည်း ဟွမ်တန်ပုက လင်းဟွမ်နှင့် ပတ်သက်ပြီး သူတို့၏ အဖွဲ့ဝင်များကို ဘာတစ်ခွန်းမှ မပြောထားပေ။

လင်းဟွမ်၏ ကိုယ်ပိုင်လက္ခဏာကို သိသော မင်းဆက်ဌာနချုပ်မှ လူအနည်းစုက လွှဲလျှင် ကျန်သည့် လူများသည် ကေရာဇ်အသစ်က

ယောက်ျားလား၊ မိန်းမလား ဆိုသည်ကိုပင် မသိကြချေ။

ထုံးစံအတိုင်း မင်းဆက် အဖွဲ့ဝင် တော်တော်များများသည် အသစ် ခန့်အပ်သော ဧကရာဇ်အကြောင်းကို သိချင်စိတ်ထက် စာလျှင် ပို၍ လက်တွေ့ကျသော အကြောင်းပြချက်နှင့် ရောက်လာကြခြင်းသာ ။

သူတို့သည် အသစ် ခန့်လိုက်အပ်သော ဧကရာဇ် မင်းမြတ်ထံမှ မည်သည့် အကျိုးကျေးဇူးများ ရမလဲ ဆိုသည်ကို သိချင်နေကြသည်။ အခြေခံအားဖြင့်တော့

ဧကရာဇ် တစ်ပါးသည် တော်ဝင်အဖွဲ့ဝင် ဖြစ်ရမည့် အကြောင်းကို မင်းဆက်၏ ထိပ်ပိုင်း အသိုင်းအဝိုင်းများက သိကြသည်။ ထို့ကြောင့် အသစ်ခန့်အပ်လိုက်သော ဧကရာဇ်တစ်ပါးက မင်းဆက်အတွက် အကျိုးအမြတ်များ ယူဆောင်လာပေးမှာ အသေအချာပင် ။

ပထမဧကရာဇ် သေဆုံးသွားသည့် အချိန်မှစ၍ မင်းဆက်သည် တော်ဝင်ထံမှ အနိမ့်ဆုံး အကျိုးအမြတ်များသာ ရရှိလာခဲ့သည်မှာ နှစ်ပေါင်းရာနဲ့ချီပြီး ကြာခဲ့ပြီ ။

အဖြစ်သဘောလောက် နှင့်သာ ရပ်တည်နေခဲ့ကြရသည်။ အသစ် ခန့်အပ်လိုက်သော ဧကရာဇ်တစ်ပါး ရှိလာပါက ရှုထောင့်ပေါင်းစုံမှ တိုးတက်လာလိမ့်မည်။ အနိမ့်ဆုံး လူမှုဖူလုံရေးကို အဆင့်အတန်းတစ်ခုအထိ ရောက်အောင် မြှင့်တင်ပေးနိုင်လိမ့်မည် ။

တင်မြှောက်ခြင်း အခမ်းအနားကို မနက် (၁၀) နာရီမှစတင်မည် ဖြစ်သော်လည်း မင်းဆက်အဖွဲ့ဝင် အားလုံးနီးပါးသည် မနက် (၉) နာရီ မထိုးခင်ကတည်းက ရောက်ရှိ နေကြ၏။

လူတိုင်းက အခမ်းအနား စတင်မည့် အချိန်ကို စောင့်မျှော်ရင်း သူတို့နှင့် ရင်းနှီးသောလူများနှင့် စကားစမြည် ပြောဆိုနေကြ၏ ။

မနက် (၉) နာရီခွဲတွင် မင်းဆက်ဌာနချုပ်၏ ကောင်းကင်ယံတွင် လေသင်္ဘောများ အဆက်မပြတ် ပျံသန်း ရောက်ရှိလာသောကြောင့် အောက်မှ လူများသည် စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြသည်။

မီတာ ထောင်ပေါင်းများစွာ ရှည်လျားသော နတ်ဘုရားတစ်ပိုင်း အဆင့် လေသင်္ဘောပေါင်း

တစ်ဒါ၉င်ကျော်က လေထဲတွင် ပျံဝဲနေသောကြောင့် နေလုံးကြီးကိုပင် ဖုံးအုပ်သွား၏ ။

ထိုနေရာတွင် ရှိနေသော မီဒီယာမှ သတင်းထောက်များကလည်း ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်ကြသည် ။

လေသင်္ဘော (၁၂) စင်းသည် တစ်စင်းပြီးတစ်စင်း ပျံတက်လာပြီးနောက် ပိုမို ကြီးမားသော အနက်ရောင် လေသင်္ဘောကြီး ပျံတက်လာသည်။ ထိုလေသင်္ဘောကြီး ပျံတက်လာသည်ကို မြင်သောအခါ မရေမတွက်နိုင်သည့် လူများသည်

အောက်မေးရိုးများ ပြုတ်ကျပြီး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ထိုအရာသည် အနည်းဆုံး မီတာငါးသောင်းကျော် ရှည်ပြီး ကမ္ဘာမြေမှ အကြီးဆုံး မြို့ကြီးတစ်မြို့၏ အရွယ်အစားနီးပါး ရှိနေသောကြောင့်ပင် ။

မင်းဆက်မှ လူအများစုသည် ဒီ လေသင်္ဘောအကြောင်း ကြားဖူးသော်လည်း ယခုမှ ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည် ။

“ ဟာ... ဒါ ဒဏ္ဍာရီလာ ကြယ်တိုင်တန်ကြီးပဲ...”

“ ကြယ်တိုင်တန်က တိုက်ကြီးတစ်ခုလုံးမှာ သုံးစီးပဲရှိတဲ့ နတ်ဘုရားအဆင့် လေသဘော်ဘတွေထဲက တစ်စီးပဲ ။ ဒီနေ့ မြင်နေရတဲ့ မြင်ကွင်းက ငါ့ မျက်လုံးကိုတောင် မယုံနိုင်သေးဘူး ”

“ ဒီလေသဘော်ဘက ဒီကုန်းမြေကြီး တစ်ခုလုံးမှာ အထွတ်အထိပ် ရတနာအဖြစ် သတ်မှတ် ခံထားရတယ်လို့ ငါ ကြားဖူးတယ် ။ ပင်မအမြောက်က အတုယောင်နတ်ဘုရားကို တစ်ချက်တည်းနဲ့ အသေ ပစ်သတ်နိုင်တယ်လို့ ပြောကြတာပဲ ...”

လူတိုင်း၏ မျက်လုံးသည် ကြီးမားသော လေသင်္ဘောကြီးပေါ်သို့ ရောက်နေကြ၏ ။ ဒါသည် မင်းဆက်မှ စုဆောင်းထားသော အထွတ်အထိပ် အမြင့်မြတ်ဆုံး ရတနာ ဖြစ်သည်။ တိုက်ကြီးတစ်ခုလုံးတွင် အဆင့်တူ လေသင်္ဘော သုံးစင်းသာ ရှိသည် ။

ကြယ်တိုင်တန် လေသင်္ဘောသည် လေထဲ မြင့်တက်လာပြီးနောက် နတ်ဘုရားတစ်ပိုင်း အဆင့် လေသင်္ဘော (၁၂) စီးနှင့်အတူ ပျံဝဲနေ၏။ ထောင်ပေါင်းများစွာသော အမြောက်များကို

ဖြန့်ကျက်ထားပြီး တိုက်ခိုက်ရေး အခြေအနေကို အသင့် ပြင်ဆင်ထားသည်။

မရေမတွက်နိုင်သော သတင်း မီဒီယာ သတင်းထောက်များကလည်း ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်နေကြ၏။ နှစ်ပေါင်းများစွာ အတွင်းတွင် ကြယ်တိုင်တန် လေသင်္ဘောကြီးက လူမြင်ကွင်းသို့ ပထမဦးဆုံးအကြိမ် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရင်ပြင် အပြင်ဘက်တွင် စောင့်ကြည့်နေကြသော အဖွဲ့အစည်းများကလည်း ထူးထူးဆန်းဆန်း တစ်ခုခု

ဖြစ်ပျက်နေပြီ ဖြစ်ကြောင်း သဘော ပေါက်လိုက်ကြသည် ။

တိုင်တန်ကြီးသည် လေထဲ ပျံတက်လာပြီးနောက် ညနက်သန်းခေါင်ယံ မိခင် သင်္ဘောလေးစင်း ကြားတွင် နတ်ဘုရား တစ်ပိုင်းအဆင့် လေသင်္ဘော (၁၂) စင်းကို စုပေါင်း၍ အချင်း (၂၄) ကီလိုမီတာထက် ပိုကြီးသော စင်မြင့်ကြီးတစ်ခုကို ဖွဲ့စည်းလိုက်သည်။

ထိုအချိန်တွင် ကျန်သည့် လေသင်္ဘောများက ညနက်သန်းခေါင်ယံ မိခင်လေသင်္ဘောမှ ကီလိုမီတာ

အနည်းငယ် ဝေးကွာအောင် နောက်ပြန်ဆုတ်သွားကြသည်။

သူတို့သည် စင်မြင့်ကို မတူညီသော နေရာ (၈) ခုမှ ဝိုင်းရံထားပြီး အမြောက်တစ်သိန်းအထိ ဖြန့်ကျက် ထား၏။ သူတို့ကလည်း ကြယ်တိုင်တန်ကဲ့သို့ တိုက်ခိုက်ရေး အခြေအနေတွင် အသင့် ရှိနေကြသည်။

လေသဘော်ဘများ နေရာချပြီးသည့် အချိန်တွင် ကြယ်တိုင်တန် သဘော်ကြီးပေါ်မှ အသံတစ်ခု ဗုံမဆင့် ဆိုင်းမဆင့် ထွက်ပေါ်လာသည်။

“ မင်းဆက် အဖွဲ့ဝင်အားလုံး... အခုပဲ စင်မြင့်ပေါ် တက်လို့ရပြီ... သာလွန်အဆင့် မဟုတ်တဲ့ အဖွဲ့ဝင်များက ရင်ပြင်အလယ်မှာ ရပ်စောင့်ပြီး လေသင်္ဘော လာခေါ်မယ့်အချိန်ကို စောင့်ပါ... မီဒီယာ မိတ်ဆွေများကတော့ စင်ပေါ်ကို ကျေးဇူးပြုပြီး မတက်ပါနဲ့... မင်းဆက်အဖွဲ့ဝင်တွေ စာရင်းသွင်းပြီးတဲ့ အချိန်မှပဲ လေသင်္ဘော စင်မြင့်ပေါ်ကို မင်းတို့တွေ တက်လို့ရမယ်....”

အသံ ထွက်ပေါ်လာပြီးနောက် သာလွန်အဆင့် အဖွဲ့ဝင် တစ်သောင်းကျော်သည် လေသင်္ဘော

စင်မြင့်ပေါ်သို့ ပျံတက်သွားကြသည်။ ထိုအချိန်တွင် ကျန်သည့် အဖွဲ့ဝင် ထောင်ပေါင်းများစွာက ရင်ပြင်အလယ်တွင် သူတို့အား လာခေါ်မည့်အချိန်ကို စိတ်ရှည်ရှည် စောင့်ဆိုင်းနေကြ၏ ။

ခဏအကြာ ကြယ်သဘော်ပေါ်မှ အလင်းစက်ကွင်းကြီး ပေါ်လာပြီး ရင်ပြင်အလယ်တွင် ရပ်နေသောလူများကို ဖုံးအုပ်သွားသည် ။ ထို့နောက် ထိုစက်ကွင်းကြီးသည် အလင်းအရောင် တောက်ပလာပြီး လွှမ်းခြုံထားသော လူများကို ဖုံးအုပ်သွား၏ ။ ထိုအလင်းရောင် အောက်တွင်

လူများသည် ကောင်းကင်ပေါ်သို့ မြောက်တက်သွားကြသည်။

ငါးစက္ကန့်မပြည့်ခင် အချိန်မှာပင် ရင်ပြင်ပေါ်ရှိ လူတိုင်းသည် ကြယ်တိုင်တန်ကြီးပေါ် ရောက်ရှိသွားကြသည်။

ခဏအကြာ ကြယ်တိုင်တန်ပေါ်မှ အလင်းရောင်တစ်ခု တောက်ပလာပြီး ညနက်သန်းခေါင်ယံ မိခင်သင်္ဘောလေးခုနှင့် ဖွဲ့စည်းထားသော စင်မြင့်ပေါ်သို့ မီးမောင်းထိုးလိုက်သည်။

လူများက စင်မြင့်ပေါ်သို့ တစ်ယောက်ပြီး တစ်ယောက် ရောက်လာသည့် အချိန်တွင် အလင်းရောင်က နောက်တစ်ကြိမ် လင်းထိန်သွားသည်။

လူတိုင်းသည် စင်မြင့်ပေါ်သို့ ရောက်သောအခါ စိတ်လှုပ်ရှား နေကြ၏ ။

“ ကြယ်တိုင်တန်ကြီးကို စီးနေရတာ မယုံနိုင်စရာပဲ”

“ ငါ့ဘဝမှာ နတ်ဘုရားအဆင့် လေသဘော်ကို စီးဖူးတာ ပထမဦးဆုံးပဲ... ငါ အပျော်က မိုးကျော်သွားပြီ... ”

“ ဖြစ်သင့်တယ်... မင်းတို့ တစ်ဘဝလုံးမှာ ဒီအခွင့်အရေး တစ်ကြိမ်ပဲ ရမှာ ”

“ ငါ့ဘဝမှာ ဒီ အခိုက်အတန့်လေးက အမြင့်ဆုံးပဲ... ဒီအဖြစ်အပျက်ကို သေရင်တောင် မေ့နိုင်မယ် မထင်ဘူး....”

.....

“ အဖွဲ့ခွဲတစ်ခုစီက ဌာနခွဲရဲ့ မြို့စားများ... မင်းတို့ရဲ့ အဖွဲ့ဝင်တွေကို ဘေးကင်းရေးဇုန် ကုဒ်အတိုင်း၊ ဌာနခွဲအလိုက် တန်းစီကြပါ...”

ကြယ်တိုင်တန်ကြီးပေါ်မှ အမိန့် သစ်ထွက်လာပြီးနောက် စင်ပေါ်ရှိ လူတိုင်းသည် သူတို့၏အဖွဲ့ဝင်များကို စတင် ရှာဖွေကြသည်။ မကြာခင် သူတို့ မြို့စားကြီးများ၏ ဦးဆောင်မှု အောက်တွင် လေးထောင့်ပုံစံ စုဖွဲ့လိုက်ကြ၏ ။

စင်ပေါ်တွင် လူတိုင်း အလုပ်ရှုပ်နေသည့် အချိန်၌ နတ်ဘုရားအဆင့် နန်းတော်လေးခုက လေထဲသို့

ဖြည်းဖြည်းချင်း မြောက်တက် လာသည်။ ထိုနန်းတော်များသည် ကြယ်တိုင်တန်နှင့် နတ်ဘုရားတစ်ဆင့် လေသင်္ဘော (၁၂) စင်းကြားတွင် မျဉ်းဖြောင့်အတိုင်း ပျံသန်းနေသည်။ တစ်ခုနှင့် တစ်ခုကြားတွင် သုံးကီလိုမီတာ ခြားထားသည်။

နတ်ဘုရား တစ်ပိုင်းအဆင့် နန်းတော်လေးခုက နေရာယူပြီးနောက် ပို၍ ကြီးကျယ်ခမ်းနားသော ဧကရာဇ် နန်းတော်ကြီးက လေထဲသို့ ဖြည်းဖြည်းချင်း ပျံတက်လာသည်။ ထို့နောက် နတ်ဘုရား

တစ်ပိုင်းအဆင့် နန်းတော်လေးခု အလယ်ရှိ လွတ်နေသော နေရာတွင် ဆင်းသက်လိုက်၏ ။

မင်းဆက်အဖွဲ့ဝင် တော်တော် များများသည် ကြီးကျယ်ခမ်းနားသော ဇကရာဇ် နန်းတော်ကြီးက လေထဲမှ ဆင်းသက်လာသည်ကို မျက်မြင်တွေ့လိုက်သောအခါ စိတ်လှုပ်ရှား နေကြသည်။ ခံစားချက်များ ပြင်းထန်နေ သောကြောင့် အစောပိုင်းက ကြယ်တိုင်တန်ကြီးကို မြင်ရသည်ထက်ပင် ပို၍ စိတ်လှုပ်ရှား နေကြသည်။

ထိုအချိန်တွင် သတင်းမီဒီယာ သတင်းထောက်များက ဧကရာဇ်တစ်ပါး အမှန်တကယ် မွေးဖွားလာပြီ ဖြစ်ကြောင်း အတည်ပြုလိုက်ကြသည် ။